# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

အတွဲ (၅၄)
အမှတ် (၂၄)

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၂ ရက်

၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်၊ သောကြာနေ့။


အရိယ သစ္စာန ဒဿနံ
တေံမင်္ဂလ မုတ္တမံ
သစ္စာလေးပါးကိုသိခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

# စိန်ခေါ်မှုများကိုဖြေရှင်းရန် ကုလသမဂ္ဂ၏ဦးဆောင်မှုအောက်တွင် စည်းလုံးညီညွတ်စွာ ရပ်တည်သွားရမည်ဖြစ်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတဦးသိန်းစိန်၏ (၆၉)ကြိမ်မြောက် ကုလသမဂ္ဂနေ့အထိမ်းအမှတ် သဝဏ်လွှာ**
**(နေပြည်တော်၊ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)**

ယနေ့အခါသမယသည် ကုလသမဂ္ဂအဖွဲ့အစည်းကြီးအား တည်ထောင်ခဲ့သည့် (၆၉)ကြိမ်မြောက် နှစ်ပတ်လည်နေ့ ဖြစ်ပါသည်။ ထို့အတွက် ကျွန်ုပ်တို့အနေဖြင့် ဤကဲ့သို့ ထူးမြတ်အရေးပါလှသော နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားအား အခြားသော ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပါဝင်လက်တွဲလျက် ဆင်နွှဲကျင်းပခြင်းဖြစ်ပါသည်။ ယခုလို အခါသမယမျိုးတွင် ပိုမိုကောင်းမွန် သာယာဝပြောသော ငြိမ်းချမ်းသောကမ္ဘာကြီးဖြစ်ပေါ်လာစေရေးအတွက်ကျွန်ုပ်တို့၏ သန္နိဋ္ဌာန်ချမှတ်ထားမှုနှင့် ကြိုးပမ်းအားထုတ်မှုများကို အသစ်တစ်ဖန်ဆောင်ရွက်သွားကြရန် လိုအပ်ပါသည်။ ယင်းလိုအပ်ချက်နှင့်အညီ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့သည် အဓိကကျသော ကမ္ဘာ့အဖွဲ့အစည်းကြီးအဖြစ် ဆက်လက်တည်ရှိနေခြင်းဖြစ်ပါသည်။

ယနေ့အချိန်အခါတွင် ကျွန်ုပ်တို့သည် ရာသီဥတုပြောင်းလဲမှု၊ အကြမ်းဖက်မှုကဲ့သို့အရေးတကြီးစိန်ခေါ်မှုများကို ရင်ဆိုင်နေရပြီး လူမှုဘဝအားလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်းဆောင်ရွက်နေရလျက်ရှိပါသည်။ ထိုစိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းပေးနိုင်ရန် ကုလသမဂ္ဂအဖွဲ့ကြီးသည် ပဓာနကျ၍ မရှိမဖြစ် လိုအပ်လျက်ရှိပါသည်။ အီဘိုလာရောဂါကူးစက်ပြန့်ပွားမှုအား တားဆီးထိန်းချုပ်နိုင်ရန် ပြင်ဆင်စည်းရုံး ဆောင်ရွက်နိုင်ခြင်းသည် ကမ္ဘာကြီး၏ လိုအင်များအား တုံ့ပြန်နိုင်စွမ်းရှိသည့် ကုလသမဂ္ဂအဖွဲ့ကြီး၏ စွမ်းပကားကို

*စာမျက်နှာ ၃ ကော်လံ ၁* ●

# မန္တလေးမြို့တည်နန်းတည် သတ္တ(၇)ဌာန ပြုပြင်မွမ်းမံတည်ဆောက်မှု ၉၅ ရာခိုင်နှုန်းပြီးစီး

**သတင်း**
**ဇင်ဦး(မြန်မာ့အလင်း)**
**ဓာတ်ပုံ-အောင်ပိုင်**



သုဓမ္မာကျောင်းတော်ကြီး။

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေးမြို့တည်နန်းတည် သတ္တ(၇)ဌာနအနက် ပျက်စီးယိုယွင်းသွားသော ပိဋကတ်တိုက်တော်ကြီး၊ မဟာပဌာန်းဟောရွှေသိမ်တော်ကြီး၊သုဓမ္မာဇရပ်တော်ကြီးနှင့် သုဓမ္မာကျောင်းတော်ကြီးတို့ကို ၂၀၁၃ခုနှစ် မေလ၂၄ ရက်နေ့မှစတင်ပြီး အုတ်မြစ်တော်စီအခမ်းအနားကျင်းပ၍ ရှေးမူမပျက် ပြုပြင်မွမ်းမံတည်ဆောက်ခဲ့ရာ ယခုအခါ ၉၅ ရာခိုင်နှုန်းထိပြီးစီးနေပြီဖြစ်သည်။

အလှူရှင် ဒေါက်တာဦးကျော်ဝင်း - သုဓမ္မသီရိဒေါ်မြင့်မြင့်သန်း (မန်းမြေရာဇာကုမ္ပဏီ လီမိတက်မိသားစု)တို့က ပျက်စီးယိုယွင်းသွားသော မြို့တည်နန်းတည် သတ္တ(၄)ဌာနအား ပြုပြင်မွမ်းမံတည်ဆောက်မှုများအပြင် အကျယ်ပေ (၄၀×၆၀) ရှိ

*စာမျက်နှာ ၈ ကော်လံ ၁* ✳

# တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေး၊ ထာဝရငြိမ်းချမ်းရေး အမြန်ဆုံးတည်ဆောက်နိုင်ရေး အပြုသဘောဆောင်ပြီး ရင်းနှီးစွာဆွေးနွေး

သတင်း၊ စာမျက်နှာ ➤ ၉

## နိုင်ငံတကာ

**ကနေဒါပါလီမန်တိုက်ခိုက်ခံရ၊ စစ်အထိမ်းအမှတ်အဆောက်အအုံနားတွင် အစောင့်တစ်ဦး ပစ်ခတ်ခံရ**

စာမျက်နှာ ❖ ၄

## ဆောင်းပါး

**အာဆီယံစီးပွားရေး အသိုက်အဝန်းအတွက် အရှိန်မြင့်လာသည့် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှု**

စာမျက်နှာ ❖ ၆

## အားကစား

**ပွဲပြီးရန် နှစ်မိနစ်အလို ချေပဂိုးများသွင်းပြီး အာဆင်နယ်နိုင်**

စာမျက်နှာ ❖ ၁၃




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# တိုးတက်မှုများနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး

ကျွန်ုပ်တို့နိုင်ငံတစ်ဝန်း လမ်း၊ တံတား၊ ဆေးရုံ၊ ကျောင်း၊ လျှပ်စစ်မီးလင်းရေး၊ ရေရရှိရေး စသော အခြေခံအဆောက်အအုံများ တိုးမြှင့်တည်ဆောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်းတို့ကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။ ဤသို့ ဆောင်ရွက်ရာတွင် ပြည်သူ့ဘဏ္ဍာငွေများကို နှစ်အလိုက် စနစ်တကျ စီမံခန့်ခွဲသုံးစွဲကြရပါသည်။ ထိုသို့ ဘဏ္ဍာငွေများခွဲဝေသုံးစွဲရာတွင် မလုံလောက်သည့်အခါ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကို ပြဋ္ဌာန်းလျက် ဖြည့်စွက်ခွင့်ပြုငွေများ ဖြည့်ဆည်းပေးရပါသည်။

ဖြည့်စွက်ခွင့်ပြုငွေဆိုသည်မှာ အသုံးစရိတ်တစ်ရပ်အတွက် မူလခွဲဝေချထားငွေ မလုံလောက်ခြင်းကြောင့် လည်းကောင်း၊ အခြားငွေစာရင်းခေါင်းစဉ်တစ်ခုခုမှ လွှဲပြောင်းသုံးစွဲရန် ပိုလျှံငွေ လုံးဝမရှိခြင်းကြောင့်လည်းကောင်း၊ သို့တည်းမဟုတ် မူလခွဲဝေလျာထားချက်တွင် ပါဝင်မှုမရှိခြင်းကြောင့်လည်းကောင်း၊ ဘဏ္ဍာရေးနှစ်အတွင်း မဖြစ်မနေသုံးစွဲရမည့်ကိစ္စရပ်အတွက် နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေဖြင့် ထပ်မံသတ်မှတ်ပေးသည့် ခွင့်ပြုငွေဖြစ်ပါသည်။ ယခု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်သည် ပထမခြောက်လကုန်ဆုံးတော့မည်ဖြစ်ပါသည်။ ဒုတိယခြောက်လအတွင်း မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် ခွင့်ပြုငွေများ လွှတ်တော်၌ အတည်ပြုပြဋ္ဌာန်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုအဆင့်ဌာန အဖွဲ့အစည်းများမှ ဖြည့်စွက်ခွင့်ပြုငွေတောင်းခံမှုမှာ ငွေကျပ် ၂၀၃၂ ဒသမ ၆၄၇ ဘီလီယံဖြစ်ပြီး တိုင်းဒေသကြီး /ပြည်နယ်အဆင့် ဌာနအဖွဲ့အစည်းများမှ ဖြည့်စွက် ခွင့်ပြုငွေတောင်းခံမှုမှာ ငွေကျပ် ၂၀၂ ဒသမ ၈၁၇ ဘီလီယံဖြစ်ပါသည်။

နိုင်ငံတော်၏ လိုငွေမှာ မူလခန့်မှန်းခြေတွင် ငွေကျပ် ၂၇၅၃ ဒသမ ၀၀၉ ဘီလီယံဖြစ်ပြီး ယခုစာရင်းအရ လိုငွေမှာ ငွေကျပ် ၂၅၈၁ ဒသမ ၇၀၂ ဘီလီယံဖြစ်ပြီး ငွေကျပ် ၁၇၁ ဒသမ ၃၀၇ ဘီလီယံ လျော့နည်းခဲ့ကြောင်း သိရသည်။ လိုငွေနှင့် ဂျီဒီပီအချိုးမှာလည်း မူလက ၄ ဒသမ ၁၆ ရာခိုင်နှုန်းဖြစ်သော်လည်း လက်ရှိစာရင်းအရ ၃ ဒသမ ၉၀ ရာခိုင်နှုန်းဖြစ်ပါသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ မူလက ထောက်ပံ့ပေးရသည့်ငွေကျပ် ၁၄၂၁ ဒသမ ၇၃၇ ဘီလီယံဖြစ်ပြီး ယခုထပ်မံ ထောက်ပံ့ရမည့်ငွေကျပ် ၁၀၂ ဒသမ ၆၅၄ ဘီလီယံဖြစ်ကြောင်း သိရသည်။

ကျွန်ုပ်တို့နိုင်ငံသည် လိုငွေများရှိနေခြင်းမှာ အစစအရာရာ ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေရခြင်းကြောင့်ဖြစ်ပါသည်။ အခြေခံအဆောက်အအုံများ ထူထောင်မှု ဖြည့်ဆည်းပေးလာနိုင်သည်နှင့်အမျှ တိုးတက်ပြောင်းလဲမှုများကို ပြည်သူတစ်ရပ်လုံး ခံစားလာနိုင်မည်ဖြစ်သကဲ့သို့ လိုငွေများလည်း လျော့နည်းလာနိုင်မည်ဖြစ်ပါသည်။

ဤကဲ့သို့ ဘဏ္ဍာငွေများကို စနစ်တကျခွဲဝေသုံးစွဲခြင်းဖြင့် တိုးတက်ပြီးဒေသများ စနစ်တကျဖွံ့ဖြိုးလာ မည်ဖြစ်သကဲ့သို့ မတိုးတက်သေးသောဒေသများလည်း အချိုးညီမျှတစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။ သို့ရာတွင် တိုးတက်မှုဟူသည် ချက်ချင်းလက်ငင်းဆောင်ရွက်နိုင်သည်များရှိသလို ရေတိုရေရှည် စီမံကိန်းများဖြင့် ဆောင်ရွက်ရသည်များလည်းရှိပါသည်။ သို့ပါ၍ ဒေသတစ်ခုချင်းစီသည် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ နှစ်အလိုက်ဖွံ့ဖြိုးတိုးတက်မှုများ ရရှိလာမည်ဖြစ်ပါကြောင်း။ ။

## ပြည်တွင်းသတင်း

# စပ်မျိုးစပါးမျိုးစေ့များခေတ်မီသန့်စင်စက်၊ ထုပ်ပိုးစက်၊ အအေးခန်းသိုလှောင်ရုံစနစ် အဆောက်အအုံများတည်ဆောက်မည်

**နေပြည်တော် အောက်တိုဘာ ၂၃**

နေပြည်တော် ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကျားကူးအနောက်ကျေးရွာအနီး ပုလဲသွယ်စပ်မျိုးစပါး F-1 မျိုးစေ့ထုတ် တစ်ဆက်တစ်စပ်တည်း ဧက ၁၀၀ စိုက်ကွင်းသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် အောက်တိုဘာ ၂၂ ရက် နံနက် ၇ နာရီက ရောက်ရှိပြီး မျိုးစေ့ထုတ်စိုက်ကွင်းများအတွင်း မျိုးစေ့ထုတ်စိုက်ပျိုးရေး ပညာရှင်များနှင့်တွေ့ဆုံ၍ စပ်မျိုးစပါးမျိုးကောင်းမျိုးသန့်မျိုးစေ့များကို လာမည့်နွေစပါးရာသီ အချိန်မီစိုက်ပျိုးလိုကြသော တောင်သူလယ်သမားများလက်ဝယ်သို့အရောက် ဖြန့်ဖြူးပေးနိုင်ရေးအတွက် တာဝန်ရှိသူများကို မှာကြားသည်။

ထို့နောက် စိုက်ကွင်းအနီး ထွက်ရှိလာမည့် စပ်မျိုးစပါးမျိုးစေ့များကို ခေတ်မီ မျိုးစေ့သန့်စင်စက်၊ ခေတ်မီထုပ်ပိုးစက်၊ ခေတ်မီအအေးခန်းစနစ်များဖြင့် ထိန်းသိမ်းထားသိုပြီး စိုက်ပျိုးလိုသည့် တောင်သူလယ်သမားများလက်ဝယ် သို့ ခေတ်မီအအေးခန်းကားများဖြင့် သယ်ပို့ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်သွားမည့် အစီအမံနှင့် စီမံကိန်းအဆောက်အအုံများ ဆောက်လုပ်မည့်မြေနေရာတွင် စိုက်ပျိုးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက အရည်အသွေးအားဖြင့် ရာနှုန်းပြည့်အာမခံနိုင်သော မျိုးစေ့ထုတ်လုပ်ငန်းကြီးများ၊ မျိုးစေ့ထုတ်ကုမ္ပဏီများ ပုဂ္ဂလိက အခန်းကဏ္ဍမှ ရင်းနှီးမြှုပ်နှံပေါ်ထွက်လာရေးအတွက် အားပေးကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ ရွှေ့ပြေးဝန်ကြီးဌာနအနေဖြင့် ဦးဆောင်ပြီး အကောင်အထည်ဖော်ရန် လိုအပ်သော ခေတ်မီမျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးနိုင်ရေး စီမံကိန်းလုပ်ငန်းများကို နိုင်ငံတကာ စံချိန်စံညွှန်း ကိုက်ညီစွာဖြင့် ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ဂျပန်နှင့်ကိုရီးယားမူရင်းမျိုး မျိုးသန့်မျိုးပွား ပိန်းဥစိုက်ခင်းနှင့် ရင့်မှည့်အောင်မြင်နေကာ ရိတ်သိမ်းရန်အသင့်ဖြစ်နေသော ပုလဲသွယ် မိုးစပါးစိုက်ခင်းများကို ကြည့်ရှုအားပေးသည်။

ထို့နောက် စက်စက်ယို ဆည်ရေသောက် ဧက ၉၀၀ စိုက်ကွင်းသို့ ရောက်ရှိပြီး နှစ်ရှည်သီးနှံပင် ကျွဲကော၊ ပိန္နဲစိုက် ကွင်းတွင် ဂျပန်မူရင်းမျိုး ရွှေဝါကန်စွန်းဥ၊ ငချိတ်ကန်စွန်းဥ၊ သီးညှပ်စိုက်ခင်းသို့ ရောက်ရှိပြီး နှစ်ရှည် သီးနှံများအကြား သုံးလသားသက်တမ်းအရွယ်ရှိ ကန်စွန်းခင်းများဖြစ်ထွန်း အောင်မြင်နေမှုများကို စစ်ဆေးကြည့်ရှုပြီး မျိုးကောင်းမျိုးသန့် ကန်စွန်းပင်များကို စိုက်ပျိုးလိုကြသော တောင်သူများကို တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မျိုးနှင့်စိုက်နည်းစနစ်များ ဖြန့်ဖြူးပေးသွားရန် တာဝန်ရှိသူများကို မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စက်စက်ယိုဆည်ရေသောက်စနစ် တစ်ကွင်းတစ်ဆက်တည်း ဧက ၉၀၀ စိုက်ကွင်းသို့ရောက်ရှိပြီး ကျေးရွာတစ်ရွာ ထုတ်ကုန်တစ်မျိုးစနစ်ဖြင့် စိုက်ပျိုးထားရှိသော သင်္ဘောသီးစိုက်ခင်း၊ နာနတ်သီးစိုက်ခင်း၊ စင်တင်ဘူးသီးနှံစိုက်ခင်း၊ ငရုတ်သီးနှံစိုက်ခင်းများကိုလည်းကောင်း၊ တစ်ဧက ပိဿာ ၁၀၀၀ ကျော်ထွက်ရှိမည့် ငွေချည်(၈)နှင့် ရွှေတောင်(၉) ချည်မျှင်ရှည်ဝါစိုက်ခင်းကိုလည်းကောင်းစစ်ဆေးကြည့်ရှုသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ KOICA ၏ အစီအစဉ်ဖြင့် မြေဆီစမ်းသပ်ခြင်းနှင့် ခေတ်မီစိုက်နည်းစနစ်များ သုတေသနပြုဆောင်ရွက်လျက်ရှိသော စိုက်ကွင်းသို့ရောက်ရှိပြီး အဏုဇီဝ မြေဆီမြေဩဇာ စမ်းသပ်သုတေသနပြုလုပ်နေမှုနှင့် သီးနှံအမယ်များရွေးချယ်၍ သုတေသန စိုက်ပျိုးရန် ပြင်ဆင်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးပြီး သုတေသနပညာရှင် Dr.Hyun Seok Lee အား ဂုဏ်ပြုလက်ဆောင်များပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား သုံးခရိုင်စားပွဲတင်တင်းနစ်ပြိုင်

**ထားဝယ် အောက်တိုဘာ ၂၃**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား သုံးခရိုင်စားပွဲတင် တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရွှေဝယ်သီရိအားကစားကွင်း စားပွဲတင်တင်းနစ်ကလပ်၌ ကျင်းပရာ ဗိုလ်လုပွဲအဖြစ် မြိတ်ခရိုင်(က) အသင်းနှင့် ထားဝယ်ခရိုင် (က)အသင်းတို့ ယှဉ်ပြိုင်ကစားရာ မြိတ်ခရိုင် (က)အသင်းက သုံးပွဲပြတ်ဖြင့် အနိုင်ရရှိသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲကျင်းပရာ အဆိုပါပြိုင်ပွဲတွင် ပထမဆုရရှိသော မြိတ်ခရိုင် (က)အသင်း၊ ဒုတိယဆုရရှိသော ထားဝယ်ခရိုင် (က)အသင်း၊ တတိယဆုရရှိသော ထားဝယ်ခရိုင်(ခ) အသင်းတို့ကို တစ်ဦးချင်းဆုတံဆိပ်များနှင့် ငွေသားဆုများကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်က ပေးအပ်ချီးမြှင့်ပြီး ပထမဆုရရှိသော မြိတ်ခရိုင်(က) အသင်းကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်ခဲ့သည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**



## ပြည်တွင်းသတင်း

● ရှေ့ဖုံးမှ

သက်သေပြသလိုက်ခြင်းပင်ဖြစ်ပါသည်။

ကမ္ဘာကြီးတစ်ခုလုံးကို ခြိမ်းခြောက်လျက်ရှိသည့် စိန်ခေါ်မှုများအားလုံးကို ရင်ဆိုင်ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ကုလသမဂ္ဂအဖွဲ့ကြီး၏ဦးဆောင်မှုအောက်တွင် စည်းလုံးညီညွတ်စွာ ရပ်တည်သွားကြရမည်ဖြစ်ပါသည်။ ကုလသမဂ္ဂအဖွဲ့ကြီး၏ ပဋိညာဉ်စာတမ်းပါ အခြေခံမူများသည် လက်မှတ်ရေးထိုးအတည်ပြုခဲ့သည့်နေ့ရက်မှစ၍ ဆက်လက်ခိုင်မာစွာ တည်ရှိနေပါသည်။ ကမ္ဘာသူကမ္ဘာသားများအတွက် ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေး၊ တရားမျှတမှုနှင့် စီးပွားရေးနှင့် လူမှုရေး တိုးတက်မှုဟူသည့် အဓိကရည်မှန်းချက်များကိုရရှိနိုင်ရေးအတွက် ကျွန်ုပ်တို့အားလုံး အတူတကွ ပူးပေါင်းပါဝင်ကြသည့် ကမ္ဘာလုံးဆိုင်ရာအဖွဲ့အစည်းတစ်ရပ်အဖြစ် ယခင်ကထက် ပိုမိုလိုအပ်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ကြီး၏ အလှည့်ကျဥက္ကဋ္ဌအနေဖြင့် ဆောင်ရွက်လျက်ရှိသည်နှင့်အညီ ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် "အလုံးစုံ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှု ပူးတွဲကြေညာစာတမ်း" အကောင်အထည်ဖော်မှုမှတစ်ဆင့် အာဆီယံနှင့်ကုလသမဂ္ဂတို့အကြား ပူးပေါင်းဆောင်ရွက်မှုကို မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုပါသည်။ အာဆီယံပြည်သူများအတွက် ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ တိုးချဲ့နိုင်စေရေးနှင့် ပိုမိုအားကောင်းလာစေရေးအတွက် ဆောင်ကြဉ်းပေးသွားရန် ကုလသမဂ္ဂအဖွဲ့ကြီးအားလည်း မြန်မာနိုင်ငံအနေဖြင့် အားပေးတိုက်တွန်းအပ်ပါသည်။

**ကုလသမဂ္ဂအဖွဲ့ကြီးနှင့် လက်အောက်ခံအဖွဲ့အစည်းများ၏ မြန်မာနိုင်ငံအပေါ် ပိုမိုနားလည်မှုရှိလာခြင်းနှင့် ပိုမိုအလေးထားလာခြင်းတို့ကို ကျွန်ုပ်တို့အနေဖြင့် အသိအမှတ်ပြုကြိုဆို**

မြန်မာနိုင်ငံသည် နိုင်ငံတွင်း လက်ရှိပြုပြင်ပြောင်းလဲမှုများကို လမ်းကြောင်းမှန်အတိုင်း ထိန်းသိမ်းသွားနိုင်ရန် ဆုံးဖြတ်ထားပြီး ဖြစ်ပါသည်။ နိုင်ငံတော်၏ နိုင်ငံရေးတည်ငြိမ်မှုနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးတို့ရရှိစေရန် ဆောင်ရွက်ခြင်းဖြင့် အဆိုပါရည်မှန်းချက်အောင်မြင်မှုရစေမည်ဖြစ်ပါသည်။ ကုလသမဂ္ဂအဖွဲ့ကြီး၏ စဉ်ဆက်မပြတ် အားပေးထောက်ခံမှုများသည် အဆိုပါလုပ်ငန်းစဉ်အတွက် အရေးပါသည့်အခန်းကဏ္ဍမှ ဆက်လက်ပါဝင်လျက်ရှိပါသည်။

ကုလသမဂ္ဂအဖွဲ့ကြီးနှင့် လက်အောက်ခံအဖွဲ့အစည်းများ၏ မြန်မာနိုင်ငံအပေါ် ပိုမိုနားလည်မှုရှိလာခြင်းနှင့် ပိုမိုအလေးထားလာခြင်းတို့ကို ကျွန်ုပ်တို့အနေဖြင့် အသိအမှတ်ပြုကြိုဆိုပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံနှင့် ပြည်သူပြည်သားများကိုယ်စား ကျွန်ုပ်အနေဖြင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်၌ နောက်ကြောင်းပြန်မလှည့်သော ပြောင်းလဲမှုများကို အစဉ်တစိုက် ထောက်ခံအားပေးမှုအတွက် ကုလသမဂ္ဂအဖွဲ့အစည်းကြီးအား ကျေးဇူးဥပကာရတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ယခုကဲ့သို့ ထူးမြတ်သောအခါသမယတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းနှင့်အတူတကွ လက်တွဲလျက်ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏တာဝန်ဝတ္တရားများကို ဆက်လက်ထမ်းဆောင်သွားမည်ဆိုသည့် ကတိကဝတ်အား ထပ်လောင်းအတည်ပြုအပ်ပါသည်။

# ကမ္ဘာ့လူသားများကို ကတိကဝတ်ပြုသည့်တစ်ခုတည်းသောအဖွဲ့အစည်းအဖြစ် ကုလသမဂ္ဂကိုတည်ထောင်ခဲ့

### ကုလသမဂ္ဂအတွင်းရေးမှူးချုပ်မှပေးပို့သည့် ကုလသမဂ္ဂနေ့အထိမ်းအမှတ်သဝဏ်လွှာ

(၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်)

ပြဿနာရပ်ပေါင်းများစွာဖြင့် ပြည့်နှက်နေသည့် ယနေ့အချိန်အခါကာလအတွက် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းသည် ယခင်ကထက် ပိုမိုလိုအပ်လျက်ရှိပါသည်။ ဆင်းရဲမွဲတေမှု၊ ရောဂါဘယထူပြောမှု၊ အကြမ်းဖက်မှု၊ ခွဲခြားဆက်ဆံမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့မှာ ဒုနဲ့ဒေးများပြားလျက်ရှိသည့်အတွက် သန်းပေါင်းများစွာသော ပြည်သူများသည် အကြွေးဖြင့်စေခိုင်းခံရမှု၊ လူကုန်ကူးမှု၊ လိင်ပိုင်းဆိုင်ရာကျေးကျွန်ပြုမှု(သို့မဟုတ်) စက်ရုံအလုပ်ရုံများ၊ လယ်ယာမြေများနှင့် သတ္တုတွင်းများ၌ လုံခြုံစိတ်ချမှုမရှိသည့်အခြေအနေများ စသည့် လက်မခံနိုင်ဖွယ်ရာ အမြတ်ထုတ်မှုများကိုလည်း ဆက်လက်ခံစားနေကြရပါသည်။ ကမ္ဘာ့စီးပွားရေးသည်လည်း ပုံသဏ္ဌာန်မမှန်သော ကစားကွင်းတစ်ခုအနေနှင့် ဆက်လက်တည်ရှိလျက်ရှိပါသည်။

လူသားများ၏ ဂုဏ်သိက္ခာစော်ကားခံရခြင်းကို အဆုံးသတ်စေရန်နှင့် ပိုမိုကောင်းမွန်သော အနာဂတ်ကို ဦးတည်စေရန်အတွက် ကမ္ဘာ့လူသားများကို ကတိကဝတ်ပြုသည့်တစ်ခုတည်းသောအဖွဲ့အစည်းအဖြစ် ကုလသမဂ္ဂအဖွဲ့အစည်းကို တည်ထောင်ခဲ့ခြင်းဖြစ်ပါသည်။ နာကျင်ခံစားဖွယ်ရာ နှောင့်နှေးကြန့်ကြာမှုဖြစ်စေသည့်ကိစ္စရပ်များ ရှိနေသည့်အတွက် ကုလသမဂ္ဂပဋိညာဉ် စာတမ်း၏ရည်မှန်းချက်အမြင်အတိုင်း အကောင်အထည်ဖော်ဆောင်နိုင်ရန် ဆက်လက်လုပ်ဆောင်ရမည့်ကိစ္စရပ်များ ရှိနေပါသည်။ သို့သော်လည်း ကျွန်ုပ်တို့၏ အောင်မြင်မှုရလဒ်များမှ သင်ခန်းစာရယူလျက် ဆက်လက်လုပ်ဆောင်သွားနိုင်မည်ဖြစ်ပါသည်။

ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးမှုရည်မှန်းချက်များသည် အောင်မြင်မှုအရဆုံး ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးလှုပ်ရှားမှုအသွင် ဖန်တီးဖော်ဆောင်နိုင်ခဲ့ပါသည်။ မမျှတမှု၊ ညှဉ်းပန်းနှိပ်စက်မှုနှင့် လူမျိုးရေးခွဲခြားမှုတို့ကို ဖော်ထုတ်ဆန့်ကျင်သည့် ကုလသမဂ္ဂစာချုပ်စာတမ်းများသည် လူသားများအား အကာအကွယ်ပေးနိုင်ခဲ့ပြီး အခြားသော သဘောတူညီချက်များမှာ သဘာဝပတ်ဝန်းကျင်အားထိန်းသိမ်းကာကွယ်ပေးနိုင်ခဲ့ပါသည်။ ကုလသမဂ္ဂငြိမ်းချမ်းရေးထိန်းသိမ်းသူများသည် ရန်လိုသည့်အင်အားစုများကို ဖြိုခွဲနိုင်ခဲ့ပြီး ကျွန်ုပ်တို့၏စေ့စပ်ညှိနှိုင်းသူများသည် အငြင်းပွားမှုများကို ဖြေရှင်းပေးနိုင်ခဲ့ပါသည်။ ကျွန်ုပ်တို့၏လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်သားများအနေဖြင့် လူ့အသက်ကယ်ဆယ်ရေးအကူအညီများ ဖြန့်ဝေပေးနိုင်ခဲ့ပါသည်။

ယခုကဲ့သို့ အရေးကြီးသောကာလတွင် လူ့အဖွဲ့အစည်းမှ ဘေးဖယ်ခံရသူများနှင့် ဆင်းရဲဒုက္ခကျရောက်လွယ်သူများအတွက် လုပ်ပိုင်ခွင့်စွမ်းဆောင်ရည်မြှင့်တင်ဆောင်ရွက်ပေးရန်ဆိုသည့် ကျွန်ုပ်တို့၏ ကတိကဝတ်အား ထပ်လောင်းအတည်ပြုကြပါစို့။ လူသားအားလုံး ခံစားခွင့်ရရှိစေနိုင်မည့် တူညီသောအကျိုးစီးပွားပေါ်ထွန်းရေးအတွက် ယေဘုယျအကျိုးဖြစ်ထွန်းစေနိုင်သည့် ဖြစ်စဉ်တိုင်း၌ ကမ္ဘာ့နိုင်ငံအသီးသီးမှ အစိုးရများနှင့် ပြည်သူလူထုတစ်ဦးချင်း ပါဝင်လုပ်ဆောင်သွားကြပါရန် ကုလသမဂ္ဂနေ့တွင် ကျွန်ုပ်အနေဖြင့် တိုက်တွန်းအပ်ပါသည်။

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ရုပ်သံလွှင့်ကုမ္ပဏီများ၊ FM ကုမ္ပဏီများအကြား ချုပ်ဆိုခဲ့သောမူလစာချုပ်အပေါ် ပြင်ဆင်ဖြည့်စွက်သည့်စာချုပ်များ လက်မှတ်ရေးထိုး

**နေပြည်တော် အောက်တိုဘာ ၂၃**

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ အောက်တိုဘာ ၂၁ ရက် နံနက်ပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် Forever Group၊ ရွှေသံလွင်မီဒီယာ၊ မန္တလေး FM၊ ရွှေ FM၊ ပဒ္မဝတီ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံတို့ မူလစာချုပ်များအပေါ် ပြင်ဆင်ဖြည့်စွက်သည့် စာချုပ်များ လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အဆိုပါစာချုပ်များကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးတင့်ဆွေနှင့် သက်ဆိုင်ရာကုမ္ပဏီများမှ တာဝန်ရှိသူများက လက်မှတ်ရေးထိုးကြပြီး စာချုပ်များကို အပြန်အလှန်လဲလှယ်ခဲ့ကြသည်။



အဆိုပါ လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ဒုတိယဝန်ကြီး ဦးပိုက်ထွေးနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော ရုပ်သံလွှင့်ကုမ္ပဏီများနှင့် FM ကုမ္ပဏီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(မြန်မာ့အလင်း)**

# သံအမတ်ကြီး ဦးကျော်စွာမင်း အိုင်ယာလန်သမ္မတထံ ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၂၄**

အိုင်ယာလန်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်စွာမင်းသည် ၎င်း၏ခန့်အပ်လွှာကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၅ ရက်နေ့တွင် ဒတ်ဘလင်မြို့၌ အိုင်ယာလန်နိုင်ငံသမ္မတ မစ္စတာမိုက်ကယ်ဒီဟစ်ဂင်(စ်) ထံပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ရန်ကုန်တောင်ပိုင်းခရိုင် ဆရာဝန်အသင်း ဖွဲ့စည်းမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

မြန်မာနိုင်ငံဆရာဝန်အသင်း(ရန်ကုန်တိုင်းဒေသကြီး)မှကြီးမှူး၍ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးနှင့် တောင်ပိုင်းခရိုင် ဆရာဝန်အသင်းဖွဲ့စည်းရေးကို သန်လျင်မြို့ အမှတ်(၁၄) သိမ်ကျောင်းလမ်း မြို့မဈေးလမ်းဆုံ အဝိုင်းထိပ် မြို့သစ်အလယ်ရပ်ကွက်ရှိ ပါရာဒိုက်စ်မင်္ဂလာခန်းမ၌ အောက်တိုဘာ ၂၉ ရက်(ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂ နာရီခွဲတွင် ကျင်းပမည်ဖြစ်ပါသဖြင့် တောင်ပိုင်းခရိုင်မြို့နယ်များရှိ ဆရာဝန်များတက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**






နိုင်ငံတကာသတင်း

## တိုက်-ပြေး အကြမ်းဖက်မှု ဂျေရုစလင်တွင်ဖြစ်ပွား

**ဂျေရုစလင် အောက်တိုဘာ ၂၃**

ပါလက်စတိုင်းလူငယ်များသည် အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ပဋိပက္ခများ ဖြစ်ပွားခဲ့သောကြောင့် အရှေ့အယ်လ်ကွတ်(ဂျေရုစလင်)ရှိ ပါလက်စတိုင်းနေအိမ်များကို အစ္စရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်စီးနင်းမှုများ ပြုလုပ်ခဲ့သည်။

ပါလက်စတိုင်း လူငယ်များနှင့် အစ္စရေးရဲတပ်ဖွဲ့ဝင်များကြား ဖြစ်ပွားခဲ့သော အကြမ်းဖက်ပဋိပက္ခများသည် ဗုဒ္ဓဟူးနေ့က စီဝမ်ဒေသ၏ အိမ်နီးချင်းဖြစ်သော အရှေ့အယ်လ်ကွတ်ဒေသတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အကြမ်းဖက် ပဋိပက္ခများ ဖြစ်ပွားပြီး မကြာမီ အာဏာပိုင်များသည် စီဝမ်ဒေသမှ ပါလက်စတိုင်း ယာဉ်မောင်း၏ ဆွေမျိုးများအိမ်ကို ဝင်ရောက်စီးနင်းမှုများ ပြုလုပ်ခဲ့သည်။

ယာဉ်မောင်းသည် ဂျေရုစလင်ရှိ သံလမ်းဂိတ်ကို ၎င်း၏ယာဉ်ဖြင့် ဝင်ဆောင့်မှုကြောင့် အမျိုးသမီးငယ်တစ်ဦးသေဆုံးခဲ့ပြီး အခြားရှစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အစ္စရေးများက ပြောကြားခဲ့သည်။ အဆိုပါ ယာဉ်မောင်းမှာ အစ္စရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ဒဏ်ရာရရှိခဲ့ပြီး နောက်ပိုင်းတွင် သေဆုံးခဲ့သည်။

အစ္စရေးတပ်ဖွဲ့ဝင်များနှင့် ရဲများ ရောက်ရှိလာကြပြီး ယာဉ်တိုက်မှုဖြင့် ထွက်ပြေးတိမ်းရှောင်နေသည်ဟု စွပ်စွဲထားသော အက်ဗ်ဒဲရာမန် အယ်လ်ရှီလော့ဒီ၏ ဆွေမျိုးအိမ်များကို ဝင်ရောက်ရှာဖွေခဲ့ကြောင်း မျက်မြင်သက်သေတစ်ဦးက တူရကီအစိုးရ သတင်းအေဂျင်စီ တစ်ခုဖြစ်သော အနာဒူလူသတင်းအေဂျင်စီသို့ ပြောကြားခဲ့သည်။

အစ္စရေးရဲဘက် ပြောရေးဆိုခွင့်ရှိသူ လူဘာဆမ်ရီက ဤဖြစ်ရပ်ကို တိုက်-ပြေး အကြမ်းဖက်မှုအဖြစ် ကြေညာခဲ့သည်။

**(ပရက်စ်တီဗွီ)**

## ကိုဘာနီမြို့ အရှေ့ပိုင်းတွင် အိုင်အက်စ်တို့ ဓာတုလက်နက်သုံး တိုက်ခိုက်ဟုဆို

**ကိုဘာနီ အောက်တိုဘာ ၂၃**



တက်ဖီရီစစ်သွေးကြွများသည် ဓာတုလက်နက်များ အသုံးပြုတိုက်ခိုက်ခဲ့ကြောင်း အိုင်အက်စ်တို့ကို တိုက်ခိုက်နေသော ဆီးရီးယားနိုင်ငံ ကိုဘာနီမြို့ ကာ့ဒ်တိုက်ခိုက်ရေးသမားများက ပြောသည်။

အိုင်အက်စ်အစွန်းရောက်များသည် အင်္ဂါနေ့နှောင်းပိုင်းက ကိုဘာနီမြို့ အရှေ့ပိုင်း တိုက်ခိုက်မှုတစ်ရပ်တွင် အဆိပ်သင့် ဓာတ်ငွေ့တစ်မျိုးသုံး၍ တိုက်ခိုက်ခဲ့ကြောင်း ကာ့ဒ်တာဝန်ရှိသူများနှင့် ဆရာဝန်များက ဗုဒ္ဓဟူးနေ့က ပြောကြားသည်။

သေဆုံးသူများသည် ဒဏ်ရာဒဏ်ချက်များမရှိဘဲ သေဆုံးနေသည်ကို တွေ့ရကြောင်း၊ အဆိပ်ငွေ့သုံး တိုက်ခိုက်ခြင်းဖြစ်နိုင်ကြောင်း ကိုဘာနီ အခြေစိုက် ကာ့ဒ်ထိပ်တန်း တာဝန်ရှိသူ အိုက်ဆာအဗ္ဗဒူလာက ပြောသည်။

အဆိုပါ တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိသူများကို အိမ်နီးချင်း တူရကီနိုင်ငံသို့ ပို့ဆောင်ကာ ဆေးကုသပေးလျက်ရှိကြောင်း အချို့သော သတင်းများက ရေးသားဖော်ပြသည်။

အီရတ်ဘာ့သ်ပါတီမှ အိုင်အက်စ်အဖွဲ့သို့ အများအပြားဝင်ရောက်လျက်ရှိကြောင်း၊ ယင်းတို့သည် ဓာတုလက်နက်များ အသုံးပြုတိုက်ခိုက်လေ့ရှိကြောင်းသတင်းများက ဖော်ပြသည်။

အိုင်အက်စ်အစွန်းရောက်များသည် အီရတ်နှင့် ဆီးရီးယားဒေသ အချို့ကို သိမ်းပိုက်ထားပြီး ယင်းတို့ဒေသများ၌ အစုအပြုံလိုက်သတ်ဖြတ်ခြင်းနှင့် ခေါင်းဖြတ်သတ်ဖြတ်မှုများ အပါအဝင် ရာဇဝတ်မှုများ ကျူးလွန်လျက်ရှိသည်။ **(ပရက်စ်တီဗွီ)**

## အာဖဂန်သမ္မတနှင့် အမှုဆောင်အရာရှိချုပ်တို့ကို လာမည့်နှစ်တွင် အမေရိကသို့လာရောက်ရန် အိုဘားမားက ဖိတ်ခေါ်

**ဝါရှင်တန် အောက်တိုဘာ ၂၃**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် အာဖဂန်သမ္မတ ဂါနီနှင့် အမှုဆောင်အရာရှိချုပ် အဗ္ဗဒူလာတို့ကို လာမည့်နှစ်ဦးကာလတွင် အိမ်ဖြူတော်သို့ အလည်အပတ်လာရောက်ရန် ဖိတ်ခေါ်ခဲ့သည်။

ဂါနီ၊ အဗ္ဗဒူလာနှင့် အိုဘားမားတို့သည် ရုပ်သံအစည်းအဝေးပြုလုပ်ခဲ့ကြပြီး ယင်း၌ အိုဘားမားက အာဖဂန်ခေါင်းဆောင်များ၏နိုင်ငံရေးဆိုင်ရာ လုပ်ဆောင်ချက်များအပေါ် ချီးကျူးပြောဆိုခဲ့ပြီး စည်းလုံးညီညွတ်သည့် အစိုးရဖွဲ့စည်းရာတွင် ကူညီထောက်ပံ့မှုပေးမည်ဟူသော ကတိကဝတ်ကိုလည်း ထပ်လောင်းအတည်ပြု ပြောကြားခဲ့သည်။

ဂါနီသည် ပြီးခဲ့သည့် စက်တင်ဘာလကတည်းက အာဖဂန်သမ္မတသစ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။ ၎င်း၏ ပြိုင်ဘက်ဖြစ်သည့် အဗ္ဗဒူလာသည် အမှုဆောင်အရာရှိချုပ် ဖြစ်လာခဲ့သည်။

အဆိုပါ ရုပ်သံအစည်းအဝေး၌ပင် အာဖဂန်နစ္စတန်နှင့် အမေရိကန်တို့၏ လုံခြုံရေးအခြေအနေများ တိုးတက်စေရန်အတွက် အာဖဂန်အမျိုးသားလုံခြုံရေးဆိုင်ရာကိစ္စ၊ ဒေသတွင်းဖွံ့ဖြိုးရေးဖြစ်သည့် အာဖဂန်ငြိမ်းချမ်းရေးဆိုင်ရာ အစီအစဉ်နှင့် ကာလတိုနှင့် ကာလရှည်ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များကိုလည်း ဆွေးနွေးခဲ့ကြသည်။

ဝါရှင်တန်နှင့် ကဘူးလ်တို့သည် အမေရိကန်အများဆုံး ပါဝင်သည့် နေတိုးတပ်ဖွဲ့ဝင်များ ယခုနှစ်ကုန်ပိုင်း၌ ရုပ်သိမ်းပြီးနောက်တွင် အမေရိကန်တပ်ဖွဲ့ဝင် ၁၀၀၀၀ ခန့်ကို အာဖဂန်၌ ချန်ထားခဲ့ရေးတို့ကို ခွင့်ပြုရန် ကာလရှည် လုံခြုံရေးဆိုင်ရာ သဘောတူညီမှုတစ်ခုကို ပြီးခဲ့သည့် စက်တင်ဘာလက လက်မှတ်ရေးထိုးခဲ့ကြသည်။ **(ဆင်ဟွာ)**

## လူခြောက်ဦးသေဆုံးပြီး ၄၃ ဦးပျောက်ဆုံးမှု အီဂွါလာမြို့တော်ဝန်အား မက္ကဆီကိုရဲဖမ်းဆီး




**အီဂွါလာ အောက်တိုဘာ ၂၃**

မက္ကဆီကိုအစိုးရက အီဂွါလာတောင်ပိုင်း မြို့တော်ဝန်အား လွန်ခဲ့သည့်လက ရဲတပ်ဖွဲ့ဝင်များနှင့် ပဋိပက္ခဖြစ်ပွားမှုကြောင့် ခြောက်ဦးသေဆုံးပြီး ကျောင်းသား ၄၃ ဦး ပျောက်ဆုံးမှုဖြင့် ဖမ်းဆီးရန် အမိန့်ထုတ်ပြန်လိုက်သည်။

မြို့တော်ဝန် ဂျိုဆေးလူးဝစ်အဘာကာသည် ၎င်း၏ဇနီးဖြစ်သူ ကျင်းပသည့် ပွဲတစ်ခုတွင် ကျောင်းသားများ နှောင့်ယှက်မှုမှ တားဆီးရန် ရဲတပ်ဖွဲ့ကို အမိန့်ပေးခဲ့ကြောင်း မက္ကဆီကို တရားသူကြီးချုပ်က ပြောသည်။

စက်တင်ဘာ ၂၆ ရက်က အဓိကရုဏ်းဖြစ်ပွားပြီးနောက် ဆန္ဒပြကျောင်းသားများကို ဖမ်းဆီးကာ ရဲကားများအတွင်းသို့ တင်ဆောင်၍ ခေါ်ဆောင်သွားသည်ကို နောက်ဆုံးတွေ့လိုက်ရသည်ဟု ဆိုသည်။

မစ္စတာအဘာကာနှင့် ဇနီးဖြစ်သူ မာရီယာဒီ လော့အိန်ဂျလိစ်ပီနေးဒါး၊ ရဲတပ်ဖွဲ့အကြီးအကဲ ဖီးလစ်ဖလောရက်စ်တို့အား စက်တင်ဘာ ၂၆ ရက် ဖြစ်စဉ်နှင့် ပတ်သက်၍ အလိုရှိကြောင်း ရှေ့နေချုပ်ဂျီးဆက် မူရီလိုကာရမ်က ပြောသည်။

မစ္စစ်ပီနေးဒါးသည် ဒေသဆိုင်ရာ မူးယစ်ဆေးဝါးဂိုဏ်း ဂူယာရေရော့စ်ယူနီဒေါ့ (ယူနိုက်တက်ဝါရီယာ) နှင့်လည်း အဆက်အသွယ်ရှိကြောင်း ၎င်းက စွပ်စွဲပြောကြားလိုက်သည်။ မြူနီစီပယ်ရဲတပ်ဖွဲ့ အရာရှိများက အဆိုပါအဓိကရုဏ်းနှင့် ဆက်နွှယ်သူများကို လိုက်လံဖမ်းဆီးခဲ့ရာ လွန်ခဲ့သောသီတင်းပတ်က သံသယရှိခေါင်းဆောင် ဆစ်ဒရွန်နီယိုကို ဖမ်းဆီးနိုင်ခဲ့သည်။

**(ဘီဘီစီ)**

## ကနေဒါပါလီမန်တိုက်ခိုက်ခံရ၊ စစ်အထိမ်းအမှတ်အဆောက်အအုံနားတွင် အစောင့်တစ်ဦး ပစ်ခတ်ခံရ



**အော့တဝါ အောက်တိုဘာ ၂၃**

သေနတ်သမားတစ်ဦးသည် ဗုဒ္ဓဟူးနေ့က ကနေဒါပါလီမန်ကို တိုက်ခိုက်ခဲ့သည်။ အဆိုပါပစ်ခတ်မှုသည် ဝန်ကြီးချုပ် စတီဖင်ဟာပါ မိန့်ခွန်း ပြောကြားနေသည့် နေရာ၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး တပ်သားတစ်ဦး စစ်အထိမ်းအမှတ် အဆောက်အအုံနားတွင် အပစ်ခံရပြီး သေလောက်သည့်ဒဏ်ရာရရှိခဲ့သည်။ ဤဖြစ်ရပ်သည် ကနေဒါမြို့တော်ကြီးတစ်ခုလုံးကို တုန်လှုပ်သွားစေခဲ့သည်။

ပါလီမန်အဆောက်အအုံအတွင်း အဆိုပါသေနတ်သမားမှာလည်း ပစ်သတ်ခံခဲ့ရသည်။ ဝန်ကြီးချုပ်ကိုလည်း ဘေးလွတ်ရာသို့ ပြောင်းရွှေ့နိုင်ခဲ့သည်။ အဆိုပါဖြစ်ရပ်သည် အိုင်အက်စ်စစ်သွေးကြွများနှင့် ဆက်နွှယ်မှုရှိကြောင်း သိရသည်။

မျက်မြင်သက်သေ၏ ပြောပြချက်အရ အော့တဝါမြို့လယ်ရှိ အမျိုးသားစစ်အထိမ်းအမှတ် အဆောက်အအုံနားတွင် စောင့်ကြပ်နေသော အစောင့်စစ်သားကို သေနတ်သမားကပစ်ပြီး မိနစ်အနည်းငယ် ကြာပြီးနောက် ပါလီမန်အဆောက်အအုံ တိုက်ခိုက်ခံရခြင်းဖြစ်ကြောင်းသိရသည်။ "သူတို့လိုချင်တဲ့ပစ်မှတ်ကို အတိအကျမရပေမယ့်ဒီဖြစ်ရပ်တွေကို လူတစ်ဦးတည်းကလုပ်တယ်ဆိုတာအတိအကျ ပြောနိုင်ပါတယ်"ဟု ကနေဒါရဲများက ပြောခဲ့သည်။

သေနတ်သမားသည် အဆောက်အအုံထဲသို့ဝင်လာပြီးနောက် ကျည်ဆန်မိုးများရွာချလိုက်ကြောင်း မျက်မြင်သက်သေများက ပြောခဲ့သည်။

အဆိုပါတိုက်ခိုက်မှုသည် ဝန်ကြီးချုပ်က ၎င်းအဖွဲ့များနှင့် ဆွေးနွေးမှုလုပ်နေသောအခန်းအနီးတွင် ဖြစ်ပွားခြင်းဖြစ်ကြောင်း အစိုးရအဖွဲ့ဝင် ဝန်ကြီးက ပြောခဲ့သည်။

"ဝန်ကြီးချုပ်က လျှို့ဝှက်အစည်းအဝေးမှာ မိန့်ခွန်းပြောကြားနေတုန်း ရုတ်တရက် ဝုန်းခနဲမြည်ဟည်းသွားပြီးနောက် ကျည်ဆန်တွေ အဆက်မပြတ်ကျလာတယ်။ ကျွန်တော်တို့အားလုံး လူစုခွဲလိုက်ရတယ်။အဲဒါကကျွန်တော်တို့ အစည်းအဝေးလုပ်နေတဲ့ တံခါးအပြင်ဘက်က ဖြစ်တာပါ"ဟု ဘဏ္ဍာရေးဝန်ကြီး တိုနီကလီးမန်းက ရိုက်တာသို့ ပြောခဲ့သည်။

ကနေဒါစစ်သားများကို ယာဉ်တစ်စီးဖြင့် မွန်ထရီရယ်အနီးတွင် ဝင်ရောက် တိုက်ခဲ့သောကြောင့် တစ်ဦးသေဆုံးခဲ့သော တနင်္လာနေ့တိုက်ခိုက်မှုနှင့် ဗုဒ္ဓဟူးနေ့က ကနေဒါပါလီမန်ကို တိုက်ခိုက်ခဲ့သည့် တိုက်ခိုက်မှုများသည် ဆက်စပ်မှု ရှိ မရှိ ဆိုသည်မှာ ယခုအချိန်ထိ မသိရသေး ပေ။ **(ရိုက်တာ)**

# လားရှိုးမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၃**

အောက်တိုဘာ ၂၂ ရက်က မူးယစ်တပ်ဖွဲ့စု(၂၄)လားရှိုးမှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့ ရပ်ကွက်(၇) နယ်မြေ(၁) မြို့ပတ်လမ်းမပေါ်တွင် ထိုက်လျှံမောင်းနှင်သည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ၄င်းဝတ်ဆင်ထားသည့် အင်္ကျီဝဲဘက်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ သိမ်းဆည်းရမိခဲ့သည်။ စစ်ဆေးဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများကို အတူပါဝင်သယ်ဆောင်သူ ခွမ်ဆိုက်စိမ်းနှင့် ရန်အားချန်တို့နှစ်ဦးကို လားရှိုးမြို့ ရပ်ကွက်(၇)နယ်မြေ(၂) မြို့ပတ်လမ်း ဘတ်စကက်ဘောကွင်းအနီးတွင် ဖမ်းဆီးရမိသဖြင့် ထိုက်လျှံ(၂၂ နှစ်)၊ ခွမ်ဆိုက်စိမ်း (၁၉ နှစ်)နှင့် ရန်အားချန်(၂၀ နှစ်)တို့ သုံးဦးကို မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**ထိုက်လျှံ၊ ခွမ်ဆိုက်စိမ်းနှင့် ရန်အားချန်တို့ သုံးဦးကို ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

# လမ်းလျှောက်လာသူကို မော်တော်ယာဉ်က ဝင်တိုက်မှုဖြစ်ပွား

**ပုသိမ် အောက်တိုဘာ ၂၃** ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ရန်ကုန်-ပုသိမ်ကားလမ်း မိုင်တိုင်အမှတ် (၃၅/၄ နှင့် ၃၅/၅ )အကြား ကျုံတမာကျေးရွာအုပ်စု တာကွေ့ကျေးရွာအနီးတွင် အောက်တိုဘာ ၁၉ ရက် နံနက် ၆ နာရီက မအူပင်လမ်းဆုံဘက်မှ တာကွေ့ကျေးရွာဘက်သို့ မောင်းနှင်လာသောယာဉ်တစ်စီးက လမ်းလျှောက်လာသူ ဦးကြည်ကို ဝင်တိုက်မိခဲ့ရာ ဦးကြည်တွင် ဒဏ်ရာများရရှိခဲ့ပြီး အဆိုပါယာဉ်မောင်းမှာ ထွက်ပြေးတိမ်းရှောင်သွားခဲ့သည်။ ဒဏ်ရာရရှိသူ ဦးကြည်ကို ညောင်တုန်းဆေးရုံသို့ပို့ဆောင်စဉ် လမ်းခရီး၌ သေဆုံးသွားသဖြင့် ယာဉ်ကိုမဆင်မခြင်မောင်းနှင်သူ ယာဉ်မောင်းကို ချောင်းကြီးနယ်မြေရဲစခန်းက အမှုဖွင့် စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ **မောင်မောင်မြင့်**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ယာဉ်ခေါင်မိုးပေါ်မှလိုက်လာသူ ခရီးသည်ထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၀ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၂၃**

အောက်တိုဘာ ၂၁ ရက်က မူးယစ်တပ်ဖွဲ့စု(၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့အဝင် အောင်ပန်း-ကလောကားလမ်းတွင် အောင်ပန်းမှ ကလောသို့ မောင်းနှင်လာသည့် ရှမ်းဧရာခရီးသည်တင်ယာဉ်ကို ရပ်တန့်ရှာဖွေရာ ယာဉ်ခေါင်မိုးပေါ်တွင် လိုက်ပါစီးနင်းသူ သိန်းထွေး၏ ခရီးဆောင်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၀ ကို သိမ်းဆည်းရမိသဖြင့် သိန်းထွေး(၃၈ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စည်းကမ်းချက်များမလိုက်နာသော ဘော်ဒါကျောင်းများကို တရားစွဲသွားမည်ဟုဆို

**စလင်း အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး စလင်းမြို့ပေါ်ရှိ ပုဂ္ဂလိကဘော်ဒါများအနေဖြင့် ပတ်ဝန်းကျင်လူထုကို ထိခိုက်စေသော စည်းကမ်းဖောက်ဖျက်မှုများရှိနေကြောင်း၊ ထိုကျောင်းများ အနေဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ စည်းကမ်းချက်များကို လိုက်နာကြရန် ညွှန်ကြားထားပြီး ဖြစ်သော်လည်း လိုက်နာမှုမရှိသည့် ဘော်ဒါကို ဥပဒေများနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း မြို့နယ်အမှုဆောင်အရာရှိတစ်ဦးက ပြောကြားသည်။

စလင်းမြို့ပေါ်တွင် ဘော်ဒါနေကျောင်းသားများ တစ်နှစ်ထက်တစ်နှစ် များပြားလာနေပြီး လူဦးရေများပြားသော ဘော်ဒါများအနေဖြင့် လူနေရပ်ကွက်များအတွင်း မိလ္လာကန်ပြည့်လျှံမှုများကို ထုတ်လွှတ်နေမှုများရှိနေကြောင်း၊ ထိုမိလ္လာကန် ထုတ်လွှတ်မှုများကြောင့် ပတ်ဝန်းကျင် လူနေအိမ်များ အနံ့အသက်မခံနိုင်ခြင်း ရေတွင်းများ ပျက်စီးသွားခြင်းများလည်းရှိနေကြောင်း သိရသည်။

ထိုကဲ့သို့ပင် စနစ်တကျမရှိသေးသော ရေနုတ်မြောင်းများကြောင့် အိမ်ရှေ့မြောင်းများတွင် ရာသီမဟုတ်ဘဲ ရေမြောင်းပြည့်လျှံခြင်း၊ နေ့ပိုင်းစောင့်ရှောက်မှု ဂေဟာများမရှိခြင်းကြောင့် သက်ကြီးရွယ်အိုများကို ကျန်းမာရေးအရ အနှောင့်အယှက်များဖြစ်နေရကြောင်း စလင်းမြို့တွင် ဘော်ဒါကြီးခုနစ်ခုခန့်ရှိနေသည့် မြင်တင်ရပ်ကွက်နေ ပြည်သူများက ပြောကြားသည်။

စလင်းမြို့နယ်တွင် လူဦးရေနှစ်သိန်းခွဲကျော်ရှိပြီး အခြေခံကျောင်းသားဦးရေ သုံးသောင်းရှိကြောင်း၊ ကျေးလက်နေပြည်သူများ အနေဖြင့် ယင်းတို့၏ သားသမီးများကို ပညာရေးဘက်တွင် အားပေးမှု မြင့်တက်လာနေသောကြောင့် စလင်းမြို့ပေါ်ရှိ ဘော်ဒါများမှာ ယခင်က နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်းများသာ လက်ခံခဲ့ကြသော်လည်း ယခုအခါ အလယ်တန်းအဆင့်များကိုပင် တိုးမြှင့် လက်ခံလာနေကြောင်းလည်း သိရသည်။ **ဇင်လင်းထက်(စလင်း)**

နိုင်ငံတကာသတင်း

# အိမ်ဖြူတော် ခြံစည်းရိုးကျော်တက်သူ အဖမ်းခံရ

ဘာသာပြန်-အောင်ဇော်လင်း

**ဝါရှင်တန် အောက်တိုဘာ ၂၃**

အောက်တိုဘာ ၂၂ ရက် ညနေပိုင်းက အမေရိကန်သမ္မတ အိမ်ဖြူတော် ခြံစည်းရိုးကို ကျော်တက်သူ အမျိုးသားတစ်ဦးကို လုံခြုံရေးအစောင့်ခွေးများက တိုက်ခိုက်ခဲ့ပြီးနောက် ဖမ်းဆီးထိန်းသိမ်းရမိကြောင်း အိမ်ဖြူတော် လုံခြုံရေးတာဝန်ရှိသူ တစ်ဦးက ပြောကြားသည်။

ကျူးကျော် ဝင်ရောက်သူမှာ မေရီလန်းပြည်နယ် ဘဲအဲယားမြို့မှ အသက် ၃၂ နှစ်အရွယ် ဒိုမီနစ်အဒီဆန်ညာ (Dominic Adesanya) ဆိုသူဖြစ်သည်ဟု သိရပြီး ဖမ်းဆီးခံရချိန်တွင် လက်နက်ကိုင်ဆောင်ထားခြင်းမရှိကြောင်း သိရသည်။

အိမ်ဖြူတော် မြောက်ဘက်ခြမ်းရှိ မြက်ခင်းပြင်တွင် ၎င်းအမျိုးသားကို လုံခြုံရေးအဖွဲ့ဝင်များက ဖမ်းဆီးနေစဉ် သူ့ကိုတိုက်ခိုက်သော ခွေးတစ်ကောင်ကို ပြန်လည်ထိုးနှက်နေသည်ကို ဗီဒီယိုပြကွက်တွင် တွေ့မြင်ရသည်။ ၎င်းဖြစ်ရပ်ကြောင့် အိမ်ဖြူတော်အတွင်း နေထိုင်သူများကို အခန်းမှ အပြင်မထွက်ကြရန် သတိပေးခဲ့ရာ မိနစ် ၉၀ မျှကြာမြင့်ခဲ့သည်။

ဖြစ်စဉ်အတွင်း ဒဏ်ရာရရှိခဲ့သည့် လုံခြုံရေးအစောင့်ခွေးများကို စစ်ဆေးကုသရန်အတွက် တိရစ္ဆာန်ဆေးကုဆရာဝန် တစ်ဦးထံသို့ ပို့ဆောင်ခဲ့ရကြောင်း အိမ်ဖြူတော် လုံခြုံရေးပြောရေးဆိုခွင့်ရှိသူ ဒိုနိုဗန်က ပြောသည်။

ကျူးကျော် ဝင်ရောက်သူသည် ယင်းနေ့ ညပိုင်း ၇ နာရီ ၁၅ မိနစ်ခန့်က ခြံစည်းရိုးကို ကျော်တက်ဝင်ရောက်ခဲ့ပြီး မကြာမီ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး နောက် K-9 လုံခြုံရေးတပ်ဖွဲ့ဝင်များက အိမ်ဖြူတော်မြောက်ဘက် မြက်ခင်းပြင်ရှိ အချုပ်ခန်းသို့ ချက်ချင်းပို့ဆောင်ခဲ့သည်။ ထို့နောက် ၎င်းအမျိုးသားကို ဆေးရုံသို့ ဆက်လက်ပို့ဆောင်ပေးခဲ့သည်။ (K-9 မှာ အထူးတလည် လေ့ကျင့်ပေးထားသည့် ခွေးများကို အသုံးပြုသည့် လုံခြုံရေးအဖွဲ့ဖြစ်သည်။)

ဤဖြစ်ရပ်သည် ဓားကိုင်ဆောင်သူ အသက် ၄၂ နှစ်အရွယ် အမေရိကန် စစ်ပြန်တစ်ဦးက အိမ်ဖြူတော် ခြံစည်းရိုးကိုကျော်တက်ပြီး အိမ်ဖြူတော်အတွင်းသို့ ဝင်ရောက်ခဲ့သည့် ဖြစ်စဉ် ဖြစ်ပွားပြီးနောက် တစ်လခန့်အကြာတွင် ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။

အိမ်ဖြူတော် လုံခြုံရေးကျိုးပေါက်သည့် ယခုဖြစ်စဉ်ဖြစ်ပွားသည့်နေ့တွင်ပင် ကနေဒါနိုင်ငံ အော့တဝါမြို့ရှိ ပါလီမန်အဆောက်အအုံအတွင်း၌ သေနတ်သမားတစ်ဦးက ဝင်ရောက်ပစ်ခတ်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ယခု အိမ်ဖြူတော်ခြံစည်းရိုး ကျော်တက်မှုဖြစ်စဉ်မှာ လေးကြိမ်မြောက် ဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။ **(ရိုက်တာ၊ ဆင်ဟွာ)**



# နေပြည်တော် စည်ပင်ရိပ်သာမီးပွိုင့်၌ ယာဉ်တိုက်မှုဖြစ်



**နေပြည်တော် အောက်တိုဘာ ၂၃**

အောက်တိုဘာ ၂၃ ရက် မွန်းလွဲ ၁၂ နာရီခွဲက နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် စည်ပင်ရိပ်သာမီးပွိုင့်၌ ယာဉ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်မိကြောင်း သိရသည်။

ဖြစ်စဉ်မှာ GH/Nissan VAN အဖြူရောင်ယာဉ်မောင်း ဦးငွေဝင်းသည် ပျဉ်းမနား-တောင်ညိုလမ်းအတိုင်း မောင်းနှင်လာပြီး မီးပွိုင့်တွင်လမ်း၏ဝဲဘက် တော်ဝင်ရတနာလမ်းဘက်သို့ ချိုးကွေ့စဉ် 8G/---- ပျဉ်းမနား-တောင်ညို အားမာန်သစ်ယာဉ်လိုင်း ခရီးသည်တင်ယာဉ်မောင်း ဦးဇေယျာမျိုး တောင်ညိုမှ ပျဉ်းမနားသို့ မောင်းနှင်လာသောယာဉ်နှင့် တိုက်မိရာ အားမာန်သစ်ခရီးသည်တင်ယာဉ်တွင် လိုက်ပါစီးနင်းလာသူ ခရီးသည်တစ်ဦး အနည်းငယ်ထိခိုက်ဒဏ်ရာ(မစိုးရိမ်ရ)ရရှိခဲ့သည်။

အဆိုပါယာဉ်တိုက်မှုကို နေပြည်တော်ယာဉ်မှုစစ် အမှတ်(၁)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲမှ ရဲအုပ်မောင်မောင်သိန်းက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း-ဇူလိုင်မိုး(မြန်မာ့အလင်း)၊ ဓာတ်ပုံ-ချစ်သမီး**

**မူးယစ်ဆေးဝါးကာကွယ်ဖို့ တို့လူငယ်တွေ စည်းရုံးစို့**



ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# အာဆီယံစီးပွားရေး အသိုက်အဝန်းအတွက် အရှိန်မြင့်လာသည့် ပုဂ္ဂလိက ကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှု

မျှော်ဝန်းမေ

အာဆီယံဒေသတွင်း ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှုများနှင့် စပ်လျဉ်းသည့် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေး အကြံပေးကောင်စီ အစည်းအဝေးကို (၄၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကာလအတွင်း ၂၀၁၄ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန၌ ကျင်းပခဲ့ပါသည်။

အာဆီယံ စီးပွားရေးအကြံပေးကောင်စီကို အာဆီယံစီးပွားရေး အသိုက်အဝန်း အကောင်အထည်ဖော်ရာမှာ ဖြစ်ပေါ်လာသည့် ပုဂ္ဂလိကကဏ္ဍနှင့်စပ်လျဉ်းသည့် ကိစ္စရပ်များနှင့် အကြံပြုချက်များကို အာဆီယံခေါင်းဆောင်များနှင့် စီးပွားရေးဝန်ကြီးများထံ တင်ပြရန်အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စီးပွားရေးလုပ်ငန်းရှင် ကိုယ်စားလှယ်များနှင့် ၂၀၀၃ ခုနှစ် ဧပြီလမှာ ဖွဲ့စည်းခဲ့ပါသည်။ ၂၀၁၃ ခုနှစ်မှ စပြီး အာဆီယံစီးပွားရေးအကြံပေးကောင်စီသည် အာဆီယံအဆင့်မြင့် စီးပွားရေးအရာရှိများ အစည်းအဝေး၌ ပါဝင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ အာဆီယံစီးပွားရေးအကြံပေးကောင်စီအနေဖြင့် အာဆီယံဒေသတွင်း ပုဂ္ဂလိကကဏ္ဍနှင့် စပ်လျဉ်းသည့် ကိစ္စရပ်များအပြင် ဒေသပြင်ပ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိပါသည်။

ယခုနှစ် ကျင်းပခဲ့သည့် အာဆီယံ စီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေး အကြံပေးကောင်စီ အစည်းအဝေးတွင် အာဆီယံစီးပွားရေး အကြံပေးကောင်စီ၏ ဦးစားပေးလုပ်ငန်းများဖြစ်သည့် ဒေသတွင်း အသေးစား၊ အလတ်စားလုပ်ငန်းများ၏ ယှဉ်ပြိုင်နိုင်စွမ်းအားကို မြှင့်တင်ရန်နှင့် ရေရှည်တည်တံ့ဖွံ့ဖြိုးမှုဖြစ်စေရန်၊ ဆုံးဖြတ်ချက်ချမှတ်နိုင်သည့်နေရာများတွင် အမျိုးသမီးများနှင့် လူငယ်များအတွက် အခွင့်အလမ်းနှင့် ခိုင်မာသည့် ပါဝင်ဆောင်ရွက်နိုင်မှုရရှိရန်တို့ကို တင်ပြခဲ့ပါသည်။ အာဆီယံစီးပွားရေးကောင်စီအနေဖြင့် ၂၀၁၅ ခုနှစ်မှာ ပေါ်ပေါက်လာမည့် မျှတ၍အားလုံးပါဝင်သည့် စဉ်ဆက်မပြတ်တိုးတက်မည့် အာဆီယံစီးပွားရေးအသိုက်အဝန်း၌ ပိုမိုပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်မည့် လုပ်ငန်းများကိုလည်း တင်ပြခဲ့ပါသည်။ အာဆီယံစီးပွားရေးဝန်ကြီးများနှင့် အာဆီယံစီးပွားရေးအကြံပေးကောင်စီတို့ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်ခဲ့ပြီး အာဆီယံ စီးပွားရေးဝန်ကြီးများ၏ ထောက်ခံမှုများနှင့် လမ်းညွှန်မှုများရယူခဲ့သည့်အတွက် အာဆီယံစီးပွားရေး အသိုက်အဝန်း ပေါ်ပေါက်လာရေးမှာ ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်ခြင်း အောင်မြင်မှုတစ်ရပ်ဖြစ်ပါသည်။

အာဆီယံစီးပွားရေးဝန်ကြီးများအနေဖြင့် အာဆီယံဒေသတွင်းသာမကဘဲ အာဆီယံစီးပွားရေးအသိုက်အဝန်း၏ ရည်မှန်းချက်အရ ဒေသပြင်ပနိုင်ငံများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ရာမှာလည်း ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှုကို အရေးပေးခဲ့ပါသည်။

(၄၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများအစည်းအဝေးနှင့် တစ်ဆက်တည်း ကျင်းပခဲ့သည့် အရှေ့အာရှ စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံနှင့် ကနေဒါစီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံနှင့် ဂျပန်စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ အာဆီယံနှင့် အမေရိကန်စီးပွားရေးဝန်ကြီးများ အစည်းအဝေးများ၌ သက်ဆိုင်ရာစီးပွားရေးကောင်စီများမှ အာဆီယံဒေသနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများအတွက် ယင်းတို့၏ ဆောင်ရွက်မှုများ၊ အကြံပြုချက်များနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို အာဆီယံစီးပွားရေးဝန်ကြီးများထံ တင်ပြဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ထို့အပြင် အာဆီယံစီးပွားရေးဝန်ကြီးများထံ အီးယူစီးပွားရေးကောင်စီမှ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများနှင့် အကြံပြုချက်များကို တင်ပြဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ အဆိုပါ ဆွေးနွေးမှုများသည် ၂၀၁၅ ခုနှစ်တွင် ပေါ်ပေါက်လာမည့် အာဆီယံစီးပွားရေးအသိုက်အဝန်းအတွက် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်မှု မြင့်မားလာတာကို ထင်ရှားစေပါသည်။

ထို့ပြင် (၄၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးနှင့် တစ်ဆက်တည်း ကျင်းပခဲ့သည့် အစီအစဉ်များအနေဖြင့် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်တို့က သက်ဆိုင်ရာနိုင်ငံများမှ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပထမအကြိမ် အာဆီယံ-ဂျပန် အစိုးရနှင့်ပုဂ္ဂလိက လုပ်ငန်းနယ်ပယ်သစ်ဆိုင်ရာဆွေးနွေးပွဲကို ဩဂုတ်လ ၂၆ ရက်နေ့တွင် လည်းကောင်း၊ ဒုတိယအကြိမ် အာဆီယံ-အမေရိကန် စီးပွားရေးထိပ်သီးဆွေးနွေးပွဲကို ဩဂုတ်လ ၂၇ ရက်နေ့၌လည်းကောင်း နေပြည်တော်ရှိ ဟိုတယ်ရွှေ့ရင်ရယ်အဖော်မှာ ကျင်းပနိုင်ခဲ့ပါသည်။ ဆွေးနွေးပွဲများ၏ ဖွင့်ပွဲ၌ အာဆီယံစီးပွားရေးဝန်ကြီးများ စုံညီစွာ တက်ရောက်ခဲ့ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ကိုယ်စားလှယ်များက တက်ကြွစွာ ပါဝင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။

ဆွေးနွေးပွဲ၏ ရလဒ်များအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု နယ်ပယ်သစ်များဖြစ်သည့် ရာသီဥတုပြောင်းလဲမှုကို ဖြေရှင်းနိုင်မည့် အစီအမံများအဖြစ် စွမ်းအင်အသုံးပြုမှု ထိရောက်မှုရှိရေး၊ ကြိုတင်ကာကွယ်သည့် ဆေးဝါးများ၏ အရေးကြီးမှု၊ နိုင်ငံများအကြား သတင်းထုတ်လွှင့်မှု လုပ်ငန်းများတိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် စဉ်ဆက်မပြတ် ဆွေးနွေးခြင်းနှင့် ဗဟုသုတ ဖြန့်ဝေခြင်းများ ဆောင်ရွက်ရေး၊ သက်ဆိုင်ရာနယ်ပယ်အလိုက် စွမ်းဆောင်ရည်မြှင့်တင်မှုများ ဆောင်ရွက်ရေး၊ ကဏ္ဍအလိုက် တာဝန်ရှိသူများနှင့် ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့ကို အာဆီယံစီးပွားရေးဝန်ကြီးများထံ တင်ပြလမ်းညွှန်မှုများရရှိခဲ့သည့်အတွက် ဒေသတွင်း ပုဂ္ဂလိကအခန်းကဏ္ဍကို ပိုမိုကျယ်ပြန့်အရေးပါလာစေပါသည်။

အချုပ်အားဖြင့် ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ အာဆီယံဉက္ကဋ္ဌ တာဝန်ယူသည့် ကာလအတွင်း ကျင်းပခဲ့သည့် (၄၆)ကြိမ်မြောက် အာဆီယံစီးပွားရေးဝန်ကြီးများနှင့် ဆက်စပ်အစည်းအဝေးများ၌ ၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေးအသိုက်အဝန်း ပေါ်ပေါက်လာရေးအတွက် အဓိကကျသည့် ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု အရှိန်အဟုန်ဖြင့် တိုးတက်လာသည်ကို တွေ့မြင်ရပါကြောင်း တင်ပြအပ်ပါသည်။ ။

**အာဆီယံစီးပွားရေးဝန်ကြီးများအနေဖြင့် အာဆီယံဒေသတွင်းသာမကဘဲ အာဆီယံစီးပွားရေးအသိုက်အဝန်း၏ ရည်မှန်းချက်အရ ဒေသပြင်ပ နိုင်ငံများနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ရာမှာလည်း ပုဂ္ဂလိကကဏ္ဍ၏ ပူးပေါင်းဆောင်ရွက်မှုကို အရေးပေးခဲ့ပါသည်။**



## ကျေးရွာများတွင် ဆိုလာစွမ်းအင်သုံး လျှပ်စစ်မီးတပ်ဆင်ရေး စီမံကိန်းအတွက် လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် အောက်တိုဘာ ၂၃**

အာရှဖွံ့ဖြိုးရေးဘဏ် (ADB) ၏ နည်းပညာအထောက်အပံ့အစီအစဉ်အရ မြန်မာနိုင်ငံအတွက် အကူအညီပေးသည့် Technical Assistance Project - TA 7512: Empowering the Poor through Increasing Access to Energy ကို နော်ဝေနိုင်ငံနှင့် ADB တို့က ထောက်ပံ့သော အမေရိကန်ဒေါ်လာနှစ်သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံကိန်းအရ အကောင်အထည်ဖော်မည့် ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့ရှိ ကျေးရွာများတွင် Solar စွမ်းအင်သုံး လျှပ်စစ်မီးတပ်ဆင်ရေးစီမံကိန်းအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၂၂ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးအောင် တက်ရောက်အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ဒုတိယဝန်ကြီး ဦးမျိုးအောင်က အမှာစကားပြောကြားရာတွင် ချင်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာများကို Solar Home System, Solar Mini-Grid Line, Solar Charging System Solar Lantern တို့ကို တပ်ဆင်ပေးမည်ဖြစ်ကြောင်း၊ စက်မှုဝန်ကြီးဌာနအနေဖြင့် ငွေကြေးစိုက်ထုတ်ရန် အခက်အခဲရှိသော လူထုနှင့် ယင်းတို့၏ အခက်အခဲအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာနသို့ ကြားဝင်စေ့စပ်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ စီမံကိန်း၏ ရည်ရွယ်ချက်နှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ပြည်သူလူထုအကြား စိမ့်ဝင်နားလည်စေရေး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများ၏ ညှိနှိုင်းစွမ်းဆောင်မှုကို အထောက်အကူပြုစေရေးအတွက် အကောင်းဆုံးနည်းလမ်းတစ်ခုကို ညှိနှိုင်းအဖြေရှာကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါဒေသများတွင် လျှပ်စစ်မီး အမှန်တကယ်မရရှိသေးသော ကျေးရွာများကို ပြန်လည်စိစစ်ရွေးချယ်ရန်နှင့် စက်တပ်ဆင်မှုအတွက် ကုန်ကျစရိတ်များကို ADB၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အစိုးရနှင့် ကျေးရွာလူထုက အချိုးကျ ကျခံရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(မြန်မာ့အလင်း)**

## ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၂၃**

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော PETROVIETNAM EXPLORATION PRODUCTION OVERSEAS CO.,LTD သည် မုတ္တမကမ်းလွန်လုပ်ကွက်အမှတ် M-2 တွင် Side Scan Sonar Survey တိုင်းတာခြင်းလုပ်ငန်းများကို MV.SEA PRINCESS (Call Sign; XYFU) ဖြင့် အောက်ဖော်ပြပါ Coordinates များတွင် ၂၅-၁၀-၂၀၁၄ ရက်မှ ၃၁-၁၀-၂၀၁၄ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| Point(A) | 15. 46'26"N | 93.54'54"E |
| Point(B) | 15. 47'59"N | 93.56'39"E |
| Point(C) | 15. 46'25"N | 93.58'15"E |
| Point(D) | 15. 44'59"N | 93 56'38"E |

၂။ အထက်ဖော်ပြပါ လုပ်ငန်းခွင်ဧရိယာ လေးကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရေး ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာထားသည်။

**(မြန်မာ့အလင်း)**

## မုဒုံမြို့တွင် စာပေရေချမ်းစင်ဖွင့်

**မုဒုံ အောက်တိုဘာ ၂၃**

ပြည်သူများ စာဖတ်သည့် အလေ့အကျင့်ရရှိစေရေး၊ စာဖတ်ခြင်းဖြင့် အတွေးအခေါ် ဗဟုသုတ တိုးပွားစေရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်စေရေး စသော ရည်ရွယ်ချက်များဖြင့် မြို့နယ်ပြန်/ဆက်ဦးစီးဌာန ယာဉ်လုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေး ကော်မတီနှင့် ဌာနဆိုင်ရာများ ပူးပေါင်းကူညီပံ့ပိုးမှုဖြင့် စာပေရေချမ်းစင်ဖွင့်ပွဲကို အောက်တိုဘာ ၁၉ ရက် နံနက် ၈ နာရီက မုဒုံမြို့ ချောင်းနှစ်ခွကားဂိတ်၌ ကျင်းပသည်။ **(အောက်ပုံ)**

အဆိုပါ စာပေရေချမ်းစင် ဖွင့်သောနေရာသည် မုဒုံမြို့တွင် လူအစည်ကားဆုံးနေရာတစ်ခုဖြစ်သည့်အတွက် ပြည်သူများအနေဖြင့် ဝမ်းမြောက်လျက်ရှိသည်။

**မိုးစန္ဒာ(iprd)**





**အောက်တိုဘာ ၂၂ ရက် နံနက် ၈ နာရီက လမိုင်းမြို့ မော့ကနင်ရွာသစ်ကျေးရွာရှိ ဝဲဒုံချောင်းအတွင်းမှ အရှည် ခြောက်ပေ သုံးလက်မ၊ လုံးပတ်နှစ်ပေခန့်ရှိသော မိကျောင်းအမအရှင် ဖမ်းမိစဉ်။** (အဆိုပါဖမ်းမိသော မိကျောင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ရေးမြို့နယ် သစ်တောဦးစီးဌာနက ယာယီထိန်းသိမ်းထားကြောင်း သိရသည်။) နေမျိုးထွန်း (ရေး)

## လူကိုလူချင်းကုန်ကူးမှု ပတ်ဝန်းကျင်တွင်ဂရုပြု

ပြည်တွင်းသတင်း

# ပြီးခဲ့သော အာဆီယံအစည်းအဝေးများမှ အားသာချက်၊ အားနည်းချက်ရယူပြီး လာမည့်အစည်းအဝေးတွင် လစ်ဟာမှုမရှိအောင်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၂၃**

(၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးနှင့်စပ်လျဉ်း၍ အာဆီယံထိပ်သီးနှင့်ဆက်စပ်အစည်းအဝေးများကျင်းပရေးကော်မတီ၏ ၂၀၁၄ ခုနှစ် နှစ်ဝက် တတိယအကြိမ် အစည်းအဝေးကို အောက်တိုဘာ ၂၃ ရက် မွန်းလွဲပိုင်းက နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန စတုရဂ်ဗလခန်းမ၌ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေး၌ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပနိုင်ရေးအတွက် ဆပ်ကော်မတီ အသီးသီးက လုပ်ငန်းစဉ်များကို အချိန်မီပြီးစီးစေရန် ဆောင်ရွက်နိုင်ရေး၊ ကျင်းပပြီးခဲ့သော အာဆီယံအစည်းအဝေးများမှ အားသာချက်၊ အားနည်းချက်များကို ရယူ၍ လာမည့်အစည်းအဝေးတွင် လစ်ဟာမှုမရှိအောင် ဆောင်ရွက်နိုင်ရေးတို့နှင့်စပ်လျဉ်း၍ ပြောကြားသည်။

ယင်းနောက် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က အာဆီယံစီးပွားရေးမဏ္ဍိုင်နှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့နောက် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးနှင့်စပ်လျဉ်း၍ ဆပ်ကော်မတီ



အသီးသီး၏ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံခြားရေးဝန်ကြီးဌာန အစည်းအဝေးဖြစ်မြောက်ရေးလုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်များက ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# (၅)ကြိမ်မြောက် ဥရောပအာရှ မျက်စိဆရာဝန်များညီလာခံဖွင့်

**ရန်ကုန် အောက်တိုဘာ ၂၃**

(၅)ကြိမ်မြောက် ဥရောပအာရှ မျက်စိဆရာဝန်များ ညီလာခံဖွင့်ပွဲ အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးရှိ Chatrium Hotel ၌ အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီက ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းအောင် တက်ရောက်



အဖွင့်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို အဆင့်ဆင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ Vision 2020 ကို ၁၉၉၉ မှစတင်၍ နည်းလမ်းအသွယ်သွယ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရည်မှန်းချက်ပြည့်မီတော့မည်ဖြစ်ပါကြောင်း။

ကျန်းမာရေး ဝန်ကြီးဌာနမှ မျက်စိ ကျန်းမာရေးဆောင်ရွက်ရာတွင် ဆေးရုံမျက်စိစောင့်ရှောက်မှုနှင့် မျက်ခမ်းစပ်/မျက်မမြင် ကာကွယ်ရေးစီမံကိန်းများကို နည်းလမ်း နှစ်သွယ်ဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ မျက်မမြင်ကာကွယ်ရေးအတွက် ခွဲစိတ်ကိရိယာ၊ စက်ပစ္စည်းများပံ့ပိုးခြင်း၊ ပြည်ပသို့ ပညာတော်သင်စေလွှတ်ခြင်း၊ ပညာရေးဆိုင်ရာ နှီးနှောဖလှယ်ပွဲများကျင်းပခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ ယနေ့ကျင်းပသော ညီလာခံမှသည် ဥရောပနိုင်ငံများနှင့် အာရှနိုင်ငံများ အချင်းချင်း ရင်းနှီးချစ်ကြည်မှုတည်ဆောက်နိုင်ပြီး နိုင်ငံအချင်းချင်းပညာရေးအတွေ့အကြုံကောင်းများကို နှီးနှောဖလှယ်၍ ပူးပေါင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် မြန်မာနိုင်ငံဆရာဝန်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအေးအောင်နှင့် မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာတင်ဝင်းတို့က ညီလာခံကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး Dr. Phat Eam-LIM က S.E.O အကြောင်းကို ရှင်းလင်းတင်ပြခဲ့သည်။ အခမ်းအနားသို့ မျက်စိအထူးကုဆရာဝန်ကြီးများ၊ Eurasian Ophthalmological Association မှ ဧည့်သည်တော် ပါမောက္ခများ၊ မြန်မာနိုင်ငံဆေးကောင်စီနှင့် ဆေးပညာရှင်များ၊ ဧည့်သည်တော်များ၊ မျက်စိဆရာဝန်များ တက်ရောက်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် မျက်စိအထူးကုဆေးရုံကြီး ပြင်ပလူနာဌာနတွင် လာရောက်ပြသသော မျက်စိလူနာများအား ကြည့်ရှုအားပေးစကားပြောကြား၍ လူနာစမ်းသပ်ခန်း၊ လေဆာစက်ဖြင့် စမ်းသပ်ခန်း၊ အတွင်းတိမ်နှင့်ရေတိမ် မျက်စိစမ်းသပ် ဆေးကုသပေးနေမှုကို မျက်စိအထူးကု ဆေးရုံအုပ်ကြီး ဒေါက်တာခင်ငြိမ်းလင်းနှင့် မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာတင်ဝင်းက ရှင်းလင်းပြသမှုကို ကြည့်ရှုခဲ့သည်။ ယင်းနောက် အမျိုးသားမျက်စိဘဏ်သို့ သွားရောက်ကြည့်ရှု၍ လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)** **(သတင်းစဉ်)**

# မူဆယ်တွင် ကျပ် ၁၀၀၀၀တန် ငွေစက္ကူအတု ကျပ်သိန်း ၈၀ ကျော် ဖမ်းမိ

**မူဆယ် အောက်တိုဘာ ၂၃**

အောက်တိုဘာ၂၁ရက်ကမူဆယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ကင်းလှည့်တာဝန် ထမ်းဆောင်နေစဉ် စွမ်စော်ရပ်ကွက် ဆုံစည်းရာတည်းခိုခန်းအနီးရှိ ဆံသဆိုင်ရှေ့တွင် မောင်ဝင်ယုကွမ်း(၁၆နှစ်)၊ မောင်ကျောင်ယုံဟု(၁၈နှစ်)၊ မောင်ယိယွင်စန်း(၁၆နှစ်) မူဆယ်မြို့နေသူ သုံးဦးကို မသင်္ကာဖွယ်တွေ့ရှိရ၍ စစ်ဆေးရှာဖွေခဲ့ရာ မြန်မာငွေစက္ကူ ကျပ် ၁၀၀၀၀ တန်အတုဟုယူဆရသော ငွေစက္ကူခုနစ်ရွက်ကို တွေ့ရှိရသည်။ ၎င်းတို့၏ ထွက်ဆိုချက်အရ ကောင်းမှုတုံရပ်ကွက် ဆင်ဖြူဈေး စိန်ရွှေအမိန့်ရ အပေါင်ဆိုင်တွင် (Kenbo-125) ဆိုင်ကယ်ကို သွားရောက်ပေါင်နှံစဉ် ဆိုင်ပိတ်သွားခဲ့၍ ဆိုင်အနီး အမျိုးသားတစ်ဦးက ငွေကျပ် ၁၅၀၀၀၀ ဖြင့် လိုက်လံဝယ်ယူသဖြင့် ရောင်းချခဲ့ရာ အဆိုပါ ကျပ် ၁၀၀၀၀ တန်ငွေများ ပါလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆိုင်ကယ်ဝယ်သွားသူကို ဖမ်းဆီးရမိရေးအတွက် ရဲတပ်ဖွဲ့ဝင်များက ပူးပေါင်းစစ်ဆေးခြင်း၊ ပိတ်ဆို့ရှာဖွေခြင်းများဆောင်ရွက်ခဲ့ရာ ယင်းနေ့နေ့လယ်ပိုင်းတွင် လူငယ်သုံးဦးထံမှ ဆိုင်ကယ်ဝယ်သူ ကောင်းမှုတုံရပ်ကွက်ဆင်ဖြူဈေးဝင်းနေ ထွန်းထွန်းဦး (ခ)အိုက်ထွန်း (၃၆ နှစ်)ကို နေအိမ်၌ ဖမ်းမိခဲ့သည်။

၎င်းကို စစ်ဆေးရာတွင် ထွန်းထွန်းဦး(ခ)အိုက်ထွန်းက ငွေစက္ကူအတုများအား ၁၀၅ မိုင် မိုင်းယုရွာနေ ဝင်းနိုင်ထံမှ ရရှိခဲ့ကြောင်း၊ အောက်တိုဘာ ၁၈ ရက်တွင် မိမိအိမ်ကို ရောက်ရှိလာပြီး ကျပ် ၁၀၀၀၀ တန် ငွေစက္ကူအတုအရွက် ၂၀ ပေးခဲ့ကြောင်း၊ တစ်ရွက်လျှင် မြန်မာငွေကျပ် ၈၀၀၀ နှုန်း ပေးချေရန်ပြောဆိုခဲ့ကြောင်းနှင့် ယင်းငွေများဖြင့် လူငယ်သုံးဦးထံမှ ဆိုင်ကယ်ဝယ်ယူခဲ့ကြောင်း သိရှိရသည်။

မြို့နယ်ဒုတိယရဲမှူး ဇော်လင်းနှင့် ပူးပေါင်းအဖွဲ့သည် မူဆယ်မြို့နယ် ၁၀၅ မိုင် မိုင်းယုရွာနေ ငွေစက္ကူအတုဖြန့်ဝေသူ ဝင်းနိုင် (၄၈ နှစ်) နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဝင်းနိုင်ဝတ်ဆင်ထားသည့် ဘောင်းဘီအိတ်အတွင်းမှ ကျပ် ၁၀၀၀၀ တန် မြန်မာငွေစက္ကူ အတုသုံးရွက်၊ နေအိမ်အနောက်ဘက် ပန်းခုံအောက်တွင် ပလတ်စတစ်အိတ် ဖြင့်ထုပ်လျက် မြန်မာငွေစက္ကူ ၁၀၀၀၀ တန် အရွက် ၁၀၀ ပါ ၁၀ အုပ် စုစုပေါင်း ၁၀၀၀၀ တန် ၈၀၃ ရွက်ကို တွေ့ရှိသိမ်းဆည်းနိုင်ခဲ့သည်။

ဝင်းနိုင်၏ ပြောပြချက်အရ တစ်ဖက်နိုင်ငံ ဝမ်တိန်မြို့ရှိ ဝမ်ချန်းဆိုသူထံမှ ရရှိခဲ့ကြောင်း၊ သစ်သီးပွဲရုံလုပ်ငန်း လုပ်ကိုင်ရန် ငွေလိုသဖြင့် ယခင်က ပွဲရုံလုပ်ငန်းလုပ်ကိုင်စဉ် ခင်မင်ရင်းနှီးခဲ့ဖူးသော ဝမ်ချန်းက အောက်တိုဘာ ၁၃ရက်တွင် ၁၀၀၀၀ တန် မြန်မာငွေစက္ကူ ၁၀၀ ပါ ၁၀ အုပ်၊ ငွေကျပ်သိန်း ၁၀၀ ထုတ်ပေးခဲ့ကြောင်း၊ သုံးရွက်အပိုတွေ့၍ လက်ဝယ်ထားရှိခဲ့ကြောင်းနှင့် ထိုအထဲမှ မူဆယ်မြို့ ဆင်ဖြူဈေးနေသူ သူငယ်ချင်းဖြစ်သူ ထွန်းထွန်းဦးကို ငွေစက္ကူအတုအရွက် ၁၀၀ပါ နှစ်အုပ်ပေးခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ထို့ကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့က တရုတ်နိုင်ငံ ရွှေလီမြို့ မူခင်းရဲတပ်ဖွဲ့နှင့် ဆက်သွယ်၍ ဝမ်တိန်မြို့နေ ဝမ်ချန်းအား ဖမ်းဆီးရမိရေး ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး ဝမ်ချန်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေခဲ့ရာ တီဗွီစင်အံဆွဲအတွင်းမှ ကျပ် ၁၀၀၀၀ တန် နှစ်အုပ်တွေ့ရှိခဲ့သည်။ ဝမ်ချန်း၏ ထွက်ဆိုချက်အရ တရုတ်နိုင်ငံ ချန်ရှီးပြည်နယ်နေ ရှီဟုန်ရွှေ့ထံမှ ရရှိခဲ့ကြောင်း သိရှိရသဖြင့် ရွှေလီရဲတပ်ဖွဲ့က စစ်ဆေးဆောင်ရွက်လျက်ရှိသည်။ မြန်မာငွေစက္ကူအတုများ လက်ဝယ်ထားရှိသုံးစွဲသူ၊ တစ်ဖက်နိုင်ငံမှ ငွေစက္ကူအတုများကို ပြည်တွင်းသို့ သယ်ဆောင်ဖြန့်ဖြူးသူ ထွန်းထွန်းဦး(ခ) ထွန်းထွန်း(ခ) အိုက်ထွန်း(ခ) အိုက်အုန်းနှင့် ဝင်းနိုင်တို့ကို မူဆယ်မြို့မရဲစခန်းက အမှုဖွင့် ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဖမ်းဆီးရရှိသည့် ကျပ် ၁၀၀၀၀ တန် အရေအတွက်မှာ ၎င်းဖြစ်စဉ်တွင် ပထမ ခုနစ်ရွက်၊ ဒုတိယအကြိမ် ၈၀၃ ရွက်၊ ထွန်းထွန်းဦးထံမှ ထပ်မံသိမ်းဆည်းရရှိသည့် ၁၀ရွက် စုစုပေါင်း ၁၀၀၀၀ တန် အရွက် ၈၂၀ တန်ဖိုးအားဖြင့် ငွေကျပ် ၈၂ သိန်းရှိကြောင်းသိရသည်။ **သိန်းဇော်(ရွှေလီဦး)**



ဝင်းနိုင်



ထွန်းထွန်းဦး(ခ)
ထွန်းထွန်း

# ပြင်ဦးလွင် တန်ဆောင်တိုင်မီးပုံးပျံပွဲတော် မဲနှိုက်၍ ပွဲစဉ်ဇယားရေးဆွဲ

**ပြင်ဦးလွင် အောက်တိုဘာ ၂၃**

၂၀၁၄ ခုနှစ် မဟာအံ့ထူးကံသာဘုရား ပြင်ဦးလွင် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် မီးပုံးပျံအသင်းများ၏ ပွဲစဉ်ဇယားများကို အောက်တိုဘာ ၂၃ ရက် နံနက်တွင် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဧရာဝတီခန်းမ၌ မဲနှိုက်၍ ဆုံးဖြတ်ရေးဆွဲခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးနှင့် ပွဲတော် ဖြစ်မြောက်ရေး ကော်မတီ အတွင်းရေးမှူး ဦးကျော်ဌေးကိုတို့က အမှာစကားပြောကြားပြီး မီးပုံးပျံလွှတ်တင်ရမည့် နေ့ရက်နှင့် အစီအစဉ် ပွဲစဉ်ဇယားများကို ရေးဆွဲခဲ့ကြကြောင်း သိရသည်။

ပြင်ဦးလွင် တန်ဆောင်တိုင်မီးပုံးပျံပွဲတော်ကြီးကို နိုဝင်ဘာ ၃ ရက်မှ ၇ ရက်အထိ မီးပုံးပျံလွှတ်တင်ပြိုင်ပွဲများ၊ ရောင်စုံခါတ်ပုံပြိုင်ပွဲများ၊ မသိုးသင်္ကန်းရက်လုပ်ပွဲများ၊ ပျော်ပွဲရွှင်ပွဲအားကစားပြိုင်ပွဲများ၊ အရောင်းမြှင့်တင်ဈေးပွဲတော်များ၊ အငြိမ့်ဇာတ်သဘင်တေးဂီတစသည်တို့ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။ **သက်နိုင်(ပြင်ဦးလွင်)**

## ပြည်တွင်းသတင်းနှင့်ကြော်ငြာ

# ပြည်မြို့ ရွှေဆံတော်စေတီဗုဒ္ဓပူဇနီယပွဲနှင့် (၁၁၅)နှစ်ပြည့် မြတ်စွယ်တော်ဖွင့်လှစ်အပူဇော်ခံပွဲကျင်းပမည်



**ပြည် အောက်တိုဘာ ၂၃**

နှစ်စဉ်ကျင်းပမြဲဖြစ်သော ပြည် မြို့လေးဆူဓာတ်ပျော် ရွှေဆံတော် စေတီတော်မြတ်ကြီး ဗုဒ္ဓပူဇနိယ ပွဲတော်နှင့် (၁၁၅)ကြိမ်မြောက် မြတ်စွယ်တော် အပူဇော်ခံပွဲကို ၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ ရက် (၃၀-၁၀-၂၀၁၄) ရက်နေ့မှ တန်ဆောင်မုန်းလပြည့်ကျော် ၂ ရက် (၈-၁၁-၂၀၁၄) ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော်ကြီး ကျင်းပနေစဉ် ၁၀ ရက်အတွင်း နံနက် ၅ နာရီတွင် စေတီတော်မြတ်ကြီး ရင်ပြင်တော်ပေါ် မုခ်လေးမုခ်၌ ဆွမ်းတော်ကြီး ကပ်လှူခြင်းနှင့် ဝတ်အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ခြင်းတို့ကို ပြုလုပ်မည်ဖြစ်သည်။ ဖျော်ဖြေပွဲအနေဖြင့် စေတီတော်မြတ်ကြီး ရင်ပြင်တော် အဂ်ါထောင့်၌ တေးဂီတဖြင့် ပူဇော်၍ ပွဲတော်ကွင်း၌ ဗလာဇာတ်ပွဲများ၊ ဆိုင်းပွဲများ၊ မြန်မာ့ရိုးရာ ခြင်းအလှခတ်ပွဲများဖြင့် ဖျော်ဖြေကြမည်ဖြစ်သည်။

(၁၇၈)

✳ *ကျောဖုံးမှ*

ပတ်သက်သူတွေ ပူးပေါင်းစီမံအုပ်ချုပ်တဲ့ စနစ်တစ်ရပ်ကို ပြောင်းလဲကျင့်သုံးသွားရမှာဖြစ်ပါတယ်" ဟုလည်း ဦးဇော်ဝင်းမြင့်က ဆက်လက်ပြောကြားခဲ့သည်။

သဘာဝတောတွင်းရှိ ဝါးတောများကို ရေရှည်စီမံအုပ်ချုပ်မှုနှင့် စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲနိုင်ရေးနှင့် ပတ်သက်ပြီး မြန်မာနိုင်ငံသည် ရှေးယခင်နှစ်များနှင့်စာလျှင် လူဦးရေများပြားလာခြင်း၊ လမ်းများတိုးတက်ကောင်းမွန်လာခြင်း၊ ဆည်တာတမံများ တိုးချဲ့ဖောက်လုပ်လာခြင်းတို့ကြောင့် သဘာဝတောများ ပေါက်ရောက်သည့် ဧရိယာများ တဖြည်းဖြည်း လျော့နည်းကျဆင်းလာကြောင်း၊ ဝါးထုတ်လုပ်မှုအပိုင်းတွင် ရှေးယခင်က အခွန်တော်များကောက်သည့်စနစ်နှင့် ထိန်းချုပ်ခြင်း၊ သတ်မှတ်ဧရိယာ၊ သတ်မှတ်ကြိုးဝိုင်းနယ်နိမိတ်အတွင်း ခုတ်ယူသုံးစွဲစေခြင်း၊ နှစ်စဉ် ဝါးထုတ်လုပ်မှုအရေအတွက် ကန့်သတ်ခြင်း စသည့်စနစ်များ ကျင့်သုံးခဲ့ကြောင်း၊ ယခုအခါ ဝါးများကို နှစ်စဉ်ထုတ်ယူသုံးစွဲရာ၌ လွယ်ကူသည့်နေရာများမှ ထုတ်ယူခြင်း၊ ဦးရာလူစနစ်ဖြင့် ခုတ်ယူသုံးစွဲခြင်းတို့ကြောင့် သဘာဝတောများ၏ အရေအတွက်နှင့် အရည်အသွေးများ ကျဆင်းလာလျက်ရှိရာ ရေရှည်တည်တံ့သော ဝါးစီမံအုပ်ချုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးကို အစီအစဉ်များနှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝါးသယံဇာတဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များ ကောက်ယူပြီး လက်ရှိအခြေအနေကို သုံးသပ်နိုင်ရန်၊ စီမံအုပ်ချုပ်မှုနည်းလမ်းများ ဖော်ထုတ်နိုင်ရန်နှင့် ရေရှည်တည်တံ့သည့် ဝါးစီမံအုပ်ချုပ်ခြင်းဆိုင်ရာ ဆောင်ရွက်သင့်သည့်လုပ်ငန်းများ ဖော်ထုတ်နိုင်ရန်အတွက် ပညာရှင်များ၊ ဝါးလုပ်ငန်းရှင်များ ဆက်စပ်ပါဝင်သည့် အလုပ်ရုံဆွေးနွေးပွဲကို ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် သာယာဝတီမြို့၌ ဩဂုတ် ၂၈ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

သာယာဝတီခရိုင်တွင် ရှေ့ပြေးစမ်းသပ်ဆောင်ရွက်မှုအနေဖြင့် ဝါးအလုပ်တိုက်နယ်များဖွဲ့စည်း၍ စနစ်တကျထုတ်လုပ်စေရန် ကြိုးကြပ်ဆောင်ရွက်ခြင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် စိတ်ပါဝင်စားသူများအား ဝါးစိုက်ခင်း တည်ထောင်လုပ်ကိုင်ခွင့်ပေးခြင်း၊ ဒေသခံများအား အစုအဖွဲ့ပိုင်သစ်တော တည်ထောင်ရန် ပညာပေးစည်းရုံးခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျေးလက်နေပြည်သူများသည် ဝါးကို သစ်အစားထိုးအိမ်တိုင်၊ ခြံတိုင်၊ အမိုးအကာအဖြစ် လည်းကောင်း၊ ဖျာ၊ ဆန်ကော၊ ဆန်ခါ၊ ခြင်းအမျိုးမျိုး စသည့် လူ့အသုံးအဆောင်ပစ္စည်းများအဖြစ် လည်းကောင်း၊ မျှစ်စသည့် အစားအစာအဖြစ် လည်းကောင်း၊ စိုက်ပျိုးရေးသုံးပစ္စည်းကိရိယာအဖြစ် လည်းကောင်း ထုတ်ယူအသုံးပြုလျက်ရှိကြသည်။

ဝါးကို ဘီယာ၊ ဝါးပါကေး၊ အလှကုန်ပစ္စည်းနှင့် ဆေးဝါးများအထိ တန်ဖိုးမြင့်ပစ္စည်းအမျိုးမျိုး ထုတ်ယူသုံးစွဲနိုင်ရန် ခေတ်မီနည်းပညာနှင့် အရင်းအနှီးမြောက်မြားစွာ လိုအပ်လျက်ရှိရာ အတတ်ပညာရှင်များ၊ စီးပွားရေးပညာရှင်များနှင့် ဝါးထုတ်လုပ်သည့် ဒေသခံပြည်သူများ ပူးပေါင်း၍ နိုင်ငံတကာနှင့် ချိတ်ဆက်ကာ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ် ဆောင်ရွက်နိုင်မှသာ ပြည်သူများ သက်သာသောနှုန်းဖြင့် အဆင့်မီဝါးပစ္စည်းများကို အသုံးပြုနိုင်မည်ဖြစ်ပြီး ပြည်ပဝင်ငွေပါ တိုးမြှင့် ရှာဖွေပေးနိုင်မည်ဖြစ်ကြောင်း သစ်တောပညာရှင်တစ်ဦးက သုံးသပ်ပြောကြားသည်။

ကမ္ဘာတွင် မြန်မာနိုင်ငံသည် တတိယမြောက် ဝါးတောဧရိယာ ပိုင်ဆိုင်မှုမြင့်မားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သည့်အပြင် နိုင်ငံအတွင်း၌ ဝါးမျိုးစု ၂၂ ခုနှင့် မျိုးစိတ် ၁၀၂ ခုတို့ သဘာဝအလျောက် ပျံ့နှံ့ပေါက်ရောက်လျက်ရှိသော်လည်း ဝါးမှဝင်ငွေရရှိမှု အလွန်နည်းပါးသည့်နိုင်ငံဖြစ်သောကြောင့် ဝါး၏ အခန်းကဏ္ဍကို မြှင့်တင်ပေးရန် လိုအပ်ကြောင်း သိရသည်။

## မိုးလေဝသ အခြေအနေ

**နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။
**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။
**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

(မိုး/ဇလ)

# အများပြည်သူသို့ အသိပေးပန်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများ ကြံ့ခိုင်မှုရှိစေရန်၊ ဓာတ်လိုက်မှုအန္တရာယ်မှ ကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများ လျော့နည်းစေရန်အတွက် ဓာတ်အားလိုင်းများနှင့်မလွတ်သော သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းနှင့် ဓာတ်အားခွဲရုံများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ သက်ဆိုင်ရာမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အောက်တိုဘာ ၂၅ ရက်တွင် ဒဂုံ(အရှေ့)၊ တာမွေ၊ သင်္ဃန်းကျွန်း၊ ရန်ကင်း၊ မင်္ဂလာတောင်ညွန့်၊ ဒဂုံ(ဆိပ်ကမ်း)၊ ဗိုလ်တထောင်၊ သာကေတ၊ ဒေါပုံ၊ တောင်ဥက္ကလာပ၊ ဒဂုံ(မြောက်)၊ ကျောက်တံတား၊ လမ်းမတော်၊ အလုံ၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ဗဟန်း၊ လှိုင်၊ မရမ်းကုန်း၊ ဒဂုံ၊ သုံးခွ၊ ခရမ်း၊ တံတား၊ သန်လျင်၊ ကျောက်တန်း၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ လက်ခုပ်ကုန်း၊ ကျိုက်ထော်၊ ဆိပ်ကြီးခနောင်တို၊ အင်းစိန်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ လှည်းကူး၊ မှော်ဘီ၊ တိုက်ကြီး၊ ထောက်ကြံ့၊ ဖောင်ကြီးမြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉နာရီမှ မွန်းတည့် ၁၂ နာရီအတွင်းလည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအတွင်းလည်းကောင်း အချိန်ပိုင်း ဓာတ်အား ပြတ်တောက်မှုများရှိမည် ဖြစ်ပါသည်။

အောက်တိုဘာ ၂၆ ရက်တွင် ရွှေပေါက်ကံ၊ ဒဂုံ(အရှေ့)၊ ဒဂုံ(တောင်)၊ သာကေတ၊ ဒေါပုံ၊ တောင်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ ဒဂုံ(ဆိပ်ကမ်း)၊ ပုဇွန်တောင်၊ လမ်းမတော်၊ စမ်းချောင်း၊ ကြည့်မြင်တိုင်၊ ဗဟန်း၊ လှိုင်၊ မရမ်းကုန်း၊ သန်လျင်၊ အင်းစိန်၊ လှိုင်သာယာ၊ ရွှေပြည်သာ၊ အဖျောက်မြို့နယ်များ၏ ရပ်ကွက်အချို့၊ CNG ဆိုင်အချို့နှင့် စက်မှုဇုန်အချို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း လည်းကောင်း၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီအတွင်း လည်းကောင်း အချိန်ပိုင်းဓာတ်အား ပြတ်တောက်မှုများ ရှိမည်ဖြစ်ပါသည်။

ယင်းသို့ ဓာတ်အားဖြတ်တောက်၍ လုပ်ငန်းဆောင်ရွက်ရခြင်းသည် ဓာတ်အားဖြန့်ဖြူးမှုစနစ်အတွင်းရှိ ဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများကြံ့ခိုင်မှုရှိစေရန် ဓာတ်လိုက်မှုအန္တရာယ်မှကင်းဝေးစေရန်၊ ဓာတ်အားပြတ်တောက်မှုများလျော့နည်းစေရန်အတွက် ပုံမှန်မဖြစ်မနေ ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်းဖြစ်၍ ဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ဓာတ်အားပြတ်တောက်မှုကြောင့် လူမှုရေးအခက်အခဲများ ပေါ်ပေါက်နိုင်မှုအပေါ် နားလည်ခွင့်လွှတ်ပါရန် ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ အများပြည်သူသို့ အသိပေးပန်ကြားအပ်ပါသည်။

**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**

# တောင်ငူတက္ကသိုလ်၌ ပျားမွေးမြူရေးအကြောင်း သိကောင်းစရာပညာပေးသင်တန်းဖွင့်

**တောင်ငူ အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူတက္ကသိုလ် သတ္တဗေဒဌာနခန်းမဆောင်၌ အောက်တိုဘာ ၂၂ရက် နံနက်ပိုင်းက ပျားမွေးမြူရေးအကြောင်း သိကောင်းစရာ ပညာပေးသင်တန်းဖွင့်ပွဲ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနဝန်ကြီး ဦးတင်စိုးနှင့် တောင်ငူတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာစမ်းစမ်းမာတို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ သတ္တဗေဒဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာ ဝင်းဝင်းသန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များနှင့်ပတ်သက်၍ ပညာရေးပြုပြင်ပြောင်းလဲမှုများတွင် ပညာရေးအနှစ်သာရမှာ နိုင်ငံ့သားကောင်းများပေါ်ထွက်လာစေပြီး စိတ်ဓာတ်ကောင်း၊ စည်းကမ်းကောင်းမွန်သော၊ အရည်အသွေးမြင့်မားပြည့်ဝသော၊ ဘက်စုံဖွံ့ဖြိုးတိုးတက်သော၊ ကျောင်းသားကျောင်းသူများဖြစ်လာစေရန် ရည်ရွယ်၍သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး ပဲခူးတိုင်းဒေသကြီး ပျားလုပ်ငန်းဌာနဦးစီးမှူး ဦးထွန်းဦးက ပျားမွေးမြူရေးအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

(၁၁၅)







## ဖခင်အမည်မှန်

သာစည်မြို့၊ အထက သာဂရတက္ကသိုလ်ဝင်တန်း(B)မှ မောင်ထက်ခိုင်ဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစိုးလှိုင် ၉/သစန(နိုင်)၀၃၈၅၆၃ ဖြစ်ပါကြောင်း။

**ဦးစိုးလှိုင်**

## ဖခင်အမည်မှန်

ရေဦးမြို့၊ အထက(၁)တက္ကသိုလ်ဝင်တန်း(E)မှ မခိုင်စပါယ်၏ ဖခင်အမည်မှန်မှာ ဦးဘုန်းကြွယ်၅/ခဥန(နိုင်)၀၂၅၁၀၆ ဖြစ်ပါကြောင်း။

**ဦးဘုန်းကြွယ်**

## ရွှေပိဋကတ်ကျောင်းတိုက် ကထိန်သင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် နာယကဆရာတော်ကြီးများ အုပ်ချုပ်သော ရွှေပိဋကတ်တိုက်၌ ပုရိမဝါဆို ဝါကပ်တော်မူကြသည့် သံဃာတော်များနှင့် ပင့်သံဃာတော်အရှင်မြတ် အပါး(၂၇၀) ကျော်တို့အား ပရိယတ္တိသာသနပါလအသင်းမှကြီးမှူးကာ (၅၆)ကြိမ်မြောက် ကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပါမည်။ အခမ်းအနားကို (၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ ရက်) ၂၆-၁၀-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ပါဠိတက္ကသိုလ် ညောင်တုန်းကျောင်းတိုက် အဘိဓဇဆွမ်းစားကျောင်းတော်ကြီး၌ ကျင်းပမည်ဖြစ်ပါသည်။

သင်္ကန်းဒွိစုံ ၅၀၀၀ိ/(မိမိနှစ်သက်ရာဖြစ်စေ) သံဃာတစ်ပါးအတွက် ဆွမ်းစရိတ် ၂၀၀၀ိ/-စသည့်လှူဖွယ်ပစ္စည်းများကို ပရိယတ္တိသာသနပါလအသင်း အမှုဆောင်အဖွဲ့သို့ ဆက်သွယ်လျက် စေတနာသုံးတန်ပြဋ္ဌာန်းပြီး နိဗ္ဗာန်ရည်မှန်း လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**ပရိယတ္တိသာသနပါလအသင်း**
**ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက်**
**ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်အောင်ဇင်ထွန်း၏ ပတ်စ်ပို့ No-665118မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဖုန်း-၀၉-၄၂၅၂၉၂၈၂၆**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၈/၄၃၁၀ CHERY QQ-3, S/L (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမြင့် ၁၂/ပဘတ(နိုင်)၀၂၀၃၆၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**









## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် ၇ခ/၆၉၅၆ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ (ရွာသာကြီး)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9D/ 4844 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

အမှတ် ၇၂၊ C/ငါးလွှာ အနောက်မြင်းပြိုင်ကွင်းနေ ဒေါ်စိန်စိန် ၁၂/မဘန(နိုင်)၀၀၃၀၈၆ ၏သမီး မမြစုလှိုင် ၁၃/ရစန(နိုင်)၀၅၁၉၉၅ သည် မိခင်နှင့်ဆွေမျိုးများ၏ ဆိုဆုံးမစကားကို မလိုက်နာဘဲ မိမိသဘောဆန္ဒအရ ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါသည်။ ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို လုံးဝတာဝန်မယူပါ။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**မိခင်- ဒေါ်စိန်စိန်**

## လူပျောက်ကြော်ငြာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ တမ္ပဝတီရပ်ကွက်၊ အာတီစီတိုက်တန်းနေ (ဦးအောင်ဆန်းဦး)-ဒေါ်နွဲ့နွဲ့ဝင်းတို့၏သမီး၊ ဒေါ်ဖော့ဖြူ၏မြေး မခင်ချောစုသည် ၁၉-၁၀-၂၀၁၄ ရက်တွင် နေအိမ်မှပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်အကြောင်းကြားပါရန်နှင့် သွေးဆောင်ဖြားယောင်း လက်ခံထားသူများအား တရားဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်ဖော့ဖြူ**
**ဖုန်း-၀၉-၃၃၁၁၁၂၇၆**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ကျွန်ုပ်သည် ဦးသန်းထိုက် ၁၂/သဃက(နိုင်)၀၉၁၁၃၂ ထံမှ ၎င်းပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ပြည်တော်အေးလမ်း၊ အမှတ် ၁၂၅၊ သုံးထပ်ခွဲတိုက်၏ ဒါဘာ(Pent House) ခြေရင်းခန်းကို ဥပဒေနှင့်အညီ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောအထောက်အထားနှင့်တကွ ကျွန်ုပ်ထံ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မြတ်သင်းခိုင်**
**အမှတ်(၂၃၇)၊ ပြည်တော်အေးလမ်း၊**
**လေးထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်း၊**
**ဖုန်း-၀၉-၅၀၅၀၅၂၃**

# အလိမ္မာ စာမှာရှိ

ပြည်တွင်းသတင်းနှင့်ကြော်ငြာ



# ဆန်စပါးကြိတ်ခွဲထုတ်လုပ်မှုဆိုင်ရာ နည်းပညာအဆင့်မြှင့်တင်ခြင်းစီမံကိန်းအတွက် Stakeholders Meeting ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၃**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် United Nations Industrial Development Organization (UNIDO) တို့ ပူးပေါင်းကျင်းပသည့် ရာသီဥတုဖောက်ပြန်ပြောင်းလဲမှုနှင့် လိုက်လျောညီထွေဖြစ်စေမည့် မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု လုပ်ငန်းစဉ်ရှိ ဆန်စပါးကြိတ်ခွဲထုတ်လုပ်မှုဆိုင်ရာ နည်းပညာအဆင့်မြှင့်တင်ခြင်း စီမံကိန်းအတွက် Stakeholders Meeting ကို အောက်တိုဘာ ၂၂ ရက် နံနက် ၉ နာရီက Park Royal Hotel နေပြည်တော်၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဒုတိယဝန်ကြီးဒေါက်တာပွင့်ဆန်း တက်ရောက်၍ အဖွင့်အမှာစကားပြောကြားရာတွင် UNIDO က ကူညီထောက်ပံ့ပေးမည့် အစီအစဉ်သည် နိုင်ငံတော်အစိုးရအနေဖြင့် လည်းကောင်း၊ တာဝန်ယူဆောင်ရွက်နေသော မိမိတို့ဝန်ကြီးဌာနအနေဖြင့် လည်းကောင်း၊ အမှန်တကယ်လိုအပ်နေ သော အစီအစဉ်တစ်ခုဖြစ်ကြောင်း၊ မြန်မာနိုင်ငံဆန်စပါး စိုက်ပျိုးထုတ်လုပ်ရေးနယ်ပယ်တွင် အဓိကအခန်းကဏ္ဍအဖြစ်ပါဝင်နေသည့် ဆန်စပါးကြိတ်ခွဲရေးနည်းပညာ၊ ရာသီဥတုဖောက်ပြန်မှုနှင့် လိုက်လျောညီထွေဖြစ်စေမည့်နည်းလမ်းများကို မြှင့်တင်ပေးနိုင်ကြောင်း၊ ရည်ရွယ်ထားသောဒေသများတွင် သင့်လျော်သောစပါးအခြောက်ခံခြင်းနှင့် ကြိတ်ခွဲထုတ်လုပ်ခြင်းများကို တည်ဆောက်ပေးနိုင်ကြောင်း၊ ဈေးကွက်ဝင်ထုတ်ကုန်များထုတ်လုပ်နိုင်ခြင်း၊ ရိတ်သိမ်းချိန်လွန်လုပ်ငန်းစဉ်များကို အဆင့်မြှင့်တင်နိုင်ရန်အတွက် Capacity Building ပြုလုပ်နိုင်ကြောင်း၊ စီမံကိန်းမှရရှိသောရလဒ်များ၊ အကျိုးကျေးဇူးများနှင့် အကောင်းဆုံးသော အတွေ့အကြုံများကို ကျေးလက်ဒေသမှထုတ်လုပ်သူများနှင့် စိုက်ပျိုးရေးဆိုင်ရာ စက်မှုကဏ္ဍများတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေသွားနိုင်မည့် ရလဒ်များရရှိလာမည်ဖြစ်သည့်အတွက် မိမိတို့ဝန်ကြီးဌာန၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များသည်UNIDO နှင့် ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ United Nations Industrial Development Organization (UNIDO) ရုံးချုပ်မှ Ms.Yvonne NaaNorley LOKKO က စီမံကိန်းနှင့်ပတ်သက်သည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာကြသူများက စီမံကိန်းဆိုင်ရာ လုပ်ငန်းများကို အပြန်အလှန် ဆွေးနွေးညှိနှိုင်းကြသည်။

အဆိုပါ Stakeholders Meeting သို့ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမဝန်ကြီးဌာန၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနနှင့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ ဆန်စပါးဆိုင်ရာ အသင်းအဖွဲ့များနှင့် မြန်မာ့ကုန်ပစ္စည်း စစ်ဆေးရေးနှင့် စမ်းသပ်မှုလုပ်ငန်း လီမိတက်တို့မှ တာဝန်ရှိသူများ စုစုပေါင်း ၄၀ တက်ရောက်ကြကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၃-၁၀-၂၀၁၄

| ရွှေဈေးနှုန်း (အောင်သမာဓိ) | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၉၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၂၀၇၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၅၉၅၀၀ |

| စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်) | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၈၁၄ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၁၀၀၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၉၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၁၂၀၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၉၄၀ |

| သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ) | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၃၂၀၀-၃၅၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၂၇၀၀-၃၀၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၅၅၀၀-၇၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၁၂၀၀၀-၁၅၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၄၅၀၀-၇၅၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၉၀၀၀-၁၇၀၀၀ |
| ၇။ | ငါးသားလောက် | တစ်ပိဿာ | ၆၀၀၀-၇၅၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၅၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၇၅၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၈၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၂၀၀၀-၁၇၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၇၀၀၀-၁၀၀၀၀ |

| နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ) | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၉၉၄-၉၉၇ |
| ဥရောပ | တစ်ယူရို | ၁၃၄၀-၁၃၄၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၇၇၉-၇၈၅ |
| ထိုင်း | တစ်ဘတ် | ၃၂.၅-၃၂.၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၆-၁၆.၂၃ |
| တရုတ် | တစ်ယွမ် | ၁၆၂-၁၆၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၀-၃၀၇ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

# ပုလဲသွယ်(၁) အထူးအထွက်တိုး စပ်မျိုးစပါးဝတ်မှုန်ကူးပွဲကျင်းပ



**နေပြည်တော် အောက်တိုဘာ ၂၃**

နေပြည်တော် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် ပုလဲသွယ်(၁) အထူးအထွက်တိုးစပ်မျိုးစပါး ဝတ်မှုန်ကူးပွဲတော်ကို အောက်တိုဘာ ၂၃ ရက် နံနက် ၈ နာရီခွဲက နေပြည်တော်ရေဆင်းတက္ကသိုလ်စိုက်ပျိုးရေးကွင်း၌ ကျင်းပသည်။

အဆိုပါပွဲတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပါမောက္ခချုပ်ဒေါက်တာမျိုးကြွယ်က အမှာစကားပြောကြားပြီး လက်ထောက်ကထိက ဆရာဦးကြည်မိုးက ဝတ်မှုန်ကူးခြင်းနှင့်ပတ်သက်သည်များကို ရှင်းလင်းပြောကြားသည်။ အခမ်းအနားသို့ ပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ နောက်ဆုံးနှစ် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုခဲ့ကြောင်းသိရသည်။

**သတင်းနှင့်ဓာတ်ပုံ- ဇူလိုင်မိုး**


## ရွှေပေါက်ကျွန်းသာသနာပြုစခန်း
## တန်ဆောင်တိုင် မဟာဘုံကထိန်ပွဲတော်နှင့်
## တဝစေတီတော်မြတ် စိန်ဖူးတော်တင်လှူပွဲ



### ဖခင်အမည်မှန်

လယ်ဝေးမြို့နယ်၊ အထက(၅)၊ အေလာ တက္ကသိုလ်ဝင်တန်း(D)မှ မသက်သက် ၏ ဖခင်အမည်မှန်မှာ ဦးစံမြင့် ၉/လဝန(နိုင်) ဝ၆၁၀၇၃ ဖြစ်ပါကြောင်း။

**ဦးစံမြင့်**



### သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

မိတ္ထီလာမြို့၊ သီရိမင်္ဂလာရပ်ကွက်နေ HJ ဦးခလီ(ခ)ဦးသက်ဆွေ ၁၂/မဂတ(နိုင်) ဝ၃၅၆၇၇-HJ ဒေါ်ခင်ဝင်းတို့၏ သားများဖြစ်သော မောင်ဇော်မျိုးဝင်း ၉/မထလ(နိုင်) ၂၀၂၀၆၄ နှင့် မောင်ဇော်မျိုးမင်း ၉/မထလ(နိုင်)၃၂၀၄၄၇ တို့သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံပါသဖြင့် သားများအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ **မိဘများ**

**ဦးခလီ(ခ)ဦးသက်ဆွေ-ဒေါ်ခင်ဝင်း**




နိုင်ငံတကာအားကစားနှင့် ကျော်ကြား

# အားသွန်ရမယ့် ဒေါ့မွန်၊ သောကများရမယ့် ရှော်လ်ကေး

ဒီတစ်ပတ်ရဲ့ ဘွန်ဒက်စ်လီဂါပွဲစဉ်(၉)ကို အောက်တိုဘာ ၂၅ ရက်မှာ အကြိတ်အနယ်နွှဲကြရဦးမှာဖြစ်ပါတယ်။ ဒီတစ်ပတ်မှာတော့ ဒေါ့မွန်တို့ နိုင်ပွဲပြန်ရှာဖွေဖို့ အားထုတ်လာမှာဖြစ်ပြီး ရှော်လ်ကေးကလည်း သေသေချာချာပြင်ဆင်ကစားမှာမို့ လေဗာကူဆင်တို့လည်း အသက်ရှူမှားအောင် ခုခံရမယ့်အခြေအနေဖြစ်တာကြောင့် ရင်သပ်ရှုမောစွာ အားပေးရဦးမယ့်ပွဲတွေပဲဖြစ်ပါတယ်။

**ဒေါ့မွန်နှင့် ဟန်နိုဗာ**

ခံစစ်ပိုင်းအားနည်းချက်ရှိနေတဲ့ ဒေါ့မွန်ဟာ ဒီနှစ်ဘွန်ဒက်စ်လီဂါမှာတော့ ပုံမှန်ခြေစွမ်းမရသေးပါဘူး။ ရလဒ်တွေဆိုးရွားနေမှုကို အဆုံးသတ်ဖို့ ကြိုးစားနေတဲ့ဒေါ့မွန်ဟာ ဟန်နိုဗာနဲ့ဆုံတိုင်း ရှုံးပွဲမရှိခဲ့တာမို့ ဒီပွဲမှာအမှတ်ပြည့်ရယူဖို့ အားသွန်ကစားပါလိမ့်မယ်။ ဒေါ့မွန်တို့ သုံးမှတ်သေချာစေမယ့်ပွဲပါ။

**လေဗာကူဆင်နှင့် ရှော်လ်ကေး**

ဒီနှစ်မှာ အိမ်ကွင်းရှုံးပွဲမရှိသေးတဲ့ လေဗာကူဆင်ဟာ ရှော်လ်ကေးကို အလေးထားကစားပါလိမ့်မယ်။ တိုက်စစ်မှူးတွေ ဂိုးသွင်းအားကောင်းသလောက် ခံစစ်မှူးတွေရဲ့ အမှားအယွင်းများနေတာတွေကိုမပြုပြင်ရင် လေဗာကူဆင်ဟာ မိမိကွင်း၊ မိမိပရိသတ်ရှေ့မှာ ခံစားမှုနက်ရှိုင်းသွားနိုင်ပါတယ်။ ဒါပေမယ့် ရှော်လ်ကေးရဲ့ အဝေးကွင်းရလဒ်က ဆက်တိုက်ဆိုးရွားနေတာမို့ အိမ်ရှင်နဲ့အတူလက်တွဲပြီး အားပေးတာအကောင်းဆုံးပါပဲ။

**အော့စ်ဘတ်နှင့် ဖရိုင်းဘတ်**

အိမ်ကွင်းမှာရလဒ်ကောင်းအောင် အားထုတ်နိုင်တဲ့အော့စ်ဘတ်ဟာ ဒီနှစ်အိမ်ကွင်း၊ အဝေးကွင်းတွေမှာ နိုင်ပွဲဈေးဦးမပေါက်သေးတဲ့ ဖရိုင်းဘတ်ကိုဖိအားပေး ကစားပါလိမ့်မယ်။ တိုက်စစ်အားမကောင်းသလို ခံစစ်ပိုင်းအားနည်းတဲ့ ဖရိုင်းဘတ်အတွက် မုန်တိုင်းထန်ဦးမယ့်ပွဲပါ။

**ဖရန့်ဖတ်နှင့် စတုဂတ်**

ဒီနှစ်ခြေစွမ်းထက်နေတဲ့ ဖရန့်ဖတ်ဟာ တိုက်စစ်မှူးတွေ ဂိုးသွင်းအားကောင်းသလောက် ပေးဂိုးတွေလည်းများနေပါတယ်၊ ဖရန့်ဖတ်ရဲ့ အဓိကအားနည်းချက်က အိမ်ကွင်းမှာ ရှုံးပွဲတွေများနေတာမို့ စတုဂတ်အတွက် အိပ်မက်တွေအကောင်အထည်ဖော်သွားနိုင်တဲ့ ပွဲဖြစ်ပါလိမ့်မယ်။

**ဝါဒါဘရီမင်နှင့် ကိုလုံး**

ဒီနှစ်ဘွန်ဒက်စ်လီဂါမှာ နိုင်ပွဲဈေးဦးမပေါက်သေးတဲ့ ဝါဒါဘရီမင်ဟာ အခုပွဲမှာလည်း အိမ်ကွင်းဖြစ်ပေမယ့် ကိုလုံးကို ဖြတ်ကျော်ဖို့ မလွယ်ပါဘူး။ ကိုလုံးဟာ အဝေးကွင်းမှာ အမှတ်ရအောင်ကစားတတ်တာမို့ ဝါဒါဘရီမင်တို့ တစ်မှတ်ရအောင် ကြိုးစားအားထုတ်ရမယ့်ပွဲဖြစ်ပါတယ်။

**ဟာသာဘာလင်နှင့် ဟမ်းဘတ်**

အိမ်ကွင်းမှာ ကစားပုံကောင်းမွန်တဲ့ ဟာသာဘာလင်တို့အတွက် အဝေးကွင်းမှာ စွမ်းဆောင်မှုအားမြင့်တဲ့ ဟမ်းဘတ်ကို ပင်ပန်းကြီးစွာ ကျော်ဖြတ်ရဖို့ရှိနေပါတယ်။ ခြေရည်တူတဲ့ နှစ်သင်းဖြစ်ပြီး ဟမ်းဘတ်ရဲ့ အမှတ်လိုအပ်မှု ပြင်းထန်တာကို အိမ်ရှင်တို့ ဟန့်တားဖို့မလွယ်ပါဘူး။ အကြိုက်က အိမ်ရှင်ဖြစ်ပေမယ့် ညှိသည်ကိုပစ်ပယ်ဖို့ မသင့်တဲ့ပွဲဖြစ်ပါတယ်။ ။

**မိုးမြင့်လင်းလက်**

## ဥရောပ ပြည်တွင်းလိဂ် ပွဲစဉ်များ

သီဟ

**အင်္ဂလန်ချန်ပီယံရှစ် ပွဲစဉ်(၁၄)** **အောက်တိုဘာ ၂၅**

| | | | |
|---|---|---|---|
| ဖူလ်ဟမ် | - | ချာလ်တန် | နံနက် ၁း၁၅ |

**ပြင်သစ်လီဂူး ပွဲစဉ်(၁၁)** **အောက်တိုဘာ ၂၅**

| | | | |
|---|---|---|---|
| တူးလော့စ် | - | လန်းစ် | နံနက် ၁း၀၀ |

**ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၉)** **အောက်တိုဘာ ၂၅**

| | | | |
|---|---|---|---|
| ဝါဒါဘရီမင် | - | ကိုလုံး | နံနက် ၁း၀၀ |

**စပိန်လာလီဂါ ပွဲစဉ်(၉)** **အောက်တိုဘာ ၂၅**

| | | | |
|---|---|---|---|
| ဆယ်လ်တာဗီဂို | - | လီဗန်တေး | နံနက် ၁း၃၀ |

### ဆယ်လ်တာဗီဂို Vs လီဗန်တေး

ဆယ်လ်တာအိမ်ကွင်းမှာ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဆယ်လ်တာက ရမှတ် ၁၃ မှတ်ဖြင့် အဆင့်ခုနစ်မှာ ရပ်တည်နေပါတယ်။ နောက်ဆုံး အိမ်ကွင်းငါးပွဲမှာ သုံးပွဲနိုင်၊ တစ်ပွဲရှုံး၊ တစ်ပွဲသရေ ရထားပါတယ်။ လီဗန်တေးအသင်းမှာ ရမှတ်ငါးမှတ် အဆင့်၁၉ တန်းဆင်းဇုန်ထဲရောက်နေပြီး နောက်ဆုံးအဝေးကွင်းငါးပွဲမှာ နှစ်ပွဲရှုံး၊ တစ်ပွဲနိုင်၊ နှစ်ပွဲသရေ ရရှိထားပါတယ်။ နှစ်သင်းတွေ့ဆုံမှုရဲ့ နောက်ဆုံး ၁၀ နှစ်အတွင်း အိမ်ရှင်ကျရောက်တဲ့အသင်းက နိုင်ပွဲမရှိဘဲ ရလဒ်ဆိုးတာ တွေ့ရပါတယ်။ ၁၀ နှစ်အတွင်း နှစ်သင်းတွေ့ဆုံမှု ရှစ်ကြိမ်မှာ ဆယ်လ်တာ အိမ်ကွင်း လေးကြိမ်တွင် နှစ်ပွဲရှုံး၊ နှစ်ပွဲသရေ ရရှိထားပြီး လီဗန်တေး အိမ်ကွင်း လေးကြိမ်တွင် တစ်ပွဲသရေ၊ သုံးပွဲရှုံးထားပါတယ်။

လက်ရှိမှာ ဆယ်လ်တာအသင်းက ခြေစွမ်းတည်ငြိမ်မှုရှိနေပြီး ၁၀ နှစ်အတွင်း ရလဒ်ဆိုးများကို ချေဖျက်နိုင်မှာဖြစ်လို့ အိမ်ရှင်အသင်းကို အားပေးလိုက်ပါတယ်။

### အောက်တိုဘာ ၂၃ ချန်ပီယံလိဂ် ဂိုးရလဒ်များ

| | | |
|---|---|---|
| အက်သလက်တီကို | ၅-၀ | မယ်လ်မို |
| အိုလံပီယာကို့စ် | ၁-၀ | ဂျူဗင်တပ်စ် |
| လူဒိုဂိုရက်စ် | ၁-၀ | ဘေဆယ်လ် |
| လေဗာကူဆင် | ၂-၀ | ဇင်းနစ် |
| မိုနာကို | ၀-၀ | ဘင်ဖီကာ |
| ဂါလာတာစာရေး | ၀-၄ | ဒေါ့မွန် |




## ရိုမေးနီးယားတင်းနစ်မယ် ဆီရီနာဝီလျံကိုအနိုင်ယူ



ကမ္ဘာ့နံပါတ်တစ် တင်းနစ်အားကစားမယ် ဆီရီနာဝီလျံသည် စင်ကာပူနိုင်ငံ၌ကျင်းပလျက်ရှိသော WTA Finals တင်းနစ်ပြိုင်ပွဲတွင် ဆီမိုနာလက်ကို ၆-၀၊ ၆-၂ဖြင့်ရှုံးပြီး ပြိုင်ပွဲမှထွက်ခဲ့ရသည်။ ဆီရီနာဝီလျံသည် ၁၉၉၈ ခုနှစ်နောက်ပိုင်း အဆိုပါရှုံးနိမ့်မှုမှာ အဆိုးရွားဆုံးသော ရှုံးနိမ့်မှုဖြစ်သည်ဟု ဆိုသည်။ အသက် ၃၃ နှစ်ရှိ ဂရင်းဆလမ်ဖလား ၁၈ လုံး ဆွတ်ခူးခဲ့သော ဆီရီနာဝီလျံသည် အိုကလာဟိုးမားမြို့၌ကျင်းပခဲ့သော အဆိုပါပြိုင်ပွဲရှုံးနိမ့်စဉ်က အသက် ၁၆ နှစ်သာ ရှိသေးသည်။

သူမသည် ဂျိုနက်ဂျာခရူဂျာအား ထိုစဉ်က ၆-၁၊ ၆-၁ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ "ဆီရီနာနဲ့ကစားခဲ့တဲ့ပွဲဟာ ကျွန်မတစ်သက်မှာတော့ အကောင်းဆုံးပွဲပါပဲ"ဟု အသက် ၂၃ နှစ်အရွယ် ရိုမေးနီးယားတင်းနစ်မယ်လက်က ပြောသည်။

## ပွဲပြီးရန် နှစ်မိနစ်အလို ချေပဂိုးများသွင်းပြီး အာဆင်နယ်နိုင်

ချန်ပီယံလိပ်အုပ်စုပွဲအဖြစ် အန်ဒါလက်ချ်အသင်းနှင့် အာဆင်နယ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်က ပွဲပြီးရန် နှစ်မိနစ်အတွင်း နှစ်ဂိုးဆက်တိုက်သွင်းကာ အသက် ၆၅ နှစ်ပြည့် နည်းပြအာစင်ဝင်းဂါး၏ မွေးနေ့အဖြစ် အောင်ပွဲခံအနိုင်ယူခဲ့သည်။ ဘယ်လ်ဂျီယံချန်ပီယံ အန်ဒါလက်ချ်အသင်းသည် ပွဲချိန် ၇၁ မိနစ်တွင် နာဂျာ၏ ခေါင်းတိုက်ဂိုးဖြင့် အာဆင်နယ်ကို အနိုင်ယူထားသော်လည်း ပွဲပြီးရန် နှစ်မိနစ်အလိုတွင် ကီရန်ဂစ်၏ မြေမကျဘောနှင့် ပိုဒေါ်စကီး၏ အနီးကပ်သွင်းဂိုးတို့ကြောင့် အနိုင်မှအရှုံးဖြစ်ခဲ့ရသည်။

## လီဗာပူး ရီးရဲကို ဂိုးပြတ်ရှုံးနိမ့်

ချန်ပီယံလိဂ်အုပ်စုပွဲအဖြစ် လီဗာပူးနှင့် ရီးရဲမက်ဒရစ်တို့ ယှဉ်ပြိုင်ကစားခဲ့ရာ ရော်နယ်ဒိုနှင့်ဘင်ဇီမာတို့၏ သွင်းဂိုးများဖြင့် ရီးရဲမက်ဒရစ်က သုံးဂိုးပြတ်ဖြင့် အနိုင်ရခဲ့သည်။ ပွဲစပြီး ၂၃ မိနစ်အကြာ စီရိုနယ်ဒိုက ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဘင်ဇီမာက ပထမပိုင်းမပြီးမီ နှစ်ဂိုးထပ်မံသွင်းယူခဲ့သည်။ လီဗာပူးအသင်းသည် သမိုင်းတစ်လျှောက် အိမ်ကွင်း၌ ပထမပိုင်းတွင် သုံးဂိုးအသွင်းခံရခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

ယင်းပွဲတွင် စီရိုနယ်ဒိုသွင်းယူခဲ့သောဂိုးမှာ ၎င်းသွင်းယူခဲ့သော ဂိုးများတွင် ဂိုး ၇၀ မြောက်ဖြစ်သည်။

**ကောင်းမြတ်သူ-စုစည်းသည်**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**

### အဆိုပြုတင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့နယ်၊ နန္ဒဝန်ရပ်ကွက်၊ မေတ္တာလမ်းနှင့် အောင်ဇေယျလမ်းကြားရှိ အပိုင်း(၂) ဧရိယာ ၅ ဧကပေါ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် တန်ဖိုးမျှတအိမ်ရာ စီမံကိန်းရှစ်ခန်းတွဲ ငါးထပ်အဆောက်အအုံ ၁၂ လုံး တည်ဆောက်ခြင်းလုပ်ငန်းအား တင်ဒါခေါ်ယူ ဆောင်ရွက်မည်ဖြစ်ပါ၍ အောက်ပါအစီအစဉ်အတိုင်း လုပ်ငန်းတင်ဒါများ လျှောက်ထားပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) | **လျှောက်လွှာဝယ်ယူရန်** | - ၂၇-၁၀-၂၀၁၄ ရက် |
| (ခ) | **တင်ဒါပိတ်မည့်ရက်** | - ၂၇-၁၁-၂၀၁၄ ရက် ၁၆း၀၀ နာရီ |
| (ဂ) | **တင်ဒါတင်သွင်းရမည့်နေရာ** | - လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ မုံရွာမြို့ |

၂။ တင်ဒါစည်းမျဉ်းစည်းကမ်းနှင့် တင်ဒါခေါ်ယူသည့်အချက်အလက်များ အသေးစိတ်သိရှိလိုပါက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး ဖုန်း-၀၇၁-၂၄၃၁၂ နှင့် တိုင်းဒေသကြီးမြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဖုန်း-၀၇၁-၂၄၈၇၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**တိုင်းဒေသကြီးအစိုးရအဖွဲ့**




**ငြင်းချက်ထုတ်ရန်သမ္မန်စာ**
**(တရားမကျင့်ထုံး ကိုခဉပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)**
**မိုးကုတ်မြို့နယ်တရားရုံးတော်၌**
**၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၂၂**

| | | |
|---|---|---|
| ဒေါ်တင့်တင့်စိုး | **နှင့်** | ဦးသံချောင်း |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ မိုးကုတ်မြို့နယ်၊ မြို့မရပ်ကွက်၊ ဈေးဟောင်းရပ်၊ အမှတ်(ဂ/၄၅)နေ ဦးသံချောင်း(ယခုလိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တင့်တင့်စိုးက ၂၃-၇-၁၉၉၇ ရက်စွဲပါ အိမ်အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက် ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၂၈ရက် (၁၃၇၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် အောက်တိုဘာ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

**(ရွှေစင်ထွန်း)**
**ဒုတိယမြို့နယ်တရားသူကြီး**
**မိုးကုတ်မြို့နယ်တရားရုံး**

**အမည်ပြောင်း**

ဦးရွှေဖျိုင်း၏သမီး တွံတေးမြို့အထက(၁) တက္ကသိုလ်ဝင်တန်း(စီ)မှ မသက်ပိုင်ဖူးအား မအေးမြတ်ကြည်ဟု ပြောင်းလဲခေါ်ပါရန်။

**အေးမြတ်ကြည်**

ကြော်ငြာ


68 Residence
We Define Lifestyle
ရွှေနန်းတော် စိန်ရွှေရတနာလုပ်ငန်းစု၏ ပထမဦးဆုံးခြေလှမ်းသစ်
68 RESIDENCE CONDOMINIUM
Developed By:
UNITED
Development by GOLDEN PALACE
ကမ္ဘာအေးဘုရားလမ်းနှင့် ဆရာစံလမ်းထောင့်၊ တိုးတွားပိုင်မြေ တစ်ဧကပေါ်ရှိ
အထပ်ပေါင်း (၂၇)ထပ်၊ အခန်းပေါင်း (၃၇၅)ခန်းပါရှိမည့် ကမ္ဘာ့အဆင့်ကွန်ဒိုမီနီယံနှင့်
SOMERSET SERVICED RESIDENCE ပါရှိသော
မြန်မာနိုင်ငံ၏ ပထမဦးဆုံး ကမ္ဘာ့အဆင့်အိမ်ရာစီမံကိန်း
More than
78%
Sold Out
ဝယ်ယူအားပေးသည့်
မိတ်ဆွေများအား
ကျေးဇူးဥပကာရ
အထူးတင်ရှိပါသည်။
• မြန်မာနိုင်ငံ၏ ပထမဦးဆုံးသော INFINITY SKY SWIMMING POOL & GARDEN @ 27TH STOREY
• မြန်မာနိုင်ငံ၏ပထမဦးဆုံးသော DUAL KEY SYSTEM UNIT များ
• LOW E-GLASS SYSTEM
• DUPLEX SYSTEM
• အဆင့်မြင့် SMART HOME SYETEM နှင့် လုံခြုံရေး FINGER PRINT ACCESS SYSTEM
PARTNERS
KBZ BANK
ZONE
SOMERSET SERVICED RESIDENCE
SOILBUILD
777
1st Prize
2nd Prize
3rd Prize
CONDOMINIUM တစ်ခန်း
BMW 528 BRAND NEW
CONDOMINIUM LAW အရ
အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးနေပါသည်။
SHOWROOM :
44/A, SAYAR SAN ROAD, BAHAN TOWNSHIP, YANGON, MYANMAR.
09-4202 88025, 09-4253 10993, 09-730 40513, 09-4500 21758, 09-540 7541, 09-2501 41060
OPEN DAILY
ROOM TYPES
SQFT

# ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များအား ဆွဲဆောင်စေမည့်

# တီးမစ်ချိုင့်ဝှမ်းလွင်ပြင်ကို သဘာဝထိန်းသိမ်းစောင့်ရှောက်ရေးနယ်မြေအဖြစ်သတ်မှတ်

**ဟားခါး အောက်တိုဘာ ၂၃**

ချင်းပြည်နယ်အတွင်းရှိ အထင်ကရနေရာများအနက် ဟားခါးမြို့နှင့် ထန်တလန်မြို့အကြား ဟားခါးမြို့မှ ရှစ်မိုင်အကွာတွင်တည်ရှိပြီး မြေပြန့်ရှစ်မိုင်ပတ်လည်ကျယ်ဝန်းသည့် တီးမစ်ချိုင့်ဝှမ်းလွင်ပြင်လည်း တစ်ခုအပါအဝင်ဖြစ်ရာ အဆိုပါလွင်ပြင်ကို သဘာဝထိန်းသိမ်းစောင့်ရှောက်ရေးနယ်မြေအဖြစ်သတ်မှတ်ထားကြောင်း ချင်းပြည်နယ် သစ်တောဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ယင်းချိုင့်ဝှမ်းလွင်ပြင်မှာ ဟားခါးမြို့သို့ရောက်ရှိလာသည့် ပြည်တွင်းပြည်ပဧည့်သည်များအတွက် အလည်အပတ်သွားရောက်အပန်းဖြေစရာ နေရာတစ်ခုအဖြစ် ထင်ရှားသည့် လွင်ပြင်ဖြစ်ပြီး ချင်းပြည်နယ် ချင်းတိုင်းရင်းသားတို့၏ သမိုင်းဝင်မြေနေရာတစ်ခုဖြစ်ကြောင်း၊ ထို့ပြင် ရှေးနှစ်ပေါင်းမြောက်မြားစွာကပင် ချင်းတိုင်းရင်းသားတို့၏ တန်ဖိုးထားထိန်းသိမ်းထားသော နယ်မြေတစ်ခုဖြစ်ကြောင်း၊ ယခုအခါ ထိုလွင်ပြင်ဒေသ၌ စပါးစိုက်ပျိုးကာ သစ်ပင်ခုတ်လှဲမှု၊ အမဲလိုက်မှု၊ ကျေးငှက်ပစ်ခတ်မှုများရှိလာရာ သက်ဆိုင်ရာက ဝိုင်းဝန်းထိန်းသိမ်းရန် လိုလားလျက်ရှိကြောင်း၊ ထို့ကြောင့် ပြည်နယ်အစိုးရအနေဖြင့် ပြည်ထောင်စုဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် သဘာဝထိန်းသိမ်းရေးနယ်မြေအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ကြောင်း ဒေသခံမြို့မိမြို့ဖတစ်ဦး၏ ပြောပြချက်အရ သိရသည်။



သဘာဝထိန်းသိမ်းစောင့်ရှောက်ရေးနယ်မြေအဖြစ် သတ်မှတ်ထားရှိသော တီးမစ်ချိုင့်ဝှမ်းလွင်ပြင်သည် စပါးစိုက်ခင်းများအလယ်တွင် ထန်တလန်မြို့ဘက်ရှိ တောင်ကုန်းတောင်တန်းများပေါ်မှဖြတ်၍ စီးဆင်းလာသော တီးမစ်ချောင်းက ရစ်ခွေစီးဆင်း နေကာ တစ်နှစ်တာကာလပတ်လုံး သဘာဝအလျောက်ပေါက်ရောက် နေသော သစ်ပင်ပန်းမန်များ၊ သဘာဝရှုခင်းများ၊ သဘာဝ တောတောင်များနှင့် တောကောင်သားကောင်များဖြင့် သဘာဝအတိုင်း မပျက် မယွင်း တည်ရှိ နေခြင်းကြောင့် ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များအား ဆွဲဆောင်လျက်ရှိကြောင်း သိရသည်။

**နေစု(ချင်းရိုးမ)**



## ပဋိပက္ခဂရုပြုသတင်းရေးသားနည်း အလုပ်ရုံဆွေးနွေးပွဲ မန္တလေး၌ကျင်းပ

**မန္တလေး အောက်တိုဘာ ၂၃**

နိုင်ငံတကာ မီဒီယာကူညီထောက်ပံ့မှုအဖွဲ့ International Media Support -IMS ၏ ကူညီပံ့ပိုးမှုဖြင့် ပဋိပက္ခဂရုပြုသတင်းရေးသားနည်းအလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၀ ရက် နံနက် ၉ နာရီခွဲက မန္တလေးမြို့ ၈၃ လမ်း ၃၀ လမ်းနှင့် ၃၂ လမ်းကြားရှိ ငွေငန်းဖြူဟိုတယ်၌ ကျင်းပကြောင်း သိရသည်။

ပဋိပက္ခဖြစ်စဉ်သတင်းများကို ရယူရေးသားရာတွင် သတိပြုလိုက်နာသင့်သည့် အချက်များ၊ စောင့်ထိန်းကျင့်သုံးရမည့် ကျင့်ဝတ်များနှင့် ပဋိပက္ခဖြစ်စဉ်အတွင်း သတင်းရယူရေးသားနည်း စသည်များကို အပတ်စဉ်ထုတ်ဂျာနယ်နှင့် နေ့စဉ်ထုတ်သတင်းစာများတွင် ပါဝင်ရေးသားနေသည့် နယ်ပယ်စုံမှ သတင်းထောက်များ သိရှိနားလည်သဘောပေါက်လိုက်နာကျင့်သုံးရေးသားနိုင်ရန် အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် သတင်းစာဆရာများဖြစ်သည့် ဆရာညဏ်လင်းနှင့် ဆရာဇော်ထိုက်တို့က ဦးဆောင်ဆွေးနွေးကြပြီး မန္တလေး၊ ကျောက်ဆည်၊ နတ်မောက်၊ မြင်းခြံ စသည့် မြို့ကြီးများမှ သတင်းထောက် ၁၅ ဦးက အပြန်အလှန်ပါဝင်ဆွေးနွေးကြသည်။

ပဋိပက္ခဂရုပြုသတင်းရေးသားနည်းအလုပ်ရုံဆွေးနွေးပွဲများကို ယခုနှစ်အတွင်း ရန်ကုန်၌ ပထမအကြိမ် ကျင်းပခဲ့ပြီး မန္တလေးမြို့တွင် ကျင်းပပြီးနောက် ဘားအံ၊ ထားဝယ်၊ သံတွဲမြို့များတွင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။ မန္တလေးမြို့ ငွေငန်းဖြူဟိုတယ်၌ ကျင်းပနေသည့် အဆိုပါသတင်းရေးသားနည်း အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၂၀ ရက်မှ ၂၃ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

## တရုတ်-မြန်မာပန်းချီပြပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

တရုတ်-မြန်မာ ပန်းချီပညာရှင်များပူးပေါင်း၍ 2014 China-Myanmar Art Exchange Exhibition ပြပွဲကို နိုဝင်ဘာ ၂၉ရက်မှ ဒီဇင်ဘာ ၃ ရက်အထိ ရန်ကုန်မြို့သံလွင်လမ်းရှိ အမှတ်(၈၄-အေ) New Treasure Art Gallery တွင် ပြသမည်ဖြစ်သည်။

တရုတ်ပန်းချီပညာရှင်များသည် မြန်မာနိုင်ငံသို့ရောက်ရှိနေစဉ်အတွင်း ပုဂံဒေသရှိကမ္ဘာ့အမွေအနှစ်ဆိုင်ရာ ယဉ်ကျေးမှုအနုပညာလက်ရာများ၊ သဘာဝရှုခင်းအလှအပများကို သွားရောက်လေ့လာရေးဆွဲကြမည်ဖြစ်သည်။

အဆိုပါ တရုတ်-မြန်မာ ပန်းချီပညာရှင်ကြီးများ၏ ပန်းချီကားများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် ထပ်မံပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ဥမ္မာသန့်**

## မွေးဖွားမှုမှတ်ပုံတင်ခြင်းအထောက်အကူပြုရေး အသိပေးနှိုးဆော်

**ရန်ကုန် အောက်တိုဘာ ၂၃**

မွေးဖွားမှုမှတ်ပုံတင်ခြင်းလုပ်ငန်းဆောင်ရွက်ရာတွင် အထောက်အကူပြုရေးအတွက် " ရပ်ကွက်အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကလေးမွေးဖွားပြီး သုံးရက်အတွင်း သက်ဆိုင်ရာလမ်းမှူး သို့မဟုတ် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးသို့ လာရောက်အကြောင်းကြားသတင်းပို့ကြပါရန် နှိုးဆော်ပါသည်" ဟူသော အသိပေးနှိုးဆော်စာကို ရန်ကုန်မြို့ တာမွေမြို့နယ် အရှိုးကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးက ရပ်ကွက်အတွင်းရှိ လမ်းများ၊ အချက်အချာကျသောနေရာများ၌ ကြေညာထားသည်ကို တွေ့ရသည်။ **ကိုချစ်**

## မင်းဘူး(စကု)မြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး ကျေးလက်မီးလင်းရေးအောင်ပွဲကျင်းပ

**မကွေး အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် ရေပုတ်ကျေးရွာတွင် လျှပ်စစ်မီးလင်းရေးအတွက်၁၁/၀ ဒသမ ၄ ကေဗွီ ၃၁၅ ကေဗွီအေ ထရန်စဖော်မာကို ကျေးလက်မီးလင်းရေးကော်မတီ၏ ဦးဆောင်မှု၊ မြို့နယ်လျှပ်စစ်တို့၏ ပံ့ပိုးကူညီမှုဖြင့် ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို အောက်တိုဘာ ၂၁ ရက်က လျှပ်စစ်ထရန်စဖော်မာတည်ရှိရာ ရွာဦးထိပ်၌ ကျင်းပသည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း တိုင်းဒေသကြီး အင်ဂျင်နီယာ ဦးသာစိုးက လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းနှင့် ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေက ကျေးရွာလျှပ်စစ်ဓာတ်အားလိုင်းကိုခလုတ်နှိပ်ဖွင့်လှစ်ပြီး ကမ္ပည်းမော်ကွန်းကျောက်စာကို အမွှေးနံ့သာရည်များပက်ဖျန်းပေးသည်။

အဆိုပါ ကျေးရွာကိုယ့်အားကိုယ်ကိုးမီးလင်းရေးကို ငွေကျပ်သိန်း ၄၈၀ အကုန်အကျခံကာ ဆောင်ရွက်ခဲ့ကာ ရေပုတ်ကျေးရွာတွင် နေထိုင်သည့် အိမ်ထောင်စု ၁၇၈ စုရှိပြီး ဘုန်းတော်ကြီးကျောင်း၊ ဓမ္မာရုံနှင့် စာသင်ကျောင်းများအပါအဝင် မီတာအလုံးပေါင်း ၁၈၀ တပ်ဆင်ထားရှိပြီး ဒေသခံရွာသူ ရွာသားများက လျှပ်စစ်မီးရရှိသုံးစွဲခွင့်ရသဖြင့် ဝမ်းသာပီတိဖြစ်လျက်ရှိကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## တူမီးသေနတ်တစ်လက်ဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၂၃**

အောက်တိုဘာ ၂၀ ရက် ညနေ ၆ နာရီခွဲက ကရင်ပြည်နယ် ဘားအံမြို့နယ် အုန်းတစ်ပင်ကျေးရွာ၌ လူတစ်ဦး တူမီးသေနတ်ကိုင်ဆောင်နေကြောင်း သတင်းအရ အိန္ဒူနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များက သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့သည်။ ထိုသို့စစ်ဆေးရာ ၎င်းကျေးရွာနေ မြင့်စိုး(၂၇နှစ်)၏ နေအိမ်ပေါ်တွင် အရှည်လေးပေ၊ ခုနစ်လက်မခန့်ရှိ သစ်သားကိုယ်ထည်ဖြင့်ပြုလုပ်ထားသည့် လက်လုပ်တူမီးသေနတ်တစ်လက်နှင့်အတူ ဖမ်းဆီးရမိခဲ့သောကြောင့် မြင့်စိုးကို အိန္ဒူနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။ **ကိုရဲ**

# ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့ အမှတ်(၂)အထက၊ တက္ကသိုလ်ဝင်တန်း(C)မှ မောင်နေထက်လင်း၏ ဖခင်အမည်မှန်မှာ ဦးသိန်း ၉/ကပတ(နိုင်)၁၁၀၆၉၅ ဖြစ်ပါသည်။

**ဦးသိန်း ၉/ကပတ(နိုင်)၁၁၀၆၉၅**

### အမည်မှန်

ဦးဟံထွန်း ၉/ညဥန(နိုင်)၀၅၇၃၉၆ ၏ သမီး မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ အမှတ်(၂)အထက၊ တက္ကသိုလ်ဝင်တန်း(B)မှ မဖြိုးပပ၏ အမည်မှန်မှာ မဖြိုးပပထွန်း ဖြစ်ပါသည်။ **မဖြိုးပပထွန်း**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ အမှတ်(၂)အထက၊ တက္ကသိုလ်ဝင်တန်း(B)မှ မခိုင်ရွှေစင်၏ ဖခင်အမည်မှန်မှာ ဦးမောင်တာ ၁၂/သဃက(နိုင်)၁၅၁၆၆၂ ဖြစ်ပါသည်။ **ဦးမောင်တာ**

### ဖခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့၊ အမှတ်(၂)အထက၊ တက္ကသိုလ်ဝင်တန်း(B)မှ မဇာဇာမိုး၏ ဖခင်အမည်မှန်မှာ ဦးအေးမင်း ၉/ကပတ(နိုင်)၁၁၉၅၀၃ ဖြစ်ပါသည်။ **ဦးအေးမင်း**

### ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ်၊ အထက ကာဘိုး၊ တက္ကသိုလ်ဝင်တန်း(E) မှ မယဉ်မိုးစံ၏ ဖခင်အမည်မှန်မှာ ဦးငွေးမောင် ၅/ကဘလ(နိုင်)၁၁၇၃၈၁ ဖြစ်ပါသည်။

**ဦးငွေးမောင်**

### ဖခင်အမည်မှန်

ကန့်ဘလူမြို့နယ် အထက ကာဘိုး၊ တက္ကသိုလ်ဝင်တန်း(E)မှ မောင်သိန်းဇော်နှင့် သတ္တမတန်း(A)မှ မအေးအေးအောင်တို့၏ ဖခင်အမည်မှန်မှာ ဦးတောက်ထိန် ၅/ကဘလ(နိုင်)၀၅၂၉၈၇ ဖြစ်ပါသည်။

**ဦးတောက်ထိန်**

### ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ အထက (ခွဲ) ရွှေတောမှ စောအာရှ (G 11) နှင့် နန်းမိုးသစ္စာ (G 7) တို့၏ ဖခင်အမည်မှန်မှာ ဦးစကောတင် ၃/ဘအန(နိုင်)၀၅၆၅၄၆ ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ အထက (ခွဲ) ရွှေတောတက္ကသိုလ်ဝင်တန်းမှ နန်းဆေးအဲဖော့၏ ဖခင်အမည်မှန်မှာ ဦးစောတင်ဦး (ခ)ဦးစောဦးဦး ၃/ဘအန(နိုင်)၁၃၉၄၇၁ ဖြစ်ပါကြောင်း။

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၈၆၄၅၅ Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသန်းအေး ၅/ဒပယ(နိုင်)၀၅၂၃၀၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၅ယ/၅၂၀၉ Kenbo 125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းစောသန္တာဝင်း ၉/အမဇ(နိုင်)၀၂၆၈၂၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၁)၊ မြေကွက်အမှတ်(၇၀၄)၊ မြေကွက်တည်နေရာအမှတ်(၇၀၄)၊ (၁၅၁)ရပ်ကွက်၊ ဒဂုံဆိပ်ကမ်းမြို့နယ် ဦးစိုးမြင့်အမည်ပေါက် ပါမစ်မြေအား အမည်ပေါက်ဦးစိုးမြင့် ကွယ်လွန်သဖြင့် ဇနီးဖြစ်သူ ဒေါ်အေးအေးသန်း (DLA-၀၂၆၅၈၃)မှ ပါမစ်ပျောက် ရပ်ကွက်အုပ်ချုပ်ရေးမှူး ထောက်ခံချက်၊ ရဲစခန်းထောက်ခံချက်၊ ကျမ်းကျိန်လွှာ၊ ဌာနဝန်ခံချက်တို့တင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ် ၆၀ မြေငှားစာချုပ်(ဂရန်) လျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ခ/၅၃၄၆ ယာဉ်လက်ဝယ်ရှိသူ ဦးတိုးရွှေ ၅/အရတ(နိုင်)၀၆၅၇၀၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

### ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(B)မှ မခင်ဇာလင်း၏ ဖခင်အမည်မှန်မှာ ဦးစိုးလင်း ၅/ရဘန(နိုင်)၀၁၃၆၂၃ ဖြစ်ပါကြောင်း။

**ဦးစိုးလင်း**

### ဖခင်အမည်မှန်

ရွှေဘိုမြို့၊ အထက(၁) တက္ကသိုလ်ဝင်တန်း(B)မှ မမြတ်ထက်ဝေ၏ ဖခင်အမည်မှန်မှာ ဦးလွှမ်းမိုး ၅/ရဘန(နိုင်)၀၁၃၂၂၄ ဖြစ်ပါကြောင်း။

**ဦးလွှမ်းမိုး**

### အမည်မှန်

ပဲခူးတိုင်းဒေသကြီး(အရှေ့)၊ ဝေါမြို့နယ်၊ ဆင်ရွာကျေးရွာ အမှတ်-၁ (အထက ခွဲ) တက္ကသိုလ်ဝင်တန်းမှ မပိုပိုအောင်၏ဖခင် ဦးသာဝိုက်၏အမည်မှန်မှာ ဦးငွေဝင်း ၇/ဝမန(နိုင်)၀၇၁၃၃၂ ဖြစ်ပါသည်။

### အမည်ပြောင်း

ဦးမြတ်သူ၏သား စစ်ကိုင်းမြို့၊ ချင်းစုအလက(ခွဲ)၊ ဒုတိယတန်း(က)မှ မောင်ခန့်စည်သာအား မောင်မင်းထက်ဦးဟု ပြောင်းလဲခေါ်ပါရန်။

**မောင်မင်းထက်ဦး**

### ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6F-5955 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇+၃၂ ကံဘဲ့) မိကျောင်းကန်အပိုင်း(၃)၊ မြေကွက်အမှတ်(၆)၊ ဧရိယာ ၀ဒသမ ၁၁၂ဧက၊ နှစ် ၆၀ မြေငှားစာချုပ် အမည်ပေါက်မှာ ဒေါ်မာရစ်ထူဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် အိမ်အရောင်းအဝယ်စာချုပ်အမှတ် (၆၂၉၉/၂၀၁၄)ကိုတင်ပြ၍ ဒေါ်သန်းရင် ၁၃/နခန(နိုင်)၀၃၅၇၆၈ အမည်သို့ပြောင်းလဲခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက အထောက်အထား(မူရင်း)အပြည့်အစုံတင်ပြ၍ ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြေတိုင်းဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

**ဖခင်အမည်မှန်** ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ အထက(ခွဲ)ရွှေတောတက္ကသိုလ်ဝင်တန်းမှ နန်းခင်ထွေးမြင့်၏ ဖခင်အမည်မှန်မှာ ဦးအကျော် ၃/ဘအန(နိုင်)၀၅၆၁၆၉ ဖြစ်ပါကြောင်း။

**အမည်မှန်** လားရှိုးမြို့၊ နေခြည်ကိုယ်ပိုင်အထက်တန်းကျောင်း၊ နဝမတန်းမှ မနန်းဆိုင်းမြစ်ပန်၏အမည်မှန်မှာ မNန်ဆိုင်းမြစ်ပန် ဖြစ်ပါသည်။

**ပြင်ဆင်ဖတ်ရှုပါရန်** ၈-၈-၂၀၁၄ရက် မြန်မာ့အလင်းသတင်းစာ၏ ကြော်ငြာစာမျက်နှာ ၂၂ ကန့်ကွက်ကြော်ငြာ ဒဂုံမြောက်မြို့နယ် ဒေါ်ခင်ကြူသင်း+၁၏ မြေပုံကူးတွင် ပိုင်ဆိုင်စာချုပ်ရန်အစား ပိုင်ဆိုင်နှင့် အရောင်းစာချုပ်ရန် မြေပုံကူးလျှောက်ဟု ဖတ်ရှုပါရန်။

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

# ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ရွှေရတုအထိမ်းအမှတ်ကျင်းပ



**စစ်ကိုင်း အောက်တိုဘာ ၂၃**

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် အခမ်းအနားများကို အောက်တိုဘာ ၂၀ ရက် နံနက် ၈ နာရီက အဆိုပါ တက္ကသိုလ်၌ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေး၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်တင်အောင်ချစ်၊ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံရွှေအောင်၊ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးစိုးတင့်၊ တက္ကသိုလ်ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးတိုးတက်ရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီးများ၊ ဖွံ့ဖြိုးရေးတက္ကသိုလ်မှ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများ၊ သင်တန်းသားသင်တန်းသူများနှင့် ဖွံ့ဖြိုးရေးတက္ကသိုလ်ကျောင်းဆင်းများ တက်ရောက်ကြသည်။

ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးတက္ကသိုလ်ကို ၁၉၆၄ ခုနှစ် အောက်တိုဘာ ၂၀ ရက်တွင် စစ်ကိုင်းမြို့၌ ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံအမည်ဖြင့် စတင်ဖွင့်လှစ်ခဲ့သည်။ ၁၉၆၈ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် ယခုတက္ကသိုလ်တည်ရှိရာ စစ်ကိုင်းမြို့နယ် ရွာသစ်ကြီးကျေးရွာသို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ၁၉၉၁ ခုနှစ် မေ ၁၀ ရက်တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် (၉/၉၁) (ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ်ဥပဒေကိုပြဋ္ဌာန်းပြီး) ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးရေးသိပ္ပံကို တက္ကသိုလ်အဆင့်သို့ တိုးမြှင့်ပေးခဲ့သည်။

၁၉၆၄ ခုနှစ် မှ ၂၀၁၄ ခုနှစ်အထိ တက္ကသိုလ် တည်ထောင်မှုသက်တမ်း နှစ်(၅၀) အတွင်း မွေးဖွားပေးခဲ့သည့် သင်တန်း ဆင်းဦးရေမှာ ၁၂၄၉၃ ဦးဖြစ်ပြီး တက်ရောက်သင်ယူခဲ့သော တိုင်းရင်း သားမျိုးနွယ် စုစုပေါင်းမှာ ၉၂ စု ဖြစ်သည်။

ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် နှစ်(၅၀) ပြည့် ရွှေရတုအထိမ်းအမှတ်ပွဲများအဖြစ် စာတမ်းဖတ်ပွဲကို မွန်းလွဲ ၁ နာရီတွင် လည်းကောင်း၊ ညနေ ၆ နာရီတွင်လည်း နှစ်(၅၀) ပြည့် ရွှေရတုဂုဏ်ပြုညစာစားပွဲနှင့် သင်တန်းသား သင်တန်းသူများနှင့် ကျောင်းဆင်းများ၏ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဆိုအကများဖြင့် တင်ဆက်ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ဆည်များပြန်လည်ပြုပြင်မှုနှင့် စပ်လျဉ်း၍ ကွင်းဆင်းစစ်ဆေး

**ဒီးမော့ဆို အောက်တိုဘာ ၂၃**

ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ဆည်မြောင်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ဆည်ရေသောက် လယ်ယာမြေဧရိယာများ ရေပိုမိုရရှိရေးနှင့် ကုန်ထုတ်တံတားများ တည်ဆောက်ပြီးစီးမှုအခြေအနေများကို လွိုင်ကော်ခရိုင် အုပ်ချုပ်ရေးမှူး၊ ဦးစန်းဝင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် အောက်တိုဘာ ၂၀ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

## ပေါက်မြို့၌ နိုင်ငံတော်ပိုင်ရေနံစိမ်းများကို ခိုးယူသူများအား သက်ဆိုင်ရာကဖမ်းဆီး

**ပေါက် အောက်တိုဘာ ၂၃**

ပခုက္ကူခရိုင် ပေါက်မြို့နယ် ကျောက်ခွက်ရေနံမြေ လုံခြုံရေးတာဝန်ခံ ဦးတင်လှိုင်နှင့် ရေနံမြေလုံခြုံရေးတပ်ဖွဲ့စိတ်မှ ဒုတိယရဲအုပ်တင်ကိုကိုလတ်ပါဝင်သည့် ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၁၉ ရက် နံနက် ၁နာရီက ရေနံပိုက်လိုင်းများကို လိုက်လံစစ်ဆေးစဉ် မသင်္ကာဖွယ်ကားနှစ်စီးကိုတွေ့ရှိခဲ့ရသဖြင့် ရပ်တန့်စစ်ဆေးခဲ့ရာ ကားပေါ်မှလူများ ထွက်ပြေးသွားခဲ့သည်။

ရပ်တန့်ထားရှိသည့် ၁က/--- ဂျစ်ကား အဖြူရောင် ယာဉ်ပေါ်မှ စုစုပေါင်း ရေနံစိမ်းဂါလန် ၁၁၀၊ ဆင်းကတ်ပါ HUAWEIအမျိုးအစား ဖုန်းတစ်လုံး၊ ဆ/--- ဂျစ်ကား အပြာရောင်ပေါ်မှ စုစုပေါင်း ရေနံစိမ်း ၁၀၃ ဂါလန်နှင့် ပလတ်စတစ် ပိုက်ပျော့တစ်ချောင်းတို့ကို ရှာဖွေတွေ့ရှိခဲ့သည်။

အဆိုပါ ဂျစ်ကားများလာရာ လမ်းကြောင်းအတိုင်း လိုက်လံစစ်ဆေးခဲ့ရာ ဇော်လွင်(၂၆နှစ်)ကျောက်တိုင်ခင်ကျေးရွာ ပေါက်မြို့နယ်နေသူနှင့် ၎င်း၏အစ်ကို ဇော်လင်း(၃၈နှစ်)တို့ကို နံပါတ်မပါ SUPER Cub အစိမ်းရောင်ဆိုင်ကယ်တစ်စီး၊ ဖုန်းနှစ်လုံးတို့နှင့်အတူ တွေ့ရှိခဲ့သည်။ ယင်းသို့ စစ်ဆေးနေစဉ် ၎င်းတို့နောက်မှ လမ်းအတိုင်း ခင်မောင်သန်း(၃၅နှစ်)ကျောက်တိုင်ခင်ကျေးရွာ ပေါက်မြို့နယ်နေသူမောင်းနှင်ပြီး တစ်ရွာတည်းနေ မောင်ကြည် (၅၃နှစ်)၊ မောင်ဌေး (၄၆ နှစ်)၊ မိုးဝင်း(၃၀နှစ်)တို့စီးနင်းလိုက်ပါလာသည့် ၃ခ/--- ဟီးနိုးအစိမ်းရောင်ကားကို ထပ်မံတွေ့ရှိစစ်ဆေးခဲ့ရာ ဟီးနိုးယာဉ်ပေါ်တွင် ရေနံစိမ်းပီပါ ၃၁ လုံး စုစုပေါင်း ရေနံ စိမ်းဂါလန် ၁၅၅၀ နှင့် ပီပါခွံခြောက်လုံးတို့ကို စစ်ဆေးတွေ့ရှိခဲ့ရပြီး စုစုပေါင်း ရေနံစိမ်းဂါလန် ၁၇၆၃ ဂါလန် ကာလတန်ဖိုးငွေကျပ် ၂၈၈၂၅၀၅ ခန့်ကို သိမ်းဆည်းရမိခဲ့သည်။

နိုင်ငံတော်ပိုင် ရေနံစိမ်းများ အားခိုးယူသူ ခင်မောင်သန်းနှင့် အဖွဲ့ဝင်ငါးဦး၊ ထွက်ပြေးတိမ်းရှောင်သွားသူ လေးဦးတို့ကို အရေးယူပေးရန် လက်ပံတို ရေနံမြေလုံခြုံရေးတာဝန်ခံ ဦးတင်လှိုင်က တရားလိုပြုလုပ်တိုင်းတန်းခဲ့သောကြောင့် ပေါက်မြို့နယ် ရဲပြာနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားသည်။ **ကျော်ဇေယျ**

## ၂၀၁၄ ခုနှစ် တန်ဆောင်တိုင်မီးထွန်းပွဲတော် အုပ်ချုပ်ရေးမှူးဒိုင်းဘောလုံးပြိုင်ပွဲကျင်းပ

**ပျဉ်းမနား အောက်တိုဘာ ၂၃**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့နယ် နတ်သူရဲကျေးရွာအုပ်စု နတ်သူရဲကျေးရွာ၏ ၂၀၁၄ ခုနှစ် တန်ဆောင်တိုင်မီးထွန်းပွဲတော်၊ ကျေးရွာအုပ်ချုပ်ရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၁၉ ရက် မွန်းလွဲ ၂ နာရီက နတ်သူရဲကျေးရွာ ဘောလုံးပြိုင်ပွဲကွင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နတ်သူရဲကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဘသန်းက အမှာစကားပြောကြားပြီး ကျေးရွာအုပ်စု အားကစားကော်မတီဥက္ကဋ္ဌ ဦးအုန်းလှိုင်နှင့် ပျဉ်းမနားမြို့နယ် ဘောလုံးဆပ်ကော်မတီဒိုင် ဦးဇော်မင်းဦးတို့က ပြိုင်ပွဲနှင့်ပတ်သက်၍ စည်းကမ်းချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ယခုကျင်းပသောဘောလုံးပြိုင်ပွဲသည် နတ်သူရဲကျေးရွာ၏ အကြိမ် (၁၁၀) မြောက် တန်ဆောင်တိုင်မီးထွန်းပွဲတော် အထိမ်းအမှတ်အဖြစ် ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် နတ်သူရဲကျေးရွာ၊ တာတိုင်ကုန်း၊ ပန်းဘဲစု၊ ကြံဘိုကျေးရွာ၊ ပေါစံခေါ်ကျေးရွာ စသည့်ကျေးရွာများမှ ဘောလုံးဝါသနာရှင်များနှင့် တခြားကျေးရွာများမှ ဘောလုံးဝါသနာရှင်များ စုစုပေါင်း ၁၄ သင်း ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုရှုပ (နေပြည်တော်)**


**တောင်ကြီးမြို့၊ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း ကျောင်းသား/ကျောင်းသူဟောင်းများ၏**

**အာစရိယပူဇော်ပွဲနှိုးဆော်လွှာ**

၁။ တောင်ကြီးမြို့၊ အမှတ်(၆)၊ အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားခဲ့ကြသည့် ကျောင်းသူ/ကျောင်းသားဟောင်းများမှဦးစီး၍ ပညာသင်ကြားပေးခဲ့ကြသည့် ဆရာများ၏ဂုဏ်ကို ရည်စူး၍ အာစရိယပူဇော်ပွဲအား ၂၀၁၄ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။

၂။ သို့ပါ၍ ပညာသင်ကြားခဲ့သည့် ကျောင်းသူ/ကျောင်းသားဟောင်းများအားလုံး ပြန်လည်ဆုံစည်းပြီး ဆရာများ၏ဂုဏ်ကို ပူဇော်ကန်တော့နိုင်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

၃။ ဆရာ/ဆရာမများအတွက် အလှူငွေများအားလည်း ထည့်ဝင်လှူဒါန်းနိုင်ပါကြောင်းနှင့် ကော်မတီရုံး၊ ၁၂/၂၂၆၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ သ/မသင်တန်းကျောင်းရှေ့၊ ညောင်ရွှေဟော်ကုန်းရပ်၊ တောင်ကြီးမြို့၊ ဖုန်း-၀၉-၂၅၄၄၃၅၇၆၅၊ ၀၉-၂၅၀၉၅၀၆၈၄ နှင့် KBZ ဘဏ်ငွေစာရင်းအမှတ် ၀၀၁၁၂၂၀၀၄၉၀၀၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်။

**ကျင်းပရေးဦးစီးကော်မတီ**

**ဖခင်အမည်မှန်**

ကလောမြို့နယ်၊ ဟဲဟိုးမြို့၊ အထက(၄) တက္ကသိုလ်ဝင်တန်း(က)မှ မနှင်းယုမော်၏ ဖခင်အမည်မှန်မှာ ဦးမျိုးမြင့် ၁၃/ကလန(နိုင်)၀၆၀၉၉၄ ဖြစ်ပါကြောင်း။ **ဦးမျိုးမြင့်**

**ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၃၅ယ/၂၇၂၀၆၊ Turbo Star 125 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းနိုင် ၅/ယမပ(နိုင်)၀၆၈၇၁၇က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**တောတိုက်ဓမ္မရိပ်သာကျောင်းတိုက် (၃၉)ကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ပွဲကျင်းပမည်**

မင်္ဂလာဒုံမြို့နယ်၊ တောတိုက်ဓမ္မရိပ်သာကျောင်းတိုက်ကြီး၌ ပုရိမဝါဆိုတော်မူကြသော နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ကျေးဇူးတော်ရှင် သက်တော်ရှည်ဆရာတော်ကြီး ဘဒ္ဒန္တဓမ္မသာရ မဟာထေရ်အမှူးရှိသော ပရိယတ်၊ ပဋိပတ်သာသနာပြု သံဃာတော်အပါး(၅၄၀)ကျော်တို့နှင့် ပင့်သံဃာတော် အပါး(၁၀၀)ကျော်တို့အား သင်္ကန်း၊ ထီး၊ ဖိနပ်တို့ကို လှူဒါန်းနိုင်ရန် အောက်ပါအစီအစဉ်အတိုင်းကျင်းပမည်။

**ကျင်းပမည့်ရက်** - ၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလပြည့်နေ့၊ ၆-၁၁-၂၀၁၄ ရက် (ကြာသပတေးနေ့)
**ကထိန်သင်္ကန်းဆက်ကပ်ချိန်** - နံနက် ၆း၀၀ နာရီမှစ၍ ဆရာတော်ကြီးအား အလှူရှင်များကိုယ်တိုင် ကထိန်သင်္ကန်းလှူဒါန်းနိုင်ရန် စီစဉ်ထားပါသည်။
**တရားနာရေစက်ချချိန်** - မွန်းတည့် ၁၂း၀၀ နာရီ

**အကျိုးဆောင်အဖွဲ့**
**ဖုန်း-၀၉-၂၅၀၃၆၅၁၁၅၊ ၀၉-၈၆၃၀၃၁၃**

**မုတ္တမ အထက မြတ်ဆရာပူဇော်ပွဲ ကျင်းပမည်**

မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ မုတ္တမ အထက ကျောင်းသားကျောင်းသူဟောင်းများ၏ ပဉ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် မုတ္တမ အထက၌ကျင်းပမည်ဖြစ်ရာ မုတ္တမ အထက၌ တာဝန်ထမ်းဆောင်ခဲ့ကြသည့် အသက်(၆၀)ပြည့် ကျောင်းအုပ်ဆရာ၊ ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများအနေဖြင့် ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းလိုပါက ဦးလှကြိုင်(ကျောင်းအုပ်ကြီး) ဖုန်း-၀၅၇-၄၅၀၄၅၊ ဒေါက်တာသန်းဦး ဖုန်း-၀၉-၇၃၇၉၀၂၃၄၊ ဦးနိုင်ထွန်း ဖုန်း-၀၉-၅၃၂၀၄၂၄၊ ဦးအောင်မျိုးခိုင် ဖုန်း-၀၉-၂၅၅၇၁၁၅၈၈၊ ဦးကိုကိုလေး ဖုန်း-၀၉-၇၃၁၈၂၂၅၄၊ ဦးသိန်းဝင်း ဖုန်း-၀၉-၅၀၀၆၁၈၉၊ ဦးစိုးဝင်း ဖုန်း-၀၉-၅၁၁၃၁၅၉၊ ဦးအောင်စိုး ဖုန်း-၀၉-၄၂၅၂၇၂၆၆၉၊ ဂျင်းဖောမယ် ဖုန်း-၀၉-၆၈၀၃၉၃၁တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ပါသည်။

**ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း**

ယာဉ်အမှတ် ယ/၆၇၁၈၀၊ Honda C90 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝါဝါအောင် ၉/မရမ(နိုင်)၀၄၄၆၄၈က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**အမည်ပြောင်း**

မရမ်းကုန်းမြို့နယ်၊ အမက(၂၃) ဒုတိယတန်း(B)မှ မောင်ကောင်းခန့်သူ (ဘ) ဦးအောင်မြတ်သူအား မောင်သူထူးစျာန်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သူထူးစျာန်**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

မွန်ပြည်နယ်၊ ချောင်းဆုံမြို့နယ်၊ သကြော အထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မစိုးရတနာအေး၏ ဖခင်အမည်မှာ ဦးညီညီနှင့် ဦးကြည်အေးသည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးညီညီ(ခ)ဦးကြည်အေး**
**၁၀/ခဆန(နိုင်)၀၀၉၈၁၆**

**ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း**

ယာဉ်အမှတ် 5F/8733, Higer , Mini Bus (4 × 2) ယာဉ်လက်ဝယ်ရှိသူ Joyous Journey Yravels and Tours Co.,Ltd. က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

# ပွင့်ဖြူမြို့နယ်(ဆည်မုန်း)မြစ်ဆုံကမ်းပါးပြို၍ ဒေသခံပြည်သူများ အခက်ကြုံနေရ

**ပွင့်ဖြူ အောက်တိုဘာ ၂၃**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဆည်မုန်းအုပ်စု ဆည်မုန်းရွာ၊ ခုံစုရွာ၊ ညောင်ကုန်းရွာ၊ ရှားတောရွာ၊ ရွာသာညွန့်ရွာတို့တွင် မြေနုကျွန်း၊ ကိုင်းမြေ ရေမြုပ်ကြရကြောင်း၊ မုန်းချောင်းရေအားကြောင့် ရေတိုက်စား ကမ်းပါးများပြိုကျ၍ မုန်းချောင်းနှင့် ဧရာဝတီမြစ်ဆုံရာ ဆည်မုန်းကျေးရွာ ရေတိုက်စားကမ်းပါးပြို၍ အိမ်ခြေ ၃၀၊ အိမ်ထောင်စု ၃၀၊ လူဦးရေ ၁၀၀ စားဝတ်နေရေး အခက်ကြုံနေရကြောင်း သိရသည်။

ဆည်မုန်းရွာသား ကိုဆန်းမြင့်ထွန်းက စလင်းမြို့နယ် မြစ်ကမ်းပါးပြိုလို့ ဒုက္ခရောက်တုန်းက ကမ်းပါးပြိုဒုက္ခရောက်နေသူတွေကို တိုင်းဒေသကြီး၊ မြို့နယ်၊ ခရိုင်၊ လူမှုဝန်ထမ်းဌာနတွေကပါ ကူညီလှူဒါန်းကြတယ်။

"ကမ်းပါးပြိုတော့ ပြန်ဆောက်ဖို့ မြေနေရာမရှိတဲ့ အိမ်ဝိုင်းတွေ၊ အိမ်တွေ သူများခြံဝိုင်းထဲမှာ ဆောက်ပြီးနေရတယ်။ တချို့လူတွေ ဆွေမျိုးတွေရဲ့ ဝိုင်းထဲမှာ ဆောက်နေရတယ်။ နောက်ထပ် ကမ်းပါးတွေပြိုကျနိုင်သေးတယ်။ တစ်ရွာလုံးရွှေ့ပြောင်းရနိုင်တယ်။ မြစ်ဆုံနေရာ(မုန်းချောင်းနဲ့ ဧရာဝတီမြစ်ဆုံတဲ့နေရာ) ဖြစ်နေတော့ ရေတိုက်စားမှု ပိုမိုအားကောင်းတယ်။ ဆည်တွေကလည်း ရေလွှတ်တော့ မြေနုကျွန်းတွေ၊ ကိုင်းမြေတွေရေမြုပ်ပြီး နေစရာမရှိ၊ လုပ်ကိုင်စားစရာနေရာမရှိ ဖြစ်နေပါတယ်။ သက်ဆိုင်ရာအနေနဲ့ လုပ်ပေးနိုင်တဲ့သူတွေ လာရောက်ကူညီစေချင်တယ်" ဟု ပြောပြသည်။

မိုးတွင်းကာလ ဧရာဝတီမြစ်ရေကြီးမှု၊ ရေတိုက်စားမှုများကြောင့် ကမ်းပါးများပြိုကျ၍ လယ်မြေ၊ ယာမြေများ၊ အိမ်များပျက်စီးဆုံးရှုံးမှုများရှိ၍ ဆည်မုန်းကျေးရွာအုပ်စုနေပြည်သူများ အခက်ကြုံနေရကြောင်း ဆည်မုန်းကျေးရွာအုပ်စု ဒေသခံများက ပြောကြားသည်။

**ကောင်းသုတ(မင်းဘူး)**

# နေအိမ်အတွင်းသို့ပစ္စည်းခိုးယူရန်ဝင်ရောက်သူ နှစ်ဦးကို ဖမ်းဆီးရမိ

**ရန်ကုန် အောက်တိုဘာ ၂၃**

မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် စည်ပင်ဝင်းနေ ဦးဝင်းကြည်သည် အောက်တိုဘာ ၁၉ ရက် နံနက် ၈ နာရီခွဲက အဆောင်ကို သော့ပိတ်ခဲ့ပြီး ဘုရားသို့သွားရောက်နေစဉ် ၄င်းနေထိုင်သောအဆောင်ရှိ သစ်သားတံခါးကို ဖျက်ကာ သူခိုးများဝင်ရောက်နေကြောင်းနှင့် ပတ်ဝန်းကျင်ရှိသူများနှင့် လှည့်ကင်းရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားကြောင်း သိရသဖြင့် နံနက် ၁၁ နာရီခွဲခန့်တွင် နေအိမ်သို့ ပြန်လာကြည့်ရှုခဲ့ရာ နေအိမ်အတွင်းရှိ ပစ္စည်းများမှာ ပြန့်ကျဲနေကာ ပျောက်ဆုံးခြင်းမရှိသော်လည်း အဝတ်အထည်များအား ခိုးယူရန် ထုပ်ပိုးထားသည်ကိုတွေ့ရှိရပြီး နေအိမ်အတွင်းသို့ ပစ္စည်းများခိုးယူရန် ဝင်ရောက်သူများမှာ မရမ်းကုန်းမြို့နယ်နေသူများဖြစ်သည့် အောင်အောင် (ခ)အောင်ကျော်ဇောနှင့် သူရကျော်တို့ဖြစ်ကြောင်း သိရသဖြင့် ၄င်းတို့နှစ်ဦးကို အရေးယူပေးရန်တိုင်တန်းခဲ့ကြောင်း သိရသည်။

ယင်းကဲ့သို့တိုင်တန်းချက်အရ အောင်အောင်(ခ)အောင်ကျော်ဇောနှင့် သူရကျော်တို့ကို မင်္ဂလာတောင်ညွန့်မြို့မရဲစခန်းက အမှုဖွင့်အရေးယူ စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**တင်လှမောင်**

# တောင်ငူတွင် ပညာရေးအရည်အသွေးမြှင့်တင်မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေး

**တောင်ငူ အောက်တိုဘာ ၂၃**

ပညာရေးအရည်အသွေးမြှင့်တင်မှုဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ အခမ်းအနားကို အောက်တိုဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာကျော်ဦးက အမှာစကားပြောကြားပြီး ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာအောင်မင်းက လူထုပူးပေါင်းပါဝင်မှုဖြင့် ပညာရေး အရည်အသွေးမြှင့်တင် အကောင်အထည်ဖော်ရေး အစီအစဉ်ကို တင်ပြဆွေးနွေးသည်။

ယင်းနောက် ရန်ကုန်အဝေးသင်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလှတင့်က ပညာရေးအရည်အသွေးမြှင့်တင်မှုဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး ဥပဒေပြုရေးလုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင် ဥပဒေပညာရှင် ပါမောက္ခ ဒေါက်တာတင်မေထွန်းက အမျိုးသားပညာရေးဥပဒေနှင့် ဆက်စပ်လျက်ရှိသော ဥပဒေများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသူများက ပညာရေးနှင့် ပတ်သက်သည်များကို ဆွေးနွေးမေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားဆွေးနွေးသည်။

အဆိုပါ အခမ်းအနားသို့ တောင်ငူတက္ကသိုလ်မှ ပါမောက္ခများ၊ ဆရာ ဆရာမများ၊ တောင်ငူကွန်ပျူတာတက္ကသိုလ်မှ ဆရာ ဆရာမများ၊ စိတ်ပါဝင်စားသူများနှင့် ပညာရေးနယ်ပယ်အသီးသီးမှ ပညာရှင်များ တက်ရောက်ကြပြီး ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်က နိဂုံးချုပ် အမှာစကားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# မိခင်နှင့်မွေးကင်းစကလေးများ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရန် ကမ္ဘာ့ဘဏ်က ချေးငွေဒေါ်လာသန်း ၁၀၀ ကူညီမည်

**ရန်ကုန် အောက်တိုဘာ ၂၃**

မြန်မာနိုင်ငံရှိ မိခင်နှင့်မွေးကင်းစကလေးများ ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ဆောင်ရွက်နိုင်ရန် ကမ္ဘာ့ဘဏ်အုပ်စု၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအသင်းမှ ချေးငွေ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ကူညီသွားမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်၏ ဒါရိုက်တာဘုတ်အဖွဲ့က အောက်တိုဘာ ၁၄ ရက်၌ အတည်ပြုလိုက်သည်။

ယင်းစီမံချက်သည် မြန်မာတစ်နိုင်ငံလုံးရှိ မြို့နယ် ၃၃၀ ရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးလေးသန်းကို အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပြီး မြန်မာနိုင်ငံ၏ ရေရှည်ရည်မှန်းချက်ဖြစ်သည့် "လူတိုင်းလွှမ်းခြုံသော ကျန်းမာရေးစောင့်ရှောက်မှုရရှိရေး" ကို ဦးတည်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

"မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုတွေမှာ ငွေကြေးသုံးစွဲတာဟာ နိုင်ငံရဲ့ အနာဂတ်အတွက် ကြီးကြီးမားမား ရင်းနှီးမြှုပ်နှံ ဆောင်ရွက်တာ ဖြစ်တယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ ပြည်သူတွေအတွက် ပိုမိုကောင်းမွန်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနိုင်ဖို့ ဒီစီမံချက်က အောက်ခြေအဆင့် ကျန်း မာရေးစောင့်ရှောက်မှုလုပ်ငန်းတွေမှာ ငွေကြေးပိုမိုသုံးစွဲလာနိုင်အောင် ကူညီပေးသွားနိုင်ပါလိမ့်မယ်" ဟု ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် မစ္စတာအဗ္ဗဒူလာရေဆက်က ပြောသည်။

အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအသင်းက ချေးငွေဒေါ်လာ သန်း ၁၀၀ ခွင့်ပြုခြင်းသည် မြန်မာနိုင်ငံတွင် ကမ္ဘာ့ဘဏ်အုပ်စုက အလျင်အမြန်တိုးချဲ့နေသည့် ဆောင်ရွက်မှုများအနက်တစ်ခုဖြစ်ပြီး ကမ္ဘာ့ဘဏ်အုပ်စုသည် ဖွံ့ဖြိုးရေးမိတ်ဖက်များနှင့် ပူးပေါင်းကာ မြန်မာနိုင်ငံဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု မူဘောင်အသစ်တစ်ခုကို စတင်ရေးဆွဲလျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံသို့ ယခုနှစ် ဇန်နဝါရီလအတွင်းက လာရောက်ခဲ့သည့် ကမ္ဘာ့ဘဏ်အုပ်စု၏ ဥက္ကဋ္ဌ ဂျင်ယုံကမ်က မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးအစီအစဉ်များအပေါ် အခြေခံကာ အမေရိကန်ဒေါ်လာသန်းနှစ်ထောင် သုံးစွဲ ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါအစီအစဉ်များတွင် စိုက်ပျိုးရေး၊ ရေအရင်းအမြစ်၊ လျှပ်စစ်မီး၊ ကျန်းမာရေး၊ ပညာရေး၊ ပြည်သူ့ဘဏ္ဍာငွေ စီမံခန့်ခွဲရေး၊ ဘဏ္ဍာရေးနှင့်ငွေကြေး ဈေးကွက်နှင့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရေးကြီးသော ဖွံ့ဖြိုးရေးဦးစားပေးကဏ္ဍအဖြစ် ကူညီသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းသစ်**

> " မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးအစီအစဉ်များအပေါ် အခြေခံကာ အမေရိကန်ဒေါ်လာ သန်းနှစ်ထောင်သုံးစွဲ ဆောင်ရွက်သွားမည် "


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန
## လူမှုဖူလုံရေးအဖွဲ့
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူမှုဖူလုံရေးရုံးချုပ်မှ အောက်ဖော်ပြပါပစ္စည်းများအား ဂိုဒေါင်အရောက် တန်ဖိုး (DDP၊ ရန်ကုန်၊ အလုံစတို) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | အမျိုးအစား | အရေအတွက် |
|---|---|---|
| (က) | ရုံးသုံးပရိဘောဂများ | ၁၂ မျိုး |
| (ခ) | အခြားရုံးသုံးစက်ကိရိယာများ | ၁၂ မျိုး |
| (ဂ) | ရုံးသုံးမော်တော်ယာဉ်များ | ၅ မျိုး |
| (ဃ) | ရုံးသုံးမော်တော်ဆိုင်ကယ်များ | ၁ မျိုး |

၂။ **တင်ဒါပုံစံ ဝယ်ယူရမည့်ရက်** - ၂၉-၁၀-၂၀၁၄ရက်မှ ၅-၁၁-၂၀၁၄ရက်အထိ (ရုံးချိန်အတွင်း) ၁၀း၀၀နာရီမှ ၁၆း၀၀နာရီအထိ

၃။ **တင်ဒါ Specification တင်သွင်းရမည့်ရက်** - ၂၀-၁၁-၂၀၁၄ ရက် (ရုံးချိန်အတွင်း) ၁၀း၀၀ နာရီမှ ၁၆း၀၀ နာရီအထိ

၄။ **တင်ဒါတင်သွင်းရမည့်ရက်** - ၂၇-၁၁-၂၀၁၄ ရက် ၀၉း၃၀ နာရီမှ ၁၀း၀၀ နာရီအတွင်း တင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၃၇၀၊ ၀၆၇-၄၃၀၃၇၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**လူမှုဖူလုံရေးအဖွဲ့**
**ရုံးအမှတ် (၅၁)၊ နေပြည်တော်**



## လက်ထောက်ဆရာဝန်နှင့် သွားဘက်ဆိုင်ရာဆရာဝန်ခန့်ထားရေး အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန် ပြင်ဆင်ချက်

၁။ ၁၉-၉-၂၀၁၄ရက် မြဝတီသတင်းစာနှင့် ၂၆-၉-၂၀၁၄ရက် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာပါ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဆေးရုံကြီးများ/ခရိုင်/မြို့နယ် ဒေသန္တရကျန်းမာရေးဦးစီးဌာနများ၊ ကျောင်းကျန်းမာရေးဦးစီးဌာနများတွင် တာဝန်ထမ်းဆောင်ရန် လစ်လပ်လျက်ရှိသော လက်ထောက်ဆရာဝန်(၈၅)ဦးနှင့် သွားဘက်ဆိုင်ရာ ဆရာဝန်(၉)ဦး ခေါ်ယူမည်ဖြစ်ကြောင်းနှင့် စာမေးပွဲရေးဖြေဖြေဆိုရန် ယခင်ကြော်ငြာထားသည့် ၂၅-၁၀-၂၀၁၄ရက် (စနေနေ့)နှင့် ၂၆-၁၀-၂၀၁၄ရက် (တနင်္ဂနွေနေ့)အစား ၁၇-၁၁-၂၀၁၄ရက် (တနင်္လာနေ့)မှ ၂၁-၁၁-၂၀၁၄ရက် (သောကြာနေ့)အထိ ပုသိမ်မြို့၌ (ရေးဖြေစာမေးပွဲကျင်းပခြင်းမပြုဘဲ) လူတွေ့နှုတ်ဖြေစစ်ဆေးခြင်းကိုသာ ဖြေဆိုရမည်ဖြစ်ကြောင်း ပြန်လည်ပြင်ဆင်လိုက်သည်။

၂။ ဖြေဆိုရမည့်ရက်စွဲအလိုက် ခုံအမှတ်များကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ကြော်ငြာထားမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်ပြားများကို ၁၀-၁၁-၂၀၁၄ရက်မှ ၁၄-၁၁-၂၀၁၄ရက် ရုံးချိန်အတွင်း ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ လူကိုယ်တိုင် နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း)နှင့်အတူ လာရောက်ထုတ်ယူရန်ဖြစ်ပြီး သိရှိလိုသောအချက်အလက်များရှိပါက လူကိုယ်တိုင်ဖြစ်စေ၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး ဖုန်း-၀၄၂-၂၃၀၁၃နှင့် ဧရာဝတီတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန ဖုန်း-၀၄၂-၂၄၆၉၁၊ ၀၄၂-၂၁၁၇၃တို့သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး**



## ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
## ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (တင်ဒါအမှတ် ၃/၂၀၁၄-၂၀၁၅)

၁။ ဧရာဝတီတိုင်းဒေသကြီး၊ လပွတ္တာခရိုင်လက်အောက်ရှိ လပွတ္တာ၊ မော်လမြိုင်ကျွန်းမြို့နယ်တို့မှ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင်ဆောင်ရွက်မည့် ပြည်ထောင်စု/တိုင်းဒေသကြီး (ငွေလုံး/ပြင်ထိန်း) လမ်း/တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံအား (မြန်မာကျပ်ငွေဖြင့်) ဝယ်ယူလိုပါသည်။

၂။ လိုအပ်သည့်လမ်းခင်းပစ္စည်းများ၏ အမျိုးအစား၊ အရေအတွက်၊ ဝယ်ယူလိုသည့် အသေးစိတ်စာရင်းနှင့် တင်ဒါစည်းကမ်းများကို လပွတ္တာခရိုင် အင်ဂျင်နီယာမှူးရုံး၏ ကြော်ငြာသင်ပုန်းတွင် ၂၄-၁၀-၂၀၁၄ရက်မှစတင်၍ ဖော်ပြထားမည်ဖြစ်ပါသည်။

**တင်ဒါပိတ်မည့်ရက်/အချိန်** - ၃၀-၁၀-၂၀၁၄ရက်၊ မွန်းတည့် ၁၂း၀၀ နာရီ

**တင်ဒါဖွင့်မည့်နေရာ** - လပွတ္တာခရိုင်၊ အင်ဂျင်နီယာမှူးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လပွတ္တာမြို့၊ (၃)မိုင်မြို့သစ်

**တင်ဒါဖွင့်မည့်ရက်/အချိန်** - ၃၀-၁၀-၂၀၁၄ ရက်၊ မွန်းလွဲ ၂း၀၀ နာရီ

တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အောက်ဖော်ပြပါဌာနတွင် ၂၄-၁၀-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူစုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**လပွတ္တာခရိုင်**
**ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း**
**ဖုန်း-၀၄၂-၈၃၀၄၇**



**ကန့်ကွက်နိုင်ပါသည်**

ယာဉ်အမှတ် ၂၁ဃ/၁၂၇၀၁ Luojia 110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တွန်ကိမ်း ၄/ထတလ(နိုင်)၀၀၀၄၃၂၈ (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ပြည်နယ်ရုံး(ဟားခါး)**



**ဖောင်းကြွပျောက် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁ဂ/၄၃၀၄ ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# နယ်စပ်ဒေသများ၌ ကျောင်းဆောင်ပေါင်း ၂၀၀၀ ကျော်တည်ဆောက်မည်

**ရန်ကုန် အောက်တိုဘာ ၂၃**

ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးအရည်အသွေးမြင့်မားရေး ပညာရေးမြှင့်တင်မှုအစီအစဉ်များ ဆောင်ရွက်နေသကဲ့သို့ အခြေခံအဆောက်အအုံများဖြစ်သည့် ကျောင်းဆောင်သစ်များ တိုးချဲ့တည်ဆောက်ရေးအတွက်လည်း အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ဝေးလံသော နယ်စပ်ဒေသများတွင် ကျောင်းဆောင်ပေါင်း ၂၀၀၀ ကျော် တည်ဆောက်ပေးသွားရန် စီစဉ်လျက်ရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။



အဆိုပါ ကျောင်းဆောင်သစ်များ တည်ဆောက်ရာတွင် လက်တွေ့ကျသော ပညာရေးပြုပြင်ပြောင်းလဲမှုတစ်ရပ်အဖြစ် အလယ်တန်းနှင့် အထက်တန်းကျောင်းများ၌ ဦးစားပေးတည်ဆောက်သွားရန် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။ ကျောင်းဆောင်လိုအပ်ချက်အရ နယ်စပ်ဒေသများတွင် ဦးစားပေး တည်ဆောက်သွားရန် ကျောင်းဆောင်သစ်များ တည်ဆောက်မည့် မြေနေရာများ၊ အကျယ်အဝန်း အနေအထားတို့ကို သုတေသနပြု ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာနသည် လိုအပ်ချက်အရ ကျောင်းဆောင်သစ်များ တည်ဆောက်ခြင်း၊ မွမ်းမံခြင်းများ ဆောင်ရွက်နေသကဲ့သို့ ပြည်တွင်းပညာရှင်များနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းကာ ဘက်စုံလွှမ်းခြုံနိုင်သော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း Comprehensive Education Sector Review(CESR) ကို ၂၀၁၂ ခုနှစ် ဩဂုတ်လမှစတင်ပြီး ဆောင်ရွက်လျက်ရှိသည်။ အထူးသဖြင့် အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍ၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍတို့နှင့်ပတ်သက်၍ ကဏ္ဍခြောက်ခုကို လေ့လာဆန်းစစ်ပြီး ပညာရေးပြုပြင်ပြောင်းလဲမှုများ အရှိန်မြှင့်တင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်း – ကြဲတိုင်းအောင်**
**ဓာတ်ပုံ – သဏ္ဍ**

# ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် ပြင်ဆင်မွမ်းမံခဲ့သည့် ကျောင်းဆောင်များဖွင့်ပွဲ ကျင်းပ

**စစ်တွေ အောက်တိုဘာ ၂၃**

နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိသည့် စစ်တွေမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းရှိ နှစ်ထပ်ပင်မကျောင်းဆောင်ကြီးကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၅၁၈ သိန်းဖြင့် အကြီးစားပြင်ဆင်မှုများ ဆောင်ရွက်ပြီးဖြစ်သဖြင့် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၀ ရက်က ကျင်းပခဲ့သည်။

ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်အဆင့်ဌာန ဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအကျိုးတော် ဆောင်အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

ကျောင်းဆောင်သစ်ကို ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာအောင်ကျော်မင်းနှင့် မြို့မိမြို့ဖ ဦးသန်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်သာစိန်က ကျောင်းသမိုင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၂၈၈ သိန်းဖြင့် ကျောင်း၏ ဥပဓိရုပ်ကောင်းမွန်ရေးအတွက် ပြင်ဆင်မွမ်းမံခဲ့သည့် စစ်တွေမြို့ လမ်းသစ်ရပ်ကွက်ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း ပင်မကျောင်းဆောင်ဖွင့်ပွဲကို အဆိုပါကျောင်း၌ ဆက်လက်ကျင်းပခဲ့ကြောင်း သိရသည်။

**(ပြည်နယ် ပြန်/ဆက်)**

# အီဘိုလာရောဂါကာကွယ်ရေး ပညာပေးဟောပြော

**ဒလ အောက်တိုဘာ ၂၃**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် ကူးစက်မြန်အီဘိုလာရောဂါကာကွယ်ရေးပညာပေးဟောပြောပွဲနှစ်ခုကို အောက်တိုဘာ ၁၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဒလမြို့နယ် သီရိဇေယျနော်ရထာခန်းမတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဆန်းသူရအောင်သိန်းဦးစီး၍ အီဘိုလာရောဂါဖြစ်ပွားပုံ၊ ကူးစက်ပျံ့ပွားပုံ၊ ရောဂါလက္ခဏာများ၊ ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်ထားမှုများကို ဟောပြောခဲ့သည်။

ဒလမြို့နယ် မြို့မ(၂)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ မိခင်နှင့်ကလေး ကျန်းမာရေးဌာနမှ တာဝန်ခံဆရာမနော်သွဲ့ထူးက အီဘိုလာရောဂါကာကွယ်ရေး ပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အီဘိုလာဗိုင်းရပ်စ်ရောဂါသည် ကူးစက်မြန်ရောဂါတစ်မျိုးဖြစ်ပြီး ကုသရန်ခက်ခဲသည့်အပြင် ရောဂါပြန့်ပွားမှုကို ထိန်းချုပ်ရန် အလွန်ခက်ခဲသောရောဂါဖြစ်ကြောင်း၊ ဆားစ်၊ လူတုပ်ကွေးရောဂါ$H_7N_9$၊ ကြက်ငှက်တုပ်ကွေး၊ မားစ်ပြင်းထန်အဆုတ်ရောင်ရောဂါတို့ကဲ့သို့ လေထဲမှတစ်ဆင့် ကူးစက်နိုင်သော ရောဂါမဟုတ်ကြောင်း၊ အီဘိုလာဗိုင်းရပ်စ်ရောဂါပိုးရှိသော လူသို့မဟုတ် တိရစ္ဆာန်တို့၏ သွေးနှင့်ခန္ဓာကိုယ်မှထွက်သောအရည်တို့နှင့် ထိတွေ့ခြင်းဖြင့် ကူးစက်နိုင်ကြောင်း သိရသည်။

**သန်းဌေး(ဒလ)**

# ထင်းရှူးမြိုင်မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းဆောင်ရွက်မှုများ ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး

**လားရှိုး အောက်တိုဘာ ၂၃**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ရှိ ထင်းရှူးမြိုင်မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း(အဆင့်-၁)၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်နှင့်အဖွဲ့က အောက်တိုဘာ ၂၀ ရက်က ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ထင်းရှူးမြိုင်မြို့ပြဖွံ့ဖြိုးရေးစီမံကိန်း(အဆင့်-၁)တွင် စတင်တည်ဆောက်လျက်ရှိသော လုပ်ငန်းများနှင့် ပတ်သက်သည့် မြေထိန်းညှိခြင်း၊ မြေသားလမ်းဖောက်ခြင်း၊ စီမံကိန်းတွင်ပါဝင်သော အဆောက်အအုံများအတွက် ပန္နက်စိုက်ထူခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ဟန်ဌေး(iprd)**

# အမျိုးသားပညာရေးဥပဒေ ရှင်းလင်းဆွေးနွေးပွဲကျင်းပ

**သပိတ်ကျင်း အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်တွင် အမျိုးသားပညာရေးဥပဒေ ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၈ ရက်က အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးတင်ကိုကိုက အမျိုးသားပညာရေးဥပဒေအခန်း(၁) မှ အခန်း(၁၄) ထိ အကြောင်းအရာများကို ဖတ်ကြားဆွေးနွေးကာ တက်ရောက်လာကြသူများက အမျိုးသားပညာရေးဥပဒေများကို ပြန်လည်ဆွေးနွေးကြသည်။

အဆိုပါ ရှင်းလင်းပွဲသို့ ပညာရေးဝန်းထမ်းများ၊ သပိတ်ကျင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**စိုးနိုင်ဝင်း(သပိတ်ကျင်း)**


**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**
**ရွှေဘိုမြို့ ရွှေဘုံရတနာမင်္ဂလာနန်းတော် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများဆောင်ရွက်ရန်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရွှေဘိုမြို့ ရွှေဘုံရတနာမင်္ဂလာနန်းတော်တွင် ''မြေနန်းတော်ဆောင်၊ နန်းပြာသာဒ်ဆောင်၊ ရွှေတိုက်တော်၊ စာရင်းတိုက်ဆောင်များရှိ ဆွေးမြည့်အမိုးများ လဲလှယ်ခြင်း၊ ဆေးသုတ်ခြင်း၊ ဆွေးမြည့်ကြမ်းခင်းများလဲလှယ်ခြင်း၊ ဆေးသုတ်ခြင်း၊ ဆိုင်းဘုတ်များ အသစ်ပြန်လည်ရေးဆွဲခြင်း''လုပ်ငန်းများဆောင်ရွက်လိုပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၁၀-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃-၁၁-၂၀၁၄ ရက် ၁၆း၀၀နာရီ

၃။ တင်ဒါလျှောက်လွှာပုံစံကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး လူမှုရေးဌာနတွင် ရုံးချိန်အတွင်း လာရောက်ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက စစ်ကိုင်းတိုင်းဒေသကြီး၊ အစိုးရအဖွဲ့ရုံးလူမှုဌာန၊ မုံရွာမြို့နှင့် ရွှေဘုံရတနာမင်္ဂလာနန်းတော်၊ ရွှေဘိုမြို့သို့လူကိုယ်တိုင်ဖြစ်စေ ဖုန်း-၀၇၁-၂၂၇၇၃/၀၇၅-၂၁၄၃၄ သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန အကောက်ခွန်ဦးစီးဌာနတွင် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဖြင့် အောက်ဖော်ပြပါ လုပ်ငန်းဆောင်ရွက်ရန်ရှိပါသဖြင့် အိတ်ဖွင့်တင်ဒါများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) အလုံမြို့နယ်၊ စောရန်ပိုင်အနောက်ရပ်ကွက်ရှိ အကောက်ခွန်ဦးစီးဌာန ထောက်/ပို့ဌာနခွဲ လုံခြုံရေးကင်းတဲဆောက်လုပ်ခြင်း ပေ(၂၀×၂၀×၉) အုတ်ညှပ်

၂။ **တင်ဒါတင်သွင်းရမည့် ရက်/အချိန်** - ၃၁-၁၀-၂၀၁၄ ရက်

၃။ **တင်ဒါတင်သွင်းရမည့်နေရာ** - အလုံမြို့နယ် စောရန်ပိုင်ရပ်ကွက်ရှိ အကောက်ခွန်ဦးစီးဌာန ထောက်ပံ့ရေးနှင့်ပို့ဆောင်ရေးဌာနခွဲ

၄။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၂၆၂၈၈၊ ၀၁-၂၂၇၅၃၁၊ ၀၁-၂၁၁၁၉၀ တို့သို့ ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**တင်ဒါကြီးကြပ်ရေးအဖွဲ့**



## မွေးနေ့ဆုတောင်း

ဒေါ်ဝင်းမြင့်မော်(မန်နေဂျာ-ငြိမ်း၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)

ချစ်အစ်မ ပျော်ရွှင်ဖွယ်မွေးနေ့ နှစ်တစ်ရာတိုင်ပါစေ။

**မန္တလေးမှချစ်ညီမများ**
**သက်၊ ပဲ၊ သက်သက်၊**
**ကြည်ကြည်၊ ငယ်လေး၊ ငြိမ်းငြိမ်း**



**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း လော်ကားဓာတ်အားပေးစက်ရုံ STG Plant မှ Condenser Tubes များကို မြန်မာကျပ်ငွေဖြင့်တင်ဒါခေါ်ဆိုလဲလှယ်တပ်ဆင်လိုပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၄-၁၀-၂၀၁၄ရက်
**တင်ဒါပိတ်မည့်ရက်** - ၂၄-၁၁-၂၀၁၄ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးခိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၈၂**



**ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန**
**မြန်မာ့သစ်လုပ်ငန်း**

## အိတ်ဖွင့်တင်ဒါ (Open Tender) များခေါ်ယူခြင်း

၁။ မြန်မာ့သစ်လုပ်ငန်းမှ အောက်ပါပစ္စည်းများကို ကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ(Open Tender) ကို ပေးသွင်းရန်ဖိတ်ခေါ်ပါသည်-

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|---|
| (က) | 2(Off)/MTE/Local/2014 | ရုံးသုံးစက်ကိရိယာပစ္စည်းများ | (၁၀)မျိုး |
| (ခ) | 3(MT)/MTE/Local/2014 | အလုပ်ရုံသုံးလက်သုံးကိရိယာများ | (၂၂)မျိုး |

၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ
**စတင်ရောင်းချမည့်ရက်/အချိန်** - ၂၄-၁၀-၂၀၁၄ရက် နံနက် ၉း၃၀ နာရီ
**တင်ဒါပိတ်မည့်ရက်/အချိန်** - ၇-၁၁-၂၀၁၄ရက် မွန်းတည့် ၁၂း၀၀ နာရီ
**တင်ဒါပုံစံတစ်စုံ** - ၂၀၀၀ကျပ်

**အင်ဂျင်နီယာဌာန၊ မြန်မာ့သစ်လုပ်ငန်း**
**အမှတ် ၇၄/၇၆၊ ရွှေတိဂုံဘုရားလမ်း၊ ရန်ကုန်မြို့၊**
**ဖုန်း-၂၅၄၆၇၆၊ ၀၉-၅၁၅၅၀၉၄**



**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဂ/၃၄၀၀၊ Gantowin Jeep (4 ×2)(L) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်သန်းမြင့် ၉/မနမ(နိုင်)၀၃၄၂၃၀က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)**



## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၁၀-၂၀၁၄ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၁၆) ပါ ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်းကြော်ငြာမှ ၅ယ/၅၀၄၆၅ အား ၅ယ/၅၉၄၆၅ ဟု ပြင်ဆင်ဖတ်ရှုပါရန်။



## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့၊ အထက(၁) နဝမတန်း (D)မှ မောင်ကောင်းခန့်ဇော်အား ယနေ့မှစ၍ မောင်သော်ဇင်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

**မောင်သော်ဇင်နိုင်**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး



လှိုင်မြို့နယ် မေတ္တာဝါဒီပရဟိတကျောင်းတိုက် သုံးထပ်ဆွမ်းချက်ဆောင်သစ် ရေစက်ချလှူဒါန်းပွဲကို အောက်တိုဘာ ၁၈ ရက်က ကျင်းပရာ အလှူရှင် ထိုင်းသံအမတ်ကြီး H.E.Mr. Pisanu Suvanajata နှင့်ဇနီး၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ဒေါက်တာ သာလှရွှေနှင့် တာဝန်ရှိသူများ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ မီးမီး(လှိုင်)

# မြေယာကိစ္စနှင့် ဥပဒေ၊ နည်းဥပဒေများ ရှင်းလင်းပွဲကျင်းပ

**လှိုင်ကော် အောက်တိုဘာ ၂၃**

ကယားပြည်နယ် လှိုင်ကော်မြို့တွင် မြေယာကိစ္စများနှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများ ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၂၁ ရက်က ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် ကယားပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦးက အမှာစကားပြောကြားပြီး လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်စိုးက လှိုင်ကော်လေယာဉ်ကွင်း တိုးချဲ့တည်ဆောက်နေမှုကိုရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်မြေစာရင်းဦးစီးဌာနမှ မြေစာရင်းမှူး ဦးသိန်းဝင်းက မြေယာကိစ္စနှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းဆွေးနွေးကာ ပြည်နယ်သစ်တောဦးစီးဌာနမှူးရုံးမှ ဌာနမှူးဦးမျိုးမင်းက သစ်တောမြေစီမံခန့်ခွဲမှုနှင့် သစ်တောဥပဒေဆိုင်ရာများကိုလည်းကောင်း၊ ပြည်နယ်အခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးတင်မောင်ဆွေက စာချုပ်စာတမ်းများနှင့် အခွန်ကောက်ခံရေးဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း၊ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆန်းက မြေယာစီမံခန့်ခွဲမှုဆိုင်ရာ ကိစ္စရပ်များ၊ ရပ်ကွက်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်ဆိုင်ရာများကိုလည်းကောင်း၊ ပြည်နယ်ဥပဒေချုပ် ဦးငွေအောင်က မြေယာစီမံကိန်းဆိုင်ရာများနှင့် မြေယာနှင့် ပတ်သက်သည့် ဥပဒေများအကြောင်းကိုလည်းကောင်း ရှင်းလင်းဆွေးနွေးခဲ့သည်။

ဆွေးနွေးပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားသူကြီးချုပ်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ မြို့နယ် ခုနစ်မြို့နယ်မှ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့သည်။ **ရဲနောင်(လှိုင်ကော်)**

# ဖျာပုံမြို့၌ မီးပွိုင့်နှင့် အရှိန်ထိန်းမီးများ တပ်ဆင်

**ဖျာပုံ အောက်တိုဘာ ၂၃**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်ကြောရှုပ်ထွေးသည့် လမ်းဆုံလမ်းခွများနှင့် စာသင်ကျောင်းများတွင် အရှိန်ထိန်းမီးနှင့် အချက်ပြမီးပွိုင့်များကို အောက်တိုဘာလဆန်းမှစ၍ စတင်တပ်ဆင်လျက်ရှိကြောင်း သိရသည်။

ဖျာပုံ အထက(၁)ကျောင်းရှေ့တွင် အရှိန်ထိန်းအချက်ပြမီးဝါနှစ်လုံးကို အောက်တိုဘာ ၂၁ ရက်က တပ်ဆင်ပြီးစီးခဲ့ပြီဖြစ်ကာ အထက(၂)၊(၃)၊ အလက(၁) ကျောင်းများရှေ့၊ ဖျာပုံတံတားကြီးအောက်နှင့် ဗိုလ်ချုပ်လမ်းထောင့်များတွင်လည်း အရှိန်ထိန်းမီးဝါများ ဆက်လက်တပ်ဆင်သွားမည်ဖြစ်သည်။ ဖျာပုံမြို့၏ အဓိကယာဉ်ကြောရှုပ်ထွေးရာနေရာဖြစ်သည့် ဗိုလ်ချုပ်လမ်းနှင့် (၂)လမ်းထောင့်တွင်မီးပွိုင့်လေးခုကို တပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

ဖျာပုံမြို့တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယခုကဲ့သို့ အရှိန်ထိန်းမီး၊ မီးပွိုင့်များ တပ်ဆင်ဆောင်ရွက်နေသကဲ့သို့ ယာဉ်ရှင်းလင်းရေးနှင့် ယာဉ်စည်းကမ်းလိုက်နာရေးအတွက် ဖမ်းဆီးအရေးယူမှုများကိုလည်း ခရိုင်ယာဉ်စည်းကမ်းထိန်းသိမ်းရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေးအပါအဝင် တာဝန်ရှိဌာနဆိုင်ရာများ စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ချမ်းသာ(ဖျာပုံ)**

# မွေးဖွားမှုမှတ်ပုံတင်ခြင်း ရက်သတ္တပတ်လှုပ်ရှားမှုဆောင်ရွက်

**သထုံ အောက်တိုဘာ ၂၃**

ကလေးငယ်တိုင်းအတွက် အခြေခံလူ့အခွင့်အရေးတစ်ခုဖြစ်သော မွေးဖွားမှုမှတ်ပုံတင်ခြင်းကို မွန်ပြည်နယ် သထုံမြို့နယ်တွင် အောက်တိုဘာ ၂၀ ရက်မှ စတင်ပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

သထုံမြို့နယ်အတွင်းရှိ ကျေးလက်ကျန်းမာရေးဌာနနှင့် ဌာနခွဲ ၁၀ ခုတို့တွင် စုရပ်များထားရှိပြီး မြန်မာနိုင်ငံအတွင်းရှိ မည်သည့်အရပ်ဒေသတွင်မဆို မွေးဖွားခဲ့သော မွေးမှတ်ပုံတင် မပြုလုပ်ရသေးသည့် အသက်ငါးနှစ်အောက် ကလေးငယ်များအား မြို့နယ်မွေးဖွားမှု မှတ်ပုံတင်ခြင်း လှုပ်ရှားမှုကော်မတီဝင်များက မှတ်ပုံတင်ပေးနေခြင်းဖြစ်သည်။

အဆိုပါ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့ရှိ မြို့နယ် ၄၄ မြို့နယ်တို့တွင် အောက်တိုဘာ ၂၀ ရက်မှ ၂၄ ရက်အထိ ရက်သတ္တပတ် လှုပ်ရှားမှုအနေဖြင့် ရှေ့ပြေးစမ်းသပ် ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် အခြားမြို့နယ်များတွင်လည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **သက်ဦး(သထုံ)**



# မီးဘေးကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုဆောင်ရွက်

**ညောင်လေးပင် အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မဈေးကြီးတွင် မြို့နယ်မီးသတ်ဦးစီးဌာနနှင့် မြို့နယ်စည်ပင်ယာယာရေးအဖွဲ့တို့ပူးပေါင်း၍ မီးဘေးကာကွယ်ရေးအတွက် သရုပ်ပြလေ့ကျင့်မှုကို အောက်တိုဘာ ၂၁ ရက်က ကျင်းပခဲ့သည်။

မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူးက မီးသတ်ကိရိယာများဖြင့် မီးငြိမ်းသတ်မှုကို ဈေးသူ ဈေးသားများအား လက်တွေ့သရုပ်ပြကာ ဈေးသူဈေးသားများအား လက်တွေ့သင်ကြားလေ့ကျင့်ပေးခဲ့သည်။ ဆက်လက်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မော်တော်ယာဉ်များ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးသတ်ယာဉ်များဖြင့် မီးငြိမ်းသတ်မှုကိုလည်း လက်တွေ့လေ့ကျင့် သရုပ်ပြခဲ့ကြသည်။

ညောင်လေးပင်မြို့မဈေးကြီးမှ ဈေးသည်တစ်ဦးက ပွင့်လင်းရာသီရောက်ရှိလာပြီဖြစ်ရာ မီးဘေးကာကွယ်ရေးလုပ်ငန်းများ အရေးကြီးလာသဖြင့် ယခုကဲ့သို့ လာရောက်မီးငြိမ်းသတ်မှု သရုပ်ပြဆောင်ရွက်ခြင်းဖြင့် မီးဘေးအန္တရာယ်ကာကွယ်ရေး အရေးကြီးမှုကို ဈေးသူဈေးသားများ အလေးထားစိတ်ဝင်စားလာမည် ဖြစ်ကြောင်း ပြောကြားသည်။

မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်မှုကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးစိုးပိုင်၊ မြို့နယ်စည်ပင်သာယာရေးနှင့် မြို့နယ်မီးသတ်မှ တာဝန်ရှိသူများ၊ ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များနှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုအဖွဲ့များက လာရောက်ကြည့်ရှုပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**


## မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ Tender 2014-B-OVS အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ရုံးချုပ်အခြေစိုက် ပြည်ပဆက်သွယ်ရေးစခန်းမှ အောက်ဖော်ပြပါလုပ်ငန်းအပ်နှံခြင်း၊ စက်ပစ္စည်းများဝယ်ယူခြင်းတို့အတွက် မြန်မာကျပ်ငွေဖြင့် ဈေးပြိုင်အိတ်ဖွင့်တင်ဒါတင်သွင်းမည့် လုပ်ငန်းရှင်များကို ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | အကြောင်းအရာ | အရေအတွက် |
| --- | --- | --- |
| ၁ | 100 G DWDM Equipment with ADM(Turn-Key) | 2 Sets |
| ၂ | Rectifier 48 V, 300 Amp | 2 Sets |
| ၃ | ဖိုင်ဘာဆက်ကြောင်းပြုပြင်ထိန်းသိမ်းခြင်း(Turn-Key) | 1 Lot |
| ၄ | Cable Ladder Runway (Turn-Key) | 1 Lot |
| ၅ | မိုးကြိုးလွှဲနှင့် မြေစိုက်လုပ်ငန်း(Turn-Key) | 1 Lot |
| ၆ | VSAT Terminal Complete Set | 3 Sets |
| ၇ | Spare Parts for Chiller AirCon System(Turn-Key) | 1 Lot |
| ၈ | GMDSS Parts | 1 Lot |
| ၉ | Battery (MF) | 100 Nos |
| ၁၀ | 16 KVA Engine Generator (Turn-Key) | 2 Nos |

၂။ တင်ဒါပုံစံများအား ပြည်ပဆက်သွယ်ရေးရုံးချုပ်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ ၈ မိုင်လမ်းဆုံအနီး၊ ကမ္ဘာအေးဘုရားလမ်း၊ ရန်ကုန်မြို့တွင် ရုံးချိန်အတွင်းထုတ်ယူနိုင်ပြီး အိတ်ဖွင့်တင်ဒါများ(Technical and requirement Proposal)ကို ၁၀-၁၁-၂၀၁၄ ရက် ၉း၃၀နာရီ မှ ၁၆း၃၀ နာရီအတွင်း ပြည်ပဆက်သွယ်ရေးရုံးချုပ်တွင် ပေးသွင်းပါရန်နှင့် သတ်မှတ်ကာလထက် ကျော်လွန်သာတင်ဒါများအား ထည့်သွင်း စဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉-၄၅၀၀၀၀၁၄၂၊ ၀၁-၆၅၀၁၁၈ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၃။ ဈေးနှုန်းတင်ပြလွှာများအား ဈေးနှုန်းစိစစ်ရန် ခေါ်ယူသောနေ့မှသာ တစ်ပါတည်းယူဆောင်လာ၍ တင်သွင်းရပါမည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆(D)၊ မြေကွက်အမှတ်-၇၉ဒီ/၂၈.၁၊ ဧရိယာ ၀ ဒသမ ၀၈၇ ဧက၊ မြေကွက်အမှတ်-၇၉ဒီ/၂၈.၂၊ ဧရိယာ ၀ ဒသမ ၁၃၈ဧက၊ မြေကွက်အမှတ်-၇၉ဒီ/၂၈.၃၊ ဧရိယာ ၀ ဒသမ ၁၁၇ ဧက၊ မြေပိုင်မြေ (မစိုက်ပျိုးမြေ)၊ မြေကွက်တည်နေရာ-၅၀/ဘီ၊ အင်းလျားလမ်း၊ (၁၀)ရပ်ကွက်၊ ကမာရွတ်မြို့နယ် အမည်ပေါက် ဒေါ်ခင်သန်းနွဲ့၊ ဒေါ်စိုးစိုးမြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်စိုးစိုးကွယ်လွန်သဖြင့် ဦးအောင်မြင့် ၁၂/ကမရ(နိုင်)၀၂၇၇၈၉ က ခင်ပွန်းတော်စပ်ကြောင်း ကျမ်းကိုန်လွှာ၊ သေစာရင်းတင်ပြ၍ ကျန်အမည်ပေါက် တစ်ဦးဖြစ်သူ ဒေါ်ခင်သန်းနွဲ့ ၁၂/ကမရ(နိုင်)၀၄၄၀၀၄ နှင့်ပူးတွဲလျက် ပိုင်ဆိုင်ကြောင်းစာချုပ်ရန်၊ အမှားပြင်စာချုပ်ချုပ်ဆိုရန်နှင့် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် တို့အတွက် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများတင်ပြ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပစ္စည်းဝယ်ယူရေးအဖွဲ့

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)နှင့် ကျန်းမာရေးဌာနတွင် အသုံးပြုရန်အတွက် လိုအပ်သော အောက်ဖော်ပြပါပစ္စည်းများကိုဌာန သတ်မှတ်နေရာအရောက် ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအစား | အရေအတွက် |
| --- | --- | --- |
| (၁) | 24"Ø Check Valve | (၁)လုံး |
| (၂) | 6.6KV, 150 KVA, (150 KVAR) Capacitor | (၂)လုံး |
| (၃) | Portable Smoke Fog ဆေးမှုတ်စက် | (၃၆)လုံး |

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၃၀-၁၀-၂၀၁၄ရက် ၁၆း၀၀နာရီဖြစ်ပြီး တင်ဒါပုံစံတစ်စုံလျှင် ကျပ် ၂၀၀၀ (ကျပ်နှစ်ထောင်တိတိ)နှုန်းဖြင့် မြို့တော်ခန်းမ (ပထမထပ်) ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး၊ ပစ္စည်းဝယ်ယူရေးအဖွဲ့**

## တင်ဒါခေါ်ယူခြင်း

Mother Industrial Co.,Ltd. မှ စက်မှုဝန်ကြီးဌာန၊ ဖော့ကန်ဆိပ်ကမ်းဒေသတွင် တည်ဆောက်လျက်ရှိသော ကွန်ကရစ်အုတ်စက်ရုံတွင် အသုံးပြုရန် အရည်အသွေးကောင်းမွန်သော ကျောက်မီးသွေး တန် (၂၀၀၀)ကို စက်ရုံဝင်းအတွင်းရှိ စုပုံရပ်တွင် စုပုံပြီးအပ်နှံသည်အထိ ပေးသွင်းရေးအတွက် စိတ်ဝင်စားလုပ်ဆောင်နိုင်သူများကို ချိပ်ပိတ်တင်ဒါတင်သွင်းနိုင်ပါရန် ကြော်ငြာပါသည်။

တင်ဒါပုံစံများကို ယခုကြော်ငြာသည့်ရက်မှစတင်၍ ၃၁-၁၀-၂၀၁၄ ရက် ညနေ ၄း၀၀ နာရီထိ နောက်ဆုံးထားဝယ်ယူနိုင်ပြီး တင်ဒါပိတ်ရက်မှာ ၇-၁၁-၂၀၁၄ရက် ညနေ ၄း၀၀ နာရီဖြစ်ပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာ**
**Mother Industrial Co.,Ltd.**
**အမှတ်(၄)လမ်းမကြီးနှင့် ရွှေပြည်သာတံတားလမ်းထောင့်၊**
**အင်းစိန်မြို့နယ် (တညင်းကုန်းအုတ်စက်ရုံဝင်း)၊**
**ဖုန်း-၀၁-၆၄၂၃၅၈**

## ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော် ဦးဇော်လင်းအောင်၏ဇနီးဖြစ်သူ ဒေါ်ထက်ထက်စိုးညို ၁၃/ကတန(နိုင်)၀၉၁၇၁၆ သည် ခင်ပွန်းဖြစ်သူနှင့် မိသားစုအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ပြီး မိသားစုပိုင်ပစ္စည်းများအား အလွဲသုံးစားပြုလုပ်ပြီး ၁၅-၁၀-၂၀၁၄ ရက်မှစ၍ မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ဇနီးအဖြစ်မှ စွန့်လွှတ်ကြောင်း ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား တာဝန်မယူပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဇော်လင်းအောင်**
**၁၃/တခလ(နိုင်)၀၁၉၀၀၉**

**ပြည်တွင်းသတင်းနှင့်ကြော်ငြာ**

# မင်္ဂလာသောက်သုံးရေကန်ကြီး သန့်ရှင်းသာယာရေး ဆောင်ရွက်လျက်ရှိ

**ဇီးကုန်း အောက်တိုဘာ ၂၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့ အမှတ်(၄)ရပ်ကွက်ရှိ မင်္ဂလာသောက်သုံးရေကန်ကြီး သန့်ရှင်းသာယာ လှပရေးအတွက် ဆည်မြောင်းဦးစီးဌာန ရေကန်ကော်မတီ အလှူရှင်များနှင့် ကုမ္ပဏီများ စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မင်္ဂလာရေကန်ကြီးပတ်လည် ပေ ၁၆၅၀ အရှည်ရှိ ကန်ပေါင်လမ်းမြေနီအချောခင်းခြင်းကို ထွန်းလင်းမြန်မာကုမ္ပဏီက အောက်တိုဘာ ၇ ရက်မှ ၁၆ ရက်အထိ ဆောင်ရွက်ပေးခဲ့ပြီး ဆည်မြောင်းဦးစီးဌာနကလည်း ရေကန်သန့်ရှင်းရေး၊ ရေကန်အတက်လှေကားများ ဆောက်လုပ်ခြင်း၊ ကန်ပေါင်လမ်း တစ်လျှောက်အရိပ်ရပင်များ စိုက်ပျိုးခြင်းနှင့် ရေကန်လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။ စိုးမိုးသူကုမ္ပဏီကလည်း ရေကန်တိုးချဲ့ခြင်း၊ နုန်းဆယ်ယူခြင်း၊ ရေကန်တူးဖော်ခြင်း၊ ကန်ပေါင်လမ်းများ ပြုပြင်ခြင်းတို့ကို မေလနှင့် ဇွန်လအတွင်းက ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



မင်္ဂလာ သောက်သုံးရေကန်ကြီးသည် ဇီးကုန်းမြို့တွင်းသို့ နေ့စဉ်ရေစည်ပေါင်း ၃၀၀ ကျော် ဖြန့်ဝေပေးလျက်ရှိရာ ရေကန်ကြီး ရေရှည်တည်တံ့ရေးနှင့် သာယာလှပရေးအတွက် ပူးပေါင်းဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း သိရသည်။

**ကိုသက်(ဇီးကုန်း)**

# စက်ရေတွင်း၊ ရေလှောင်ကန်နှင့် ရေတင်စက်များ ဖွင့်ပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ကန်မြဲကျေးရွာအုပ်စု ဇေယျသုခ(အရှေ့)ကျေးရွာတွင် စက်ရေတွင်း၊ ရေလှောင်ကန်နှင့် ရေတင်စက်များ ဖွင့်ပွဲကို အောက်တိုဘာ ၂၁ ရက်က ကျင်းပသည်။

ရေတွင်း၊ ရေတင်စက်နှင့် ရေကန်များကို မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးများနှင့်ကလေးသူငယ်များ ဘဝမြှင့်တင်ရေးအသင်းတို့ ပူးပေါင်းလှူဒါန်းခဲ့ခြင်းဖြစ်သည်။ ဖွင့်ပွဲသို့ အဆိုပါအသင်းများမှ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့သည်။

ဖွင့်ပွဲတွင် ကျေးရွာအုပ်စုအတွင်းရှိ ကျောင်းသား ကျောင်းသူများ၊ အဘိုးအဘွားများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ ကျေးရွာအမျိုးသမီးအဖွဲ့ဝင်များနှင့် ရွာသူ ရွာသားများအတွက် ထောက်ပံ့ငွေများ၊ အဝတ်အထည်နှင့် ဆေးဝါးများကိုလည်း ထောက်ပံ့ပေးအပ်ခဲ့သည့်အပြင် ကျေးရွာအထောက်အကူပြုအဖွဲ့အား ရန်ပုံငွေကျပ်တစ်သိန်း၊ စက်ရေတွင်းစက်သုံးဆီဖိုး ငွေကျပ်နှစ်သိန်းနှင့် လက်ဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါကျေးရွာတွင် အိမ်ခြေ ၁၈၀ ရှိပြီး နွေရာသီနှင့်ဆောင်းရာသီများတွင် ကန်ရေခန်းခြောက်ပြီး ရေသုံးစွဲရန်အခက်အခဲများ နှစ်စဉ်နှစ်တိုင်းကြုံတွေ့နေရသဖြင့် စုစုပေါင်း ကုန်ကျစရိတ် ငွေကျပ် သိန်းနှစ်ရာကျော်တန်ဖိုးရှိ စက်ရေတွင်းတစ်တွင်း၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တစ်ကန်နှင့် ရေစုပ်စက် တစ်လုံးတို့အား လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# မြန်မာနိုင်ငံကိုယ်စားပြု ထူးချွန်ဆုရရှိသူ တောင်သူဦးမျိုးသန့်

မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ပြောင်းလဲသော ခေတ်တွင် ကျေးလက်ဒေသများ၌ ဂွန်ဒေါင်းစက်သံတညံညံဖြင့် ဖုံးလွှမ်းလျက်ရှိသည်။ ယနေ့အချိန်တွင် ပုလဲသွယ်စပါး တွန်းအားပေးစိုက်ပျိုးလာကြသည်။ စပါးအထွက်နှုန်းကောင်းမွန်စေရန် အခြေခံလိုအပ်ချက်မှာ မျိုးစေ့(မျိုးစပါး) ဖြစ်သည်။ မျိုးစေ့မမှန် ပင်မသန် ဆိုသလို မျိုးစေ့ကောင်းမှ အပင်အထွက်နှုန်းအားကောင်းစေမည်ဖြစ်သည်။ မျိုးစေ့ကောင်းမွန်စေရန် နည်းစနစ်မှန်ကန်စွာဖြင့် ပြုစုပျိုးထောင်စေရန် လိုအပ်လှသည်။ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရန်ကင်းတောင်ကျေးရွာ ကွင်းအမှတ်(၅၀၃) အောင်ပင်လယ်စိုက်ကွင်းပိုင်ရှင် တောင်သူကြီး ဦးမျိုးသန့်သည် ပုလဲသွယ်မျိုးစေ့စပါးများအား မြန်မာပြည်အနယ်နယ်အရပ်ရပ်သို့ ဖြန့်ချိလျက်ရှိသည်။ ယမန်နှစ်က ၄၄ ဧက စိုက်ပျိုးခဲ့ရာ ယခုနှစ်တွင် ၅၅ ဧကအထိ တိုးချဲ့စိုက်ပျိုးထုတ်လုပ်ခဲ့သည်။ တောင်သူကြီး ဦးမျိုးသန့်သည် ၂၀၁၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့ အထိမ်းအမှတ် FAO မှ ချီးမြှင့်သည့် အာရှပစိဖိတ်ဆိုင်ရာ အဖွဲ့ကြီးမှ ချီးမြှင့်သော မျိုးစေ့စပါးထုတ်လုပ်နိုင်မှု ထူးချွန်တောင်သူဆုကြီး ရရှိခဲ့သည်။ အဆိုပါ ဆုပေးပွဲအခမ်းအနားကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ FAO အဖွဲ့ချုပ်ရုံးကြီး၌ အောက်တိုဘာ ၁၅ ရက်က ကျင်းပခဲ့ရာ တောင်သူကြီး ဦးမျိုးသန့်အား FAO အဖွဲ့ အာရှပစိဖိတ်ဆိုင်ရာအဖွဲ့ဥက္ကဋ္ဌ Konuman က ဂုဏ်ပြုတံဆိပ်နှင့် ငွေသားများ ချီးမြှင့်ပေးအပ်ခဲ့သည်။ ထို့အတူ ထိုင်းဘုရင့်သမီးတော် သီရိဒ္ဓိကလည်း ထပ်လောင်းဂုဏ်ပြုဆု ချီးမြှင့်ပေးအပ်ခဲ့သည်။

၂၀၁၄ ခုနှစ် ကမ္ဘာ့စားနပ်ရိက္ခာနေ့အထိမ်းအမှတ်ထူးချွန်တောင်သူများ ချီးမြှင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံမှ တောင်သူကြီး ဦးမျိုးသန့်က မျိုးစေ့စပါးအကောင်းဆုံး ထုတ်လုပ်နိုင်မှုဆု၊ တရုတ်နိုင်ငံမှ ငါးမွေးမြူရေးအကောင်းဆုံးဆု၊ အိန္ဒိယနိုင်ငံမှ ကြံပင်ထုတ်လုပ်နိုင်မှုဆု၊ နယူးဇီလန်နိုင်ငံမှ နွားနို့ထုတ်လုပ်နိုင်မှုဆုနှင့် ထိုင်းနိုင်ငံမှ တောင်ပေါ်ဒေသယာမြေသီးနှံထုတ်လုပ်မှု ဆုများ ရရှိကြသည်။

တောင်သူကြီး ဦးမျိုးသန့်သည် ထိုင်းနိုင်ငံတွင် ကျင်းပသည့် FAO အာရှပစိဖိတ်ဆိုင်ရာအဖွဲ့ချုပ်မှ ချီးမြှင့်ပေးအပ်သောဆုကို ရယူပြီး မြန်မာနိုင်ငံသို့ ချက်ချင်းပြန်လာပြီး

**သတင်းဆောင်းပါး**
**အောင်ကျော်ထွန်း(ပုသိမ်ကြီး)**

အောက်တိုဘာ ၁၆ ရက်က နေပြည်တော်၌ကျင်းပသည့် ကမ္ဘာ့စားနပ်ရိက္ခာနေ့အခမ်းအနားသို့ တက်ရောက်၍ နိုင်ငံတော်မှ ချီးမြှင့်ပေးအပ်သော စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်မှု ထူးချွန်တောင်သူဆုကို လက်ခံယူခဲ့သည်။ တောင်သူ ဦးမျိုးသန့်သည် ၂၀၁၂ ခုနှစ်တွင် စိုက်ပျိုးထုတ်လုပ်မှု ထူးချွန်တောင်သူ(ဒုတိယ)ဆု၊ ၂၀၁၃ ခုနှစ်တွင် စပ်မျိုးစပါးစိုက်ပျိုးထုတ်လုပ်မှု စံပြတောင်သူဆု၊ ၂၀၁၄ ခုနှစ်တွင် စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်မှု ထူးချွန်တောင်သူဆုနှင့် FAO မှ ချီးမြှင့်သော A Model Farmer စံပြတောင်သူဆုကြီး ရရှိခဲ့သူဖြစ်သည်။

မြန်မာနိုင်ငံကိုယ်စားပြု စံပြ



တောင်သူဆုရရှိသူ တောင်သူကြီး ဦးမျိုးသန့်နှင့်အတူ ညီဖြစ်သူ ကိုစိုးမင်းထွန်းတို့ နှစ်ဦးသည် FAO အဖွဲ့မှ အကုန်အကျခံ၍ ထိုင်းနိုင်ငံသို့ သွားရောက်ဆုယူခဲ့ကြသည်။ ၂၀၁၄ ခုနှစ်၏ ကမ္ဘာ့စားနပ်ရိက္ခာနေ့ ဆောင်ပုဒ်မှာ မိသားစုတိုင်း၏ စိုက်ပျိုးရေးစွမ်းအားဖြင့် ကမ္ဘာကြီးကို ကျွေးမွေးစောင့်ရှောက်ကြပါစို့ ဖြစ်ရာ ဆန်စပါးအဓိကစိုက်ပျိုးထုတ်လုပ်သော မြန်မာတောင်သူများအနေဖြင့် မိမိပိုင်ဆိုင်သော လယ်ယာမြေများကို ဆန်စပါးစိုက်ပျိုး၍ မိသားစုနှင့်အတူ ကမ္ဘာကြီးကို ကျွေးမွေးစောင့်ရှောက်ကြပါစို့ဟု တောင်သူဦးမျိုးသန့်က ပြောသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လမ်းမတော်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၂Y2၊ မြေကွက်အမှတ် V Class 161၊ မြေကွက်တည်နေရာအမှတ် ၈၂၀၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်၊ ဒေါ်ညွန့်ညွန့် စီအေ-၀၁၄၅၆၅၊ ၁၂/လမတ(နိုင်)၀၁၉၅၇၈၊ ဒေါ်တင်ရီ စီအေ-၀၁၄၅၆၄၊ ၁၂/လမတ(နိုင်)၀၁၂၈၇၆၊ ဒေါ်အေးမြင့်(ခ)ဒေါ်ခင်မာအေး စီအေ-၀၄၁၃၈၉၊ ၁၂/လမတ(နိုင်)၀၁၂၉၀၂၊ ဒေါ်စန်းစန်း အိပ်ချ်/အာရ်ဂျီအန်-၀၃၄၂၈၄ အမည်ပေါက် နှစ် ၉၀ ဂရန် သက်ကုန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဒေါ်တင်ရီသည် ၁၃-၉-၂၀၀၆ ရက်တွင် အပျိုကြီးဘဝဖြင့် ကွယ်လွန်သဖြင့် ကျန်အမည်ပေါက်များဖြစ်သည့် ဒေါ်ညွန့်ညွန့်၊ ဒေါ်အေးမြင့်(ခ)ဒေါ်ခင်မာအေး၊ ဒေါ်စန်းစန်းတို့က အစ်မ/ညီမ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းဂရန်မူရင်းတို့တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်လာခြင်းမရှိပါက မြေပုံကူးလျှောက်ထားမှုကို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄၊ မြေကွက်အမှတ် ၄၃၇၊ အကျယ်အဝန်းပေ(၄၀×၆၀)ရှိ ပါမစ်မြေအမျိုးအစား အမည်ပေါက် ဦးမောင်ထွန်း BGE-၁၆၃၉၈၃၊ အမှတ် ၄၃၇၊ အနော်ရထာလမ်း၊ ၁၄ ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သော မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အဆက်အစပ်စာချုပ်စာတမ်းဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ရီရီမြင့် ၇/ဝမန(နိုင်)၀၂၈၅၄၀ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးထွန်းလင်းအောင် LL.B.,D.B.L.,D.M.L ဒေါ်ဖြူဖြူခိုင် LL.B.,D.B.L.,D.M.L**
**တရားလွှတ်တော်ရှေ့နေများ**
**ဒေါ်ငြိမ်းချမ်းစုရည် LL.B.,D.B.L**
**အထက်တန်းရှေ့နေ**
**အမှတ်-၂၇/ဘီ(မြေညီထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## အများသိစေရန်ကြေညာခြင်း

မော်လမြိုင်မြို့၊ စစ်ကဲကုန်းရပ်ကွက်၊ အကွက်အမှတ် ၄၇၊ ဦးပိုင်အမှတ် ၁၃၂၊ ဧရိယာ ၀ဒသမ၁၉၄ ဧကရှိမြေသည် ဒေါ်မြင့်မြင့်ဝင်းနှင့် ဦးမြင့်လွင်တို့နှစ်ဦး အမည်ပေါက်ပြီး နှစ် ၃၀ အငှားဂရန်ရရှိထားပါသည်။ ဂရန်စာချုပ်မူရင်းမှာ ပျောက်ဆုံးနေပါသည်။ အဆိုပါ အငှားဂရန်မြေအား ဦးဌေးကိုကို၊ ဦးချစ်ကိုကို၊ ဒေါ်ဌေးဌေးလွင်၊ ဦးအေးကိုကိုတို့မှ ဝယ်ယူထားပြီး နှစ် ၃၀ အငှားဂရန်သက်တမ်းတိုးအမည်ပြောင်းလျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိက ကြော်ငြာသည့်ရက်မှစ၍ ၁၄ရက်အတွင်း ခရိုင်အုပ်ချုပ်ရေးမှူး၊ မော်လမြိုင်ခရိုင်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနထံ ခိုင်လုံသည့် အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေလိုက်သည်။

**ခရိုင်အုပ်ချုပ်ရေးမှူး**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မော်လမြိုင်ခရိုင်-မော်လမြိုင်မြို့**

## မူလမြေပိုင်ရှင် ဒေါ်ရင်မေနှင့် အမြန်ဆုံးဆက်သွယ်ဆောင်ရွက်ကြပါရန် အသိပေးကြေညာခြင်း

တာချီလိတ်မြို့၊ ဝမ်ကောင်း၊ ဟောင်လိတ်ရပ်ကွက်၊ ကွင်းအမှတ် ၅၃၊ လွယ်စလုံတောင်ကွင်း၊ အကွက်အမှတ် ၂၊ ဆုတောင်းပြည့်ရပ်-အကွက်အမှတ် ၃၊ ဆုတောင်းပြည့်အနောက်ရပ်၊ ဦးပိုင်အမှတ် ၁+၂၊ ကွင်းအမှတ် ၅၂၊ လွယ်စလုံတောင်ကွင်း၊ မြေချိန်ဧရိယာ ၁၂၉ဒသမ၈၄၇ဧကနှင့် ၃ဒသမ၁၉၅ဧကရှိ မြေများအား ၁၆-၂-၂၀၀၁ ရက်စွဲဖြင့် မြေစာရင်းပုံစံ ၁၀၅ ကို ဒေါ်ရင်မေ ပါ (၅)ဦး အမည်ပေါက် ရရှိခဲ့ပါသည်။

ဒေါ်ရင်မေသည် အမည်ပေါက်ပိုင်ဆိုင်သော မြေချိန်ဧရိယာ ၁၂၉ဒသမ၈၄၇ဧကနှင့် ၃ဒသမ၁၉၅ဧကများတွင် ပုဂ္ဂလိက (၂)ထပ်ဈေး တည်ဆောက်ခြင်း၊ ဟိုတယ်တည်ဆောက်ခြင်းတို့ကို ဆောင်ရွက်နိုင်ရန်အတွက် မြေကွက်အချို့ကို အရပ်စာချုပ်များဖြင့်လည်းကောင်း၊ အထူးကိုယ်စားလှယ်လွှဲစာများဖြင့်လည်းကောင်း ရောင်းချခြင်း၊ ပေါင်နှံခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။ ယခုအချိန်တွင် ဒေါ်ရင်မေ ပါ (၅)ဦးပိုင် မြေကွက်များပေါ်တွင် တရားဝင်အဆောက်အအုံများနှင့် တရားမဝင်ကျူးကျော်ပြီး အဆောက်အအုံများဆောက်လုပ်၍နေထိုင်ခြင်း၊ စီးပွားရေးလုပ်ငန်းများပြုလုပ်နေခြင်းကို တွေ့ရှိရပါသည်။ ဒေါ်ရင်မေ ပါ(၅)ဦး အမည်ပေါက် ပိုင်ဆိုင်သူထံမှ အရပ်စာချုပ်များဖြင့်လည်းကောင်း၊ အထူးကိုယ်စားလှယ်လွှဲစာများဖြင့်လည်းကောင်း ဝယ်ယူထားသူ၊ အပေါင်ထားခံထားသူတို့ကို နစ်နာမှုမရှိစေရန် ညှိနှိုင်း၍ တရားဝင်ဆောင်ရွက်ပေးမည်ဖြစ်ပါသောကြောင့် ယနေ့ကြေညာသည့်အချိန်မှစ၍ တစ်လအတွင်း ဒေါ်ရင်မေထံ အမြန်ဆုံးလာရောက်ဆက်သွယ်ရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ပါ။ တရားမဝင်မြေကွက်များကို ကျူးကျော်၍ အဆောက်အအုံဆောက်လုပ်ထားသူများကိုလည်း တရားဥပဒေနှင့်အညီ ပြစ်မှုကြောင်း၊ တရားမကြောင်းတို့ဖြင့် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ရင်မေ**
**အမှတ် ၇၄-က၊ ချယ်ရီလမ်း၊**
**တာလော့ရပ်ကွက်၊ တာချီလိတ်မြို့၊**
**ဖုန်း-၀၈၄-၅၁၆၇၆၊ ၀၉-၄၂၈၃၃၃၀၉၇၊ ၀၉-၄၉၀၃၁၇၆၂**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ပိုင်းခရိုင်၊ မင်္ဂလာဒုံမြို့နယ်၊ ပေါက်ကုန်းကျေးရွာအုပ်စု၊ ကွင်းအမှတ်(၅၃၅ C)အတွင်းရှိ ဦးပိုင်အမှတ်(၂၉/က)ဟု ခေါ်တွင်သော လယ်ယာမြေ(၈)ဧကသည် ဦးကျော်မြ၏သမီး ဒေါ်ခင်သန်းနွဲ့ ၁၂/မဂဒ(နိုင်)၀၆၅၀၂၂၏ အမည်ဖြင့်လုပ်ကိုင်ခွင့်ရရှိထားသော လယ်မြေများဖြစ်ပါသည်။ အဆိုပါလယ်မြေ(၈)ဧကကို ဒေါ်ခင်သန်းနွဲ့မှ ၄င်းတစ်ဦးတည်းပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ဆိုင်ခွင့်ရှိကြောင်း မြွက်ဖော်ဝန်ခံလျက် ရောင်းချရန်ကမ်းလှမ်းခဲ့ရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်သဘောတူညီပါသဖြင့် လယ်ယာမြေ၏အရောင်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေခဲ့ပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုခိုင်လုံသော စာရွက်စာတမ်းအထောက်အထားများဖြင့် ယခုကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ အပြီးတိုင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်လင်းထူး B.A(Business Law),LL.B ဦးသန်းစိုး (B.Sc.,H.G.P.,R.L)**
**အထက်တန်းရှေ့နေ(စဉ်-၂၈၇၄၅) တရားလွှတ်တော်ရှေ့နေ(စဉ်-၄၀၀၇)**
**အမှတ်(၁၃/အေ)၊ အာသာဝတီလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၂၂၃၆၉၈၊ ၂၂၃၇၁၀၊ ရုံး-၀၉-၅၀၈၈၈၅၆၊ ၀၉-၄၂၀၀၈၆၁၄၉**

**ဌာနဆိုင်ရာနှင့် လူမှုရေး၊ စီးပွားရေးကြော်ငြာ**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်မှ ဆောင်ရွက်မည့်အောက်ပါလုပ်ငန်းများအား Turnkey စနစ်(မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါ၍ အဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) သန်လျင်မြို့နယ်ရှိ(၃၃)ကေဗွီ ခရမ်းချောင်းမြစ်ရေတင် ကောင်းကင်ဓာတ်အားလိုင်း (၅.၅)မိုင်ခန့်အား လိုအပ်သောပစ္စည်းများ အစားထိုးလဲလှယ်ခြင်း။
(ခ) ခရမ်းချောင်းမြစ်ရေတင် ဓာတ်အားခွဲရုံအနီးတွင် (၃၃/၁၁)ကေဗွီ(၅)အမ်ဗွီအေ ဓာတ်အားခွဲရုံ အသစ်တည်ဆောက်ခြင်း။
(ဂ) ခရမ်းချောင်းဓာတ်အားခွဲရုံမှ (၁၁)ကေဗွီ ခရမ်းချောင်းတောင်ဖီဒါ(၅.၅)မိုင်အား Insulated Cable ဖြင့်တည်ဆောက်ခြင်း။
(ဃ) ခရမ်းချောင်းဓာတ်အားခွဲရုံမှ (၁၁)ကေဗွီ ခရမ်းချောင်းမြောက်ဖီဒါ (၁၀.၅)မိုင်အား Insulated Cable ဖြင့်တည်ဆောက်ခြင်း။

၂။ **တင်ဒါရောင်းချမည့်ရက်** - ၂၇-၁၀-၂၀၁၄ရက် (တနင်္လာနေ့)
၃။ **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၁၇-၁၁-၂၀၁၄ရက် (တနင်္လာနေ့)(၁၂:၀၀)နာရီ
၄။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ ပစ္စည်းထောက်ပံ့ရေးဌာန**
**ဖုန်း-၀၁-၂၂၀၈၅၉၊ ၀၁-၂၂၀၈၁၆**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ အဖွဲ့ပိုင်ယာဉ်/ယန္တရားများတွင် အသုံးပြုရန်အတွက် ရိုးရိုးဒီဇယ်ဆီ (၂၇၁၀၀)ဂါလန်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

**တင်ဒါပုံစံရောင်းချသည့်ရက်** - ၂၄-၁၀-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်ရက်** - ၃၁-၁၀-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊**
**ပစ္စည်းထောက်ပံ့ရေးဌာန၊ ရန်ကုန်မြို့**
**အမှတ် (၁၉၇၊ ၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊**
**ဖုန်း-၀၁-၂၂၀၈၁၆၊ ၂၂၀၈၅၉**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်မှ ဆောင်ရွက်မည့် အောက်ပါလုပ်ငန်းများအား Turnkey စနစ် (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါ၍ အဆိုပြုလွှာများတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တွံတေးမြို့နယ်၊ မြောက်ဘက်ခြမ်း တက်သစ်ကျေးရွာမှ ခတ္တိယကျေးရွာအထိ Insulated Cable ဖြင့် (၁၁)ကေဗွီကောင်းကင်ဓာတ်အားလိုင်း (၈)မိုင် တည်ဆောက်ခြင်း။

၂။ **တင်ဒါရောင်းချမည့်ရက်** - ၂၇-၁၀-၂၀၁၄ ရက်(တနင်္လာနေ့)
၃။ **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၁၇-၁၁-၂၀၁၄ ရက်(တနင်္လာနေ့) ၁၂:၀၀နာရီ
၄။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ ပစ္စည်းထောက်ပံ့ရေးဌာန**
**ဖုန်း-၀၁-၂၂၀၈၅၉၊ ၀၁-၂၂၀၈၁၆**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်မှ ဆောင်ရွက်မည့် အောက်ပါလုပ်ငန်းများအား Turnkey စနစ် (မြန်မာကျပ်ငွေ)ဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါ၍ အဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က) တွံတေးမြို့နယ်၊ အရှေ့တောင်ဘက်ခြမ်း ပေါင်းတော်ချုပ်လမ်းဆုံမှ ရှမ်းစုကျေးရွာအထိ (၃၃)ကေဗွီ ကောင်းကင်ဓာတ်အားလိုင်း(၅.၅)မိုင်အား Insulated Cable ဖြင့် တည်ဆောက်ခြင်း။
(ခ) ရှမ်းစုကျေးရွာတွင် (၃၃/၁၁)ကေဗွီ (၅)အမ်ဗွီအေ ဓာတ်အားခွဲရုံတည်ဆောက်ခြင်း။
(ဂ) ရှမ်းစုကျေးရွာခွဲရုံမှ ပြသာဒ်တိုက်အထိ (၁၁)ကေဗွီကောင်းကင်ဓာတ်အားလိုင်း(၈.၅၆)မိုင်အား Insulated Cable ဖြင့် တည်ဆောက်ခြင်း။
(ဃ) ရှမ်းစုကျေးရွာခွဲရုံမှ အမ်းမတီကျေးရွာအထိ (၁၁)ကေဗွီကောင်းကင်ဓာတ်အားလိုင်း(၈.၅၆)မိုင်အား Insulated Cable ဖြင့် တည်ဆောက်ခြင်း။
(င) ရှမ်းစုကျေးရွာခွဲရုံမှ မီးသွေးကျင်ကျေးရွာအထိ (၁၁)ကေဗွီ ကောင်းကင်ဓာတ်အားလိုင်း (၆.၃၃)မိုင်အား Insulated Cable ဖြင့်တည်ဆောက်ခြင်း။

၂။ **တင်ဒါရောင်းချမည့်ရက်** - ၂၇-၁၀-၂၀၁၄ ရက်(တနင်္လာနေ့)
၃။ **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၁၇-၁၁-၂၀၁၄ ရက်(တနင်္လာနေ့) ၁၂:၀၀နာရီ
၄။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊ ပစ္စည်းထောက်ပံ့ရေးဌာန**
**ဖုန်း-၀၁-၂၂၀၈၅၉၊ ၀၁-၂၂၀၈၁၆**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့ ဓာတ်အားဖြန့်ဖြူးရေးဌာနနှင့် စီမံရေးဌာနတို့မှ ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-
(ပစ္စည်းလက်ဝယ်ရှိသူကိုသာ ဦးစားပေးမည်ဖြစ်ပါသည်။)

**တင်ဒါပိတ်မည့်ရက်** - ၇-၁၁-၂၀၁၄ ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂:၀၀ နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**တင်ဒါကြီးကြပ်ရေးအဖွဲ့**
**ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့**
**ပစ္စည်းထောက်ပံ့ရေးဌာန၊ ရန်ကုန်မြို့**
**အမှတ် (၁၉၇၊ ၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်၊**
**ဖုန်း-၀၁-၂၂၀၈၁၆၊ ၂၂၀၈၅၉**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ အမှတ်(J-၁၅၈) ဦးသန်းဇော် စလစ်အမည်ပေါက်ခြံမြေ(ပေ၄၀×ပေ၆၀)အကျယ်ရှိမြေအား ၁၂/မရန(နိုင်)၀၅၁၉၉၆ ကိုင်ဆောင်သူ ဒေါ်မိုးမိုးအောင်မှ အမည်ပေါက်ပိုင်ရှင် ဦးသန်းဇော်ထံမှ ဝယ်ယူပိုင်ဆိုင်ထားကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်တင်တင်လှ** | **ဒေါ်နှင်းထက်ထက်နိုင်** | **ဒေါ်ဝါဝါကို** |
| **စဥ်/၂၉၆၆၀** | **စဥ်/၃၉၁၇၂** | **စဥ်/၄၃၉၉၉** |

**(အထက်တန်းရှေ့နေများ)**
**ဖုန်း-၀၉-၄၃၀၇၃၄၂၆**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ အနော်မာ ၅လမ်းအနောက်၊ အိမ်အမှတ် ၂၀၃(က)၊ အလျား ပေ(၂၀×၆၀)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်၏မိတ်ဆွေ ဦးမာမတ်ဒါလီ ၉/မထလ(နိုင်)၀၅၃၈၇၁က တစ်ဦးတည်းပိုင်ဆိုင်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ခွင့်ပြုချက်မရဘဲ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်းများမပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့သည်ရှိသော် ဥပဒေကြောင်းအရ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးနေမျိုးသိန်း LL.B**
**အထက်တန်းရှေ့နေ (စဥ်-၂၃၂၈၈)**
**အမှတ် ၄၄၉၊ အနော်မာ ၁၀လမ်း၊ သာကေတ**

## လုံးချင်းတိုက်ငှားမည်

တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာရံရိပ်သာ ပေ (၄၀×၆၀)ရှိ လုံးချင်းတိုက်နှစ်ထပ်(ကြိုးဖုန်း၊ အဲယားကွန်း ၃လုံး၊ စကိုင်းနက်၊ မီးစက်ပါ)ကို အမြန်ငှားလိုပါသည်။ အောက်ပါဖုန်းသို့ ဆက်သွယ်နိုင်ပါသည်။

**ဖုန်း-၀၁-၅၇၂၅၄၂၊ ၀၉-၅၁၄၇၂၆၉**

## တိုက်ခန်းရောင်းမည်

၁။ ကြီးပွားရေးအိမ်ရာ၊ သဃ်န်းကျွန်း၊ (ဒု)ထပ်၊ (၁၀၀၀)စ/ပ၊ အိပ်ခန်း (၃)ခန်း၊ ကားပါကင်၊ လမ်းမျက်နှာစာလှည့်။
၂။ မုဒိတာကွန်ဒို(၂)၊ မြေညီ၊ (၈၅၀ စ/ပ)၊ အိပ်ခန်း(၃)ခန်း၊ ထောင့်ခန်းနှင့် (၇)လွှာ၊ (၆၀၀ စ/ပ)၊ အိပ်ခန်း(၂)ခန်း။

**ဖုန်း-၀၉-၅၁၉၁၈၉၄၊ ၀၉-၅၀၈၇၁၈၁၊ ၀၁-၃၇၂၁၇၂**

## ဦးသိန်းအောင် AE -233592၊ ဒေါ်ခင်ဆွေတင့် L/RGN-034563၊ ဒေါ်ခင်ခင်လေး ၁၃/တကန(နိုင်)၀၁၅၆၉၆ တို့နှင့် ၎င်းတို့နှင့်သက်ဆိုင်သော အမွေစားအမွေခံများ သိရှိစေရန် ကြေညာခြင်း

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့ရှိ မြေတိုင်းအခေါ် ရပ်ကွက်/ကျေးရွာအုပ်စု အေးသာယာ၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၃၄/မူလတန်းကျောင်း၊ ဦးပိုင်အမှတ်/မြေကွက်အမှတ် ၁၆၊ ဧရိယာ ၀ဒသမ၁၀၂ဧကရှိ ဦးသိန်းအောင်အမည်ပေါက် ဂရန်အမှုတွဲအမှတ် ၁၃၂၂ (၁၉၉၁- ၂၀၂၁)ရှိ မြေနှင့်ယင်းမြေပေါ်ရှိ အိမ်မြေဥပစာကို ဦးသိန်းအောင်က ဒေါ်ခင်ဆွေတင့်ထံသို့ (၂၅-၇-၁၉၉၁)ရက်စွဲပါ အိမ်နှင့်မြေကွက် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ရောင်းချခဲ့ပြီး ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းများနှင့်အတူ အိမ်မြေဥပစာကို လက်ရောက်ပေးအပ်ခဲ့ပါသည်။ ထိုသို့ ဦးသိန်းအောင်က မိမိလွှဲပြောင်းရောင်းချခဲ့သော အိမ်မြေဥပစာများနှင့်ပတ်သက်၍ ဝယ်ယူသူများအား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးခြင်း၊ အမည်ပြောင်းလဲပေးခြင်းများကို ဝယ်ယူသူများဘက်က တောင်းဆိုလာမည့်မည်သည့်အချိန်တွင်မဆို ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ရောင်းချစဥ်က တာဝန်ယူကတိပြုထားခဲ့ပါသည်။

အထက်ဖော်ပြပါ အိမ်မြေဥပစာကို ထပ်မံ၍ ဒေါ်ခင်ဆွေတင့်က ဒေါ်ခင်ခင်လေးထံသို့ ၉-၄-၂၀၁၀ရက်တွင် နှစ်ဦးသဘောတူ အိမ်မြေဥပစာလွှဲပြောင်းရောင်းချခြင်း ကတိစာချုပ်ဖြင့်လည်းကောင်း၊ ၃၁-၃-၂၀၁၃ရက်တွင် ဒေါ်ခင်ခင်လေးက ဒေါ်ချိုချိုလွင်ထံသို့ အရပ်စာချုပ်အဆင့်ဆင့်ဖြင့် နှစ်ဦးသဘောတူ အိမ်၊ ခြံ၊ မြေကွက်အရောင်းအဝယ်စာချုပ်ဖြင့်လည်းကောင်း ထပ်ဆင့်လွှဲပြောင်းရောင်းချခဲ့သဖြင့် ဒေါ်ချိုချိုလွင်က ဝယ်ယူ၍ လက်ရောက်ရရှိပြီး ယနေ့ထိတိုင် အဆိုပါအိမ်မြေဥပစာ၌ နေထိုင်လျက်ရှိသည်ဖြစ်ပါသည်။ သို့သော် အထက်ဖော်ပြပါ ဦးသိန်းအောင်မည်ပေါက် အိမ်မြေဥပစာနှင့်ပတ်သက်သော ဂရန်အမှုတွဲအမှတ် ၁၃၂၂(၁၉၉၁-၂၀၂၁) ဂရန်မူရင်းမှာ ဒေါ်ခင်ဆွေတင့်က ဒေါ်ခင်ခင်လေးအား ရောင်းချသည့်အချိန်၌ပင် မူလဂရန်မူရင်း ပျောက်ဆုံးနေကြောင်းနှင့် ဂရန်ပြန်လည်ရရှိအောင်ဆောင်ရွက်ပေးမည်ဟု သိရှိရပါသည်။ သို့သော် ယနေ့ချိန်ထိ ဒေါ်ခင်ဆွေတင့်မှာ ပြန်လည်လျှောက်ထားပေးခဲ့ခြင်းမရှိ ပျောက်ဆုံးနေလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ဦးသိန်းအောင်၊ ဒေါ်ခင်ဆွေတင့်၊ ဒေါ်ခင်ခင်လေးတို့နှင့်တကွ သက်ဆိုင်သော အမွေစားအမွေခံများက ဦးသိန်းအောင်အမည်ပေါက် အိမ်မြေဥပစာကို ဤကြေညာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ဝယ်ယူသူအမည်ပေါက် ဂရန်ပြုလုပ်ဆောင်ရွက်ရန်အတွက် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆို၍ ပြီးပြတ်အောင်ဆောင်ရွက်ပေးပါရန်နှင့် အကယ်၍ ဆက်သွယ်ဆောင်ရွက်ခြင်းမပြုပါက တည်ဆဲတရားဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ချိုချိုလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်မာရီ LL.B (တရားလွှတ်တော်ရှေ့နေ)**
**အမှတ် (၁၅၆)၊ ကြွံခိုင်ရေးလမ်း၊ ပြည်တော်သာရပ်ကွက်၊ တောင်ကြီးမြို့**
**ဖုန်း-၀၈၁-၂၀၅၆၆၄၊ ၀၉-၇၃၈၃၀၃၀၇**

## ရောင်းရန်ကြော်ငြာ
### (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
### ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
### ၂၀၁၁ ခုနှစ် တရားမဇာရီမှုအမှတ်-၉၀

| | | |
|---|---|---|
| မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) | **နှင့်** | ၁။ အမ်အိတ်ချ်အယ်လ်ဂျီထရေးဒင်းကုမ္ပဏီလီမိတက် |
| စက်မှုလက်မှုငွေချေးဌာန | | ၂။ အမ်အိတ်ချ်အယ်လ်ဂျီထရေးဒင်း ကုမ္ပဏီလီမိတက် (၎င်း၏မန်နေဂျင်းဒါရိုက်တာ ဦးမျိုးဟိန်း) |
| (၎င်း၏လက်ထောက်အထွေထွေ | | ၃။ အမ်အိတ်ချ်အယ်လ်ဂျီထရေးဒင်းကုမ္ပဏီလီမိတက် (၎င်း၏ဒါရိုက်တာဒေါ်ခင်ချို) |
| မန်နေဂျာ) ရန်ကုန်မြို့။ | | ၄။ အမ်အိတ်ချ်အယ်လ်ဂျီထရေးဒင်းကုမ္ပဏီလီမိတက် (၎င်း၏ဒါရိုက်တာဦးခင်မောင်ဌေး) |
| **တရားနိုင်** | | **တရားရှုံးများ** |

ရန်ကုန်တိုင်းဒေသကြီးတရားရုံး၊ ၂၀၀၅ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၅၇၉တွင် ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၁၆ရက်ပါ ဒီကရီကို အတည်ပြုရာတွင် တရားရှုံးပိုင် အောက်ဖော်ပြပါပစ္စည်းများကို ၂၀၁၄ခုနှစ် ဒီဇင်ဘာ ၁ ရက် နံနက် ၁၀နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ လေလံဆွဲဝယ်ယူလိုသူများသည် မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိကတရားဝင်လွှဲအပ်ထားသည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

**ပစ္စည်းစာရင်း**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဇုန်(၁)ရှိ မြေကွက်အမှတ် ၁၀၇(က)၊ (၁၀၈)(က)၊ ၁၀၉(က)၊ မြေဧရိယာ ၁ ဒသမ ၁၉၇ဧကရှိ နှစ် ၆၀ စက်မှုမြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိအကျိုးခံစားခွင့်အားလုံး။

**ကြမ်းခင်းဈေးကျပ်သန်း ၁၀၁၆။**

၂။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဇုန်(၁)ရှိ မြေကွက်အမှတ် ၁၀၇(ခ)၊ ၁၀၈(ခ)၊ ၁၀၉(ခ)၊ မြေဧရိယာ ၂ဒသမ ၄၄၀ ဧကရှိ နှစ် ၆၀ စက်မှုမြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံး။

**ကြမ်းခင်းဈေးကျပ်သန်း ၂၄၆၁။**

၃။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ဇုန်(၁)ရှိ မြေကွက်အမှတ် ၁၀၇(ဂ)၊ ၁၀၈(ဂ)၊ ၁၀၉(ဂ)၊ မြေဧရိယာ ၂ ဒသမ ၃၇၅ဧကရှိ နှစ် ၆၀ စက်မှုမြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အားလုံး။

**ကြမ်းခင်းဈေးကျပ်သန်း ၂၂၁၂။**

အထက်ဖော်ပြပါမြေနှင့်အဆောက်အအုံများအားလုံး၏ စုစုပေါင်းကြမ်းခင်းဈေး ကျပ်သန်း ၅၆၈၉ ဖြစ်ပါသည်။

**ရောင်းချရန် နောက်ထပ်စည်းကမ်းချက်များ**

၁။ အမည်စာရင်းတွင် ဖော်ပြထားသောအချက်အလက်များမှာ တရားနိုင်က တရားရုံးသို့တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်လာပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ ဈေးနှုန်းအမြင့်ဆုံးပေးသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိကယူဆလျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။
၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက်ပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။
၅။ လေလံတင်ရောင်းချခြင်းကို ရောင်းချသူအရာရှိက ရွှေ့ဆိုင်းဆောင်ရွက်ခွင့်ရှိသည်။
၆။ ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကိုပယ်၍ ၁၅ ရက်မြောက်နေ့တွင် တရားရုံးသို့ အပြေအကျေပေးသွင်းရမည်။ ၁၅ ရက်မြောက်နေ့သည် ရုံးပိတ်ရက်ဖြစ်ပါက ပထမရုံးဖွင့်သည့်ရက်တွင် ပေးသွင်းရမည်။
၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များတွင် ပေးဆောင်ရန်ပျက်ကွက်ပါက ပစ္စည်းကိုတစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းသည့်လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**အမိန့်အရ-**

**(ခင်နွဲ့နွဲ့)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**တရားမတရားစီရင်ရေးဌာန**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၆ယ/၉၆၈၂၀ KEN-BO-110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ကြည်ကြည်ထွန်း ၁၀/သထန(နိုင်)၁၄၇၇၇၉ က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး(မကွေး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8E/4023 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/ 2477 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

## အမွေပြတ်စွန့်လွှတ်ခြင်း

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်၊ တောင်ဘက်ကြီးကျေးရွာနေ ကျွန်တော် ဦးပျိုဝိုင်း ၈/နမန(နိုင်)၀၁၈၉၅၁ ၏သမီး မစောကလျာနွယ် ၈/မကန(နိုင်)၁၇၈၉၆၂သည် မိဘ၏ဆုံးမမှုကိုမနာခံဘဲ နေအိမ်မှ ထွက်သွားပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။

**ဖခင်-ဦးပျိုဝိုင်း**

# ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ် ဇယား ၁ နှင့် ၂ လေ့လာသုံးသပ်ရေးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော်   အောက်တိုဘာ ၂၃**

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)ခုနှစ်၊ ဇယား ၁နှင့် ၂ လေ့လာသုံးသပ်ရေးကော်မတီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ သမ္မတရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဦးဝဏ္ဏမောင်လွင်၊ ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးလှထွန်း၊ ဦးစိုးဝင်း၊ ဦးအုန်းမြင့်၊ ဦးဝင်းထွန်း၊ ဦးခင်ရီ၊ ဦးသန်းဌေး၊ ဒေါက်တာဒေါ်ခင်စန်းရီ၊ ဒေါက်တာသန်းအောင်၊ ဒေါက်တာမြင့်အောင်၊ ဦးအေးမြင့်ကြူ၊ ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးကျော်လွင်၊ ဦးဇေယျာအောင်၊ ဒေါ်မြတ်မြတ်အုန်းခင်၊ ဒေါက်တာကိုကိုဦး၊ ဦးဌေးအောင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဇယား ၁ နှင့် ၂ ကို ပြန်လည်သုံးသပ်ပြီး ပြည်ထောင်စု၏ အနှစ်သာရကို ပေါ်လွင်အောင် ပုံဖော်ပေးရန်လိုအပ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့အားလုံးသည် တစ်ဦးနှင့်တစ်ဦး ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဖြစ်ရန်လိုအပ်ပြီး အပြန်အလှန်အမှီသဟဲပြု၍

*စာမျက်နှာ ၉ ကော်လံ ၁* ❐

# သဘာဝဝါးတောများ အရေအတွက်နှင့် အရည်အသွေးကျဆင်းနေ စနစ်တကျစီမံအုပ်ချုပ်၍ ရေရှည်တည်တံ့ရေး ဆောင်ရွက်ရန်လို

သတင်းဆောင်းပါး
ကျော်သူဝင်း
(မြန်မာ့အလင်း)
ဓာတ်ပုံ-သက်ထက်

မိမိတို့နိုင်ငံတွင် မြေအသုံးချမှုပြောင်းလဲခြင်း၊ လူဦးရေတိုးတက်လာခြင်း၊ စနစ်တကျခုတ်ယူမှုမရှိခြင်းတို့ကြောင့် သဘာဝဝါးတောများ၏ အရေအတွက်နှင့် အရည်အသွေးပါ လျော့နည်းကျဆင်းလျက်ရှိကြောင်း၊ သဘာဝဝါးတောရှိ သယံဇာတများ ရေရှည်တည်တံ့လာစေရန် ဦးတည်ပြီး စနစ်တကျ စီမံအုပ်ချုပ်သွားရန် လိုအပ်လျက်ရှိကြောင်း သစ်တောသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဇော်ဝင်းမြင့်က ပြောကြားသည်။

"နိုင်ငံတော်ရဲ့ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်တွေနဲ့အညီ သစ်တောကဏ္ဍမှာလည်း ဗဟိုဦးစီးစနစ်အနေနဲ့ ပြည်သူဗဟိုပြု စီမံအုပ်ချုပ်တဲ့စနစ်ကို ပြောင်းလဲသွားဖို့ လိုအပ်ပါတယ်။ သစ်တောဦးစီးဌာနနဲ့အတူ ဒေသခံတွေနဲ့ အကျိုးဆက်စပ်

*စာမျက်နှာ ၁၀ ကော်လံ ၁* ✳



ဝါးဖြင့်ပြုလုပ်ထားသော အောက်ခံပါကေးနှင့် လူ့အသုံးအဆောင်ပစ္စည်းများကို တွေ့ရစဉ်။

# အာရှ ယူ-၁၉ ပြိုင်ပွဲ ကာတာဗိုလ်စွဲ

**ရန်ကုန်   အောက်တိုဘာ ၂၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် အာရှ ယူ-၁၉ ပြိုင်ပွဲဗိုလ်လုပွဲကို ယနေ့ည ၇ နာရီက သုဝဏ္ဏကွင်း၌ကျင်းပရာ ကာတာအသင်းက မြောက်ကိုရီးယားအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ကာတာအသင်းအတွက် အနိုင်ဂိုးကို လူစားဝင်တိုက်စစ်မှူး အာဖစ်က ပွဲချိန် ၅၁ မိနစ်တွင် ထောင့်ကန်ဘောမှတစ်ဆင့် သွင်းယူပေးခဲ့သည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❍

# ၂၀၁၄ ခုနှစ် တတိယအကြိမ်မြောက် အရှေ့တောင်အာရှဗိုဗီနမ် ချန်ပီယံရှစ်ပြိုင်ပွဲ ဒုတိယနေ့ပွဲစဉ်အပြီး ပြိုင်ပွဲဝင်နိုင်ငံများအလိုက် ဆုရရှိမှု

နေပြည်တော်   အောက်တိုဘာ ၂၃

**မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသော ၂၀၁၄ ခုနှစ် တတိယအကြိမ်မြောက် အရှေ့တောင်အာရှ ဗိုဗီနမ်ချန်ပီယံရှစ်ပြိုင်ပွဲ၏ ဒုတိယနေ့ ပွဲစဉ်များအပြီး ပြိုင်ပွဲဝင်နိုင်ငံများ၏ ဆုတံဆိပ်ရရှိမှုအခြေအနေများမှာ-**

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | ပေါင်း |
|---|---|---|---|---|---|
| ၁ | ဗီယက်နမ် | ၈ | ၇ | ၂ | ၁၇ |
| ၂ | မြန်မာ | ၄ | ၂ | ၈ | ၁၄ |
| ၃ | ကမ္ဘောဒီးယား | ၂ | ၃ | ၆ | ၁၁ |
| ၄ | လာအို | ၁ | ၃ | ၄ | ၈ |
| ၅ | ထိုင်း | ၁ | ၁ | ၁ | ၃ |
| ၆ | အင်ဒိုနီးရှား | ၁ | ၁ | ၂ | ၄ |
| | **ပေါင်း** | ၁၇ | ၁၇ | ၂၃ | ၅၇ |


## ယနေ့ မာတိကာ

**အိမ်ဖြူတော်ခြံစည်းရိုးကျော်တက်သူ အဖမ်းခံရ** — *စာမျက်နှာ - ၅*

**ရိုမေးနီးယားတင်းနစ်မယ် ဆီရီနာဝီလျံကိုအနိုင်ယူ** — *စာမျက်နှာ - ၁၃*


**ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ**

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

# အရှေ့တောင်အာရှဗိုဗီနမ်(ဗန်တို)ပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော်   အောက်တိုဘာ ၂၃**

**သတင်းနှင့်ဓာတ်ပုံ-ကိုကိုစိုးညွန့်**

မြန်မာနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် တတိယအကြိမ်မြောက် အရှေ့တောင်အာရှဗိုဗီနမ်(ဗန်တို) ချန်ပီယံရှစ် ၂၀၁၄ ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ (A)၌ ဆက်လက်ကျင်းပရာ အိမ်ရှင်မြန်မာက ရွှေတစ်ခု၊ ငွေတစ်ခု၊ ကြေးလေးခု ဆွတ်ခူးခဲ့သည်။

ရွှေတံဆိပ်ကို အမျိုးသမီး၊ အမျိုးသားအတွဲ (ခုခံကာကွယ်မှု)စွမ်းရည်ပြပြိုင်ပွဲတွင် ဆုလဲ့ဖြိုး၊ ခိုင်ဇင်ဝင်း(မြန်မာ)အတွဲက လည်းကောင်း၊ ငွေတံဆိပ်ကို အမျိုးသမီးတစ်ဦးချင်း(ဓားသိုင်း)ဓားမောက်ရှည်အပြပြိုင်ပွဲတွင် ဇာဇာအောင်(မြန်မာ)က လည်းကောင်း၊ ကြေးတံဆိပ်များကို အမျိုးသမီးတစ်ယောက်၊ အမျိုးသားသုံးယောက်တွဲ(ခုခံတိုက်ခိုက်မှု) စွမ်းရည်ပြပြိုင်ပွဲတွင် ချိုမာလင်း၊ အေးမင်း၊ မျိုးဇော်နှင့် မနားကြီး(မြန်မာ)အတွဲက လည်းကောင်း၊ အမျိုးသမီးနှစ်ယောက်တွဲ(ဓားသိုင်းအတိုက်) စွမ်းရည်ပြပြိုင်ပွဲတွင် အယ်လ်ရှီလာမင်းနိုင်နှင့် မျိုးမျိုးသန့်(မြန်မာ)အတွဲကလည်းကောင်း၊ အမျိုးသမီး ၅၄ ကီလိုအတိုက်ပြိုင်ပွဲတွင် နော်ပေါလော်အဲ(မြန်မာ)က လည်းကောင်း၊ အမျိုးသား ၆၄ ကီလို အတိုက်ပြိုင်ပွဲတွင် ထွန်းထွန်းအေး(မြန်မာ)ကလည်းကောင်း အသီးသီးဆွတ်ခူးခဲ့ကြသည်။

ဗိုဗီနမ်ပွဲစဉ်များကို အောက်တိုဘာ ၂၄ ရက် နံနက် ၉ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ဆက်လက်ကျင်းပမည်ဖြစ်သည်။



ရွှေတံဆိပ်ရရှိသည့် အမျိုးသမီး၊ အမျိုးသားအတွဲ (ခုခံကာကွယ်မှု) စွမ်းရည်ပြပြိုင်ပွဲတွင် ဆုလဲ့ဖြိုး၊ ခိုင်ဇင်ဝင်း(မြန်မာ)အတွဲ ယှဉ်ပြိုင်စဉ်။






mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS
မြန်မာ့အလင်း

ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ ကြော်ငြာကဏ္ဍ


## သာသနာရောင်ဝါထွန်းစေဖို့ သမ္မတ ကထိန်သင်္ကန်းများ ဝယ်ယူလှူဒါန်းကြပါစို့ ....


## ယခင် အလက (၁)၊ ယခု အထက (၅) မင်္ဂလာဒုံ (၁၉၆၇-၂၀၁၄) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားခြင်း

ပဥ္စမအကြိမ် မြတ်ဆရာပူဇော်ပွဲ၊ ယခင် အလက (၁)၊ ယခု အထက (၅) မင်္ဂလာဒုံ၊ ကျောင်းသား/ကျောင်းသူဟောင်းများမှ အသက်(၆၀)အထက် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား ပဥ္စမအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ၁၆-၁၁-၂၀၁၄ရက် (တနင်္ဂနွေနေ့) အမျိုးသားနေ့ နံနက် ၉နာရီတွင် ကျင်းပမည်ဖြစ် သဖြင့် ၁၉၆၇ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ ယခင် အလက (၁)၊ ယခု အထက (၅)မင်္ဂလာဒုံတွင် အနည်းဆုံး (၃)နှစ် တာဝန်ထမ်းဆောင်ခဲ့ကြသော အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား/ကျောင်းသူဟောင်းများမှ အမြန်ဆက်သွယ်အကြောင်းကြားပါရန်နှင့် အလှူငွေများ ထည့်ဝင်လိုပါက အောက်ပါတယ်လီဖုန်းများသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်-

| | |
|---|---|
| (၁) ဦးဇော်လင်း | ဖုန်း-၀၉-၅၁၅၅၂၈၁ |
| (၂) မသင်းသင်းခိုင် | ဖုန်း-၀၉-၇၃၀၉၁၅၇၁ |
| (၃) ဒေါ်မြင့်မြင့်ခိုင် | ဖုန်း-၀၉-၇၃၁၇၈၁၅၇ |
| (၄) ကိုကျော်စည်းစိမ် | ဖုန်း-၀၁-၆၃၆၇၀၉ |
| (၅) ကိုလှဝင်းနိုင် | ဖုန်း-၀၉-၄၃၁၇၇၄၅၈ |
| (၆) ကိုလှမင်းဟိန်း | ဖုန်း-၀၉-၃၁၀၉၇၈၃၆ |
| (၇) ကိုကောင်းထက်ကျော် | ဖုန်း-၀၉-၄၂၁၀၇၀၈၇၅ |
| (၈) ဒေါ်နုနုဆွေ | ဖုန်း-၀၉-၇၃၁၇၈၂၁၄ |
| (၉) ဒေါ်စန်းစန်းတင့် | ဖုန်း-၀၉-၅၁၉၈၄၄၈ |
| (၁၀) မသိန်းသိန်းအေး | ဖုန်း-၀၉-၄၂၀၀၄၃၆၈၇ |
| (၁၁) ကိုအာကာရဲမင်း | ဖုန်း-၀၉-၃၁၀၇၈၃၅၅ |

**အမည်ပြောင်း**

ဦးတင့်ဇော်၏သမီး အလက(၂) သဃ်န်းကျွန်း သူငယ်တန်း(A)မှ မအိပွင့်ဖြူအား မမေသရဇီကျော်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မမေသရဇီကျော်


စကြာမင်း အရိုးကျီးပေါင်းရောဂါ သောက်ဆေး

စကြာမင်း အရိုးကျီးပေါင်းရောဂါ လိမ်းဆေး

စကြာမင်း အရိုးကျီးပေါင်းရောဂါ စည်းဆေး(အုံဆေး)

ဆရာမြင့်၏ စကြာမင်း အကြောအားဆေး

MCEA

မြန်မာနိုင်ငံဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်း

လုပ်ငန်းခွင်လက်တွေ့အသုံးချမြေတိုင်းသင်တန်း (၈ / ၂၀၁၄)

(Applied Construction Survey)

Total Station, Digital Theodolite, Auto Level, DGPS (RTK)

(Surveying) (Instrumentation) (Instrument Operation) Computer Data Download Auto CAD Software Design Plan Coordinate Layout






## ကိုကျော်စိုး
## မြေကြီး အပိုရှိသည်

ရန်ကုန်မြို့တွင်း မြေကြီးကျင်း(၁)သိန်းအပိုရှိသည်။
စက်ရုံ၊ မြေကွက်မြေကြီးလိုအပ်သူများ ဆက်သွယ်နိုင်ပါသည်။
ဖုန်း-၀၉-၄၂၀၀၁၀၈၈၈၊ ၀၉-၃၀၂၆၇၇၇၇၊
၃၀၂၇၉၉၉၉၊ ၀၉-၈၇၄၁၈၈၆
မြေကြီးသယ်ရန် ကားများငှားလိုသည်။
ကားများငှားရန်ရှိလျှင် ဆက်သွယ်ပါ။


LEUCODERMA


## အများသိစေရန်

ကျွန်ုပ်တို့၏အမှုသည် ဦးမောင်စိန် ၁၃/တကန(နိုင်)၁၂၅၉၉၀ (Noble Land Group) မန်နေဂျင်းဒါရိုက်တာ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကျေးရွာအုပ်စု၊ ၃၃၉/၃၁၀၊ ကြာအင်းကျေးရွာ၊ ကွင်းအမှတ် ၂၄၊ ခြံအမှတ် (၉)တွင် မြေဧက ၁၀၀၊ ခြံကွက်အမှတ် ၁၀တွင် မြေဧက ၅၀၊ ခြံကွက်အမှတ် ၁၅တွင် မြေဧက ၅၀၊ ခြံကွက်အမှတ် ၃၂ တွင် မြေဧက ၅၀၊ ခြံကွက်အမှတ် ၃၃တွင် မြေဧက ၅၀စုစုပေါင်းမြေဧက ၃၀၀ ကို ကျွန်တော်များ (Noble Land Group) သို့ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (ငါးဆူတောင်ဧက- ၉၀၀၀ ကြီးကြပ်ရေးအဖွဲ့) က တရားဝင်လုပ်ကိုင်ခွင့်ပြုမိန့်စာအမှတ် ၂၃၈/၃-၂/တယက၏ (၂၅-၆-၁၉၉၉) ရက်စွဲဖြင့် ခွင့်ပြုခဲ့ပြီး ကျသင့်ငွေများပေးခဲ့ပြီးနောက် (၁၉၉၂-ခုနှစ်မှ ၂၀၂၂ခုနှစ်)အထိ နှစ်ပေါင်း ၃၀နှစ်ရှည်ပင်နှင့်ရာသီ သီးနှံပင်များစိုက်ပျိုးရန် လုပ်ကိုင်ခွင့်ရရှိပြီးနောက် (၁၉၉၉)ခုနှစ်မှစ၍ ကျပ်သိန်းပေါင်း ၁၀၀၀ ကျော် ရင်းနှီးမြှုပ်နှံကာ စီမံကိန်းဝင်း နှစ်ရှည်ပင်များနှင့် ရာသီသီးနှံပင်များ စိုက်ပျိုးထားခဲ့ပါသည်။

ကျွန်ုပ်တို့၏ အမှုသည် ဦးမောင်စိန် (Noble Land Group)၏ သဘောတူခွင့် ပြုမိန့်တစ်စုံတစ်ရာမှရရှိခြင်းမရှိဘဲ ဦးမောင်စိန် (Noble Land Group) ပိုင်မြေများအား မြေကွက်များ ခွဲစိတ်၍ အခြားသူများအား လုပ်ပိုင်ခွင့်ထပ်မံချထားခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းတို့အား မပြုလုပ်ပါရန်နှင့်ပြုလုပ်ပါက ပြုလုပ်သူ၏ တာဝန်သာဖြစ်ကြောင်း အများသိစေအပ်ပါသည်။

**ဦးမောင်စိန် (Noble Land Group) မန်နေဂျင်းဒါရိုက်တာ၏**

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **(ဦးအောင်အောင်ထွန်း)** | **(ဒေါ်အေးသီရိဝင်း)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ် ၇၃(မြေညီထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊**

**ရန်ကုန်တိုင်းဒေသကြီး**

**ဖုန်း-၀၉-၅၁၄၈၆၄၄၊ ၀၉-၃၀၀၀၆၂၉၄၊ ၀၉-၂၅၄၇၄၄၇၁၁**

## သတိပေးတားမြစ်ခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ကွင်းအမှတ်(၄၅၇/ဘီ)၊ ဦးပိုင်အမှတ်(၁၉/၁)၊ (၁၉/၃)၊ (၂၂)၊ (၂၃/၃)၊ (၂၆/၁)ဘုရားငုပ်တိုကွင်း(ယခု လူနေရပ်ကွက်-၁၇)၊ စုစုပေါင်းဧရိယာ ၁၄ ဒသမ ၂၇ဧကရှိ ငါးကန်မြေများသည် မူလအမည်ပေါက် ဒေါ်အေးနွဲ့ဝင်းဆိုသူထံမှ ကျွန်ုပ်မိတ်ဆွေ ဦးဇော်မြင့် ၁၂/ဗဟန(နိုင်)၀၈၁၇၆၀က ၁၂-၇-၁၉၉၉ရက်တွင် ကတိစာချုပ်စာတမ်းဖြင့် လက်ရောက်လွှဲပြောင်းဝယ်ယူခဲ့ပြီး အမည်ပေါက် ဒေါ်အေးနွဲ့ဝင်းထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာကိုလည်း တရားဝင်ရယူကာ ဦးဇော်မြင့်က ငါးမွေးမြူရေးလိုင်စင်ကို လျှောက်ထား၍ ယနေ့ထိ တစ်ဆက်တည်း(၁၅)နှစ်ခန့်လုပ်ကိုင်လျက်ရှိပါသည်။(ယင်းနှင့် ပတ်သက်၍ ၁-၃-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ အချပ်ပို စာမျက်နှာ-၄၌ ထည့်သွင်းကြော်ငြာပြီးဖြစ်ပါသည်။)

၂။ သို့ရာတွင် ၁၂-၁၀-၂၀၁၄ရက်တွင် ဦးဇော်မြင့်မရှိခိုက် လူအချို့က အဆိုပါငါးကန်နေရာသို့ ဝင်ရောက်ကျူးကျော်နေထိုင်လျက်ရှိရာ ဖော်ပြပါအမှတ်ပြမြေဧရိယာများအတွင်းမှ ကျူးကျော်သူအားလုံး ယနေ့မှသုံးရက်အတွင်းဖယ်ရှားပေးရန်နှင့် လိုက်နာခြင်းမရှိက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်းနှင့် ဦးဇော်မြင့်၏လက်ရှိ ပိုင်ဆိုင်မှုကို ထိပါးစေသော မည်သည့်လျှောက်ထားမှုမျှ ပြုလုပ်ဆောင်ရွက်ခြင်းမပြုရန် သတိပေးတားမြစ်လိုက်ပါသည်။

**ဦးဇော်မြင့်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးအောင်မြတ်ထွန်း** | **ဒေါ်စန်းစန်းတင့်** |
| H.G.P,LL.B,D.A,D.O.S,B.D.S, | LL.B,WIPO(Switzerland) |
| WIPO(Switzerland) | **အထက်တန်းရှေ့နေ(စဉ်-၂၆၄၁၉/၀၇)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၇၆/၈၇)** | |

**ရုံး-တိုက်-၉/၁၁(ပထမထပ်)၊ အခန်း-၁၀၄(ဒီ)၊ ၃၆လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊**

**ရန်ကုန်မြို့**

**ဖုန်း-၀၉-၄၉၂၂၈၁၄၆၊ ၀၉-၂၅၀၂၈၄၇၂၂**

ကြော်ငြာကဏ္ဍ

# ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ သရက်တောကျောင်းတိုက်၊ ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်၌ စာချ/စာသင် သံဃာတော်အရှင်သူမြတ်များ သီတင်းသုံးရန်အတွက် ပေ (၇၀×၆၇) အကျယ်အဝန်းရှိ ကျောင်းဆောင်သစ်ဆောက်လုပ်နေပြီဖြစ်ပါ၍ ကျောင်းအလှူဒါန ပါဝင်လှူဒါန်းနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်။

| | | | |
|---|---|---|---|
| ၁။ | ပြတင်းတံခါးတစ်ပေါက် | ၁ | သိန်း |
| ၂။ | အခန်းတံခါး | ၂ | သိန်း |
| ၃။ | ရေချိုးခန်း | ၃ | သိန်း |
| ၄။ | ကုဋီတစ်ခန်း | ၅ | သိန်း |
| ၅။ | အဝင်တံခါးမကြီးတစ်စုံ | ၇ | သိန်း |
| ၆။ | သံကူကွန်ကရစ် လှေကားတစ်စုံ | ၉ | သိန်း |
| ၇။ | သံဃာနှစ်ပါးနေ တစ်ခန်း | ၁၀ | သိန်း |
| ၈။ | ရေတိုင်ကီတစ်လုံး | ၁၂ | သိန်း |
| ၉။ | ရေစက်တစ်လုံး | ၁၉ | သိန်း |
| ၁၀။ | သံဃာလေးပါးနေတစ်ခန်း | ၂၀ | သိန်း |
| ၁၁။ | မုခ်ဦး | ၃၀ | သိန်း |
| ၁၂။ | ဘုရားခန်း | ၅၀ | သိန်း |
| ၁၃။ | စာသင်ခန်းမဆောင် | ၁၀၀ | သိန်း |
| ၁၄။ | ဆွမ်းစားဆောင် | ၃၅၀ | သိန်း |
| ၁၅။ | ကျောင်းဆောင်တစ်ထပ် | ၁၀၀၀ | သိန်း |
| ၁၆။ | ကွန်ကရစ်တိုင်တစ်လုံး | ၃ | သိန်း |
| ၁၇။ | စာချဆရာတော်များနေ တစ်ခန်း | ၂၅ | သိန်း |

**အလှူရှင်များ ကမ္ပည်းထိုးပေးပါမည်။**

**ကျောင်းဆောင်သစ်ဆောက်လုပ်ရေးကော်မတီ**
**ဓမ္မာရုံကျောင်း ပရိယတ္တိစာသင်တိုက်**
**ဖုန်း-၀၁-၇၀၈၈၇၄၊ ၀၉-၈၆၃၀၅၁၆**

FAME Biogurt®
Probiotic supplement
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME Vegeplex®
Vegetable complex
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

# အမည်ပြောင်း

ဦးလှဖေမြင့်၏ သမီး မသဇင်မျိုးမြင့် ၁၂/ကမတ(နိုင်)၀၇၃၉၅၀ အား မယုနန္ဒာသွယ်ဟု ပြောင်းလဲခေါ်ပါရန်။

**မယုနန္ဒာသွယ်**

# ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၂၂ယ/၉၇၃၇၃ ယာဉ်လက်ဝယ်ရှိသူ ဦးဟန်ဇော်ထွန်း၇/တငန(နိုင်)၁၁၁၁၈၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး(တောင်ငူ)**

# ကန့်ကွက်ရန် ရှိ၊ မရှိ အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁)ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၂၈/၂၉၊ အခန်းအမှတ် ၀၃၁၊ ဒါဘာထပ်၊ ခေါင်းရင်းခန်း+ ခြေရင်းခန်း တိုက်ခန်း(၂)ခန်းကို ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးဇော်အောင်ဦး(ခ)ဦးကျော်အောင် ၁၂/ကတတ(နိုင်)၀၀၈၆၄၂ ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် စရန်ငွေတချို့ ပေးချေပြီးဖြစ်ပါ၍ အဆိုပါ တိုက်ခန်း(၂)ခန်းနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကုန်ဆုံးသည့်ရက်အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်သင်ဇာလှိုင်** (LL.B)
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၁၈၁)**
**အမှတ် ၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၂၁၀၁၃၅၂၆**

# ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်တော်၏မိတ်ဆွေဖြစ်သော ဒေါ်တင်တင်ဆွေ ၁၂/တမန(နိုင်)၀၀၅၁၈၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာခြင်း။

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ ကန်တော်လမ်း၊ အမှတ် ၅၄၂၊ ဒါဘာခေါင်းရင်းခြမ်းအခန်း၊ အကျယ်အဝန်း(၁၁½ ပေ× ၄၇ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားပိုင်ခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင် အကျိုးခံစားခွင့်ရှိသူ ဒေါ်ပပဝင်း ၁၂/သဃက(နိုင်)၀၃၇၉၅၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးဇော်မျိုးထက်**(LL.B)
**အထက်တန်းရှေ့နေ(စဉ်-၂၉၁၉၁)**
**အမှတ် ၉၀၊ လမ်း ၄၀၊ မြေညီထပ်၊ ကျောက်တံတားမြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၀၈၇၁၇၇၊ ၀၉-၃၁၂၆၄၀၅၀**

# ကန့်ကွက်ရန်ရှိ/မရှိ အများသိစေရန် ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် ၅၁၀၊ ကွင်းအမည် ညောင်တစ်ပင်ကွင်းပေါ်၊ ဦးပိုင်အမှတ် (၆၃/၆)ရှိ ဦးဝင်းသန်း ၁၂/မဘန(နိုင်)၁၀၇၃၁၀ အမည်ပေါက် လယ်ယာမြေနှင့်ဦးပိုင်အမှတ် (၆၃/၅)ရှိ ဦးငယ်လေး ၁၂/မဘန(နိုင်)၀၃၈၅၀၉ အမည်ပေါက် လယ်ယာမြေနှင့် ယင်းလယ်ယာမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ထားသူ ဝန်ခံကတိပြုချက်အရ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် တန်ဖိုးငွေတစ်စိတ်တစ်ဒေသပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ လယ်ယာမြေအရောင်းအဝယ်ပြုလုပ်ခြင်းအပေါ် ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာချုပ်စာတမ်း ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်ရက်အထိ လာရောက်ကန့်ကွက်ခြင်းမရှိပါက လယ်ယာမြေအရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အိအိမျိုး** (LL.B) **အထက်တန်းရှေ့နေ**
**စဉ်-၄၀၄၆၂**

# သမီးအဖြစ်မှအမွေပြတ် အပြီးအပိုင်စွန့်လွှတ်ခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၆)ရပ်ကွက်၊ (စ)လမ်း၊ အမှတ် ၁၁၆ နေ ကျွန်ုပ်မိတ်ဆွေ ဒေါ်အနဝါ ၁၂/လမန(နိုင်)၁၂၀၂၄၇၏ သမီးဖြစ်သူ မအိအိထွေး HLG-၀၃၉၆၁၃ သည် မိဘ၏ဆိုဆုံးမမှုကို မခံယူဘဲ မိဘ၏ဂုဏ်သိက္ခာညှိုးနွမ်းစေခြင်းတို့ကိုပြုလုပ်၍ မိမိသဘောအတိုင်း နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်အနဝါ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်သက်မွန်** (LL.B, L.L.M)
**အထက်တန်းရှေ့နေ**
**အမှတ် ၉/၁၁၊ အခန်း ၃၀၆၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၇၃၀၄၇၈၃၅**

အရွယ်ရောက်သူတိုင်းယာဉ်မောင်းတတ်ရမည်
ALL ADULTS MUST BE ABLE TO DRIVE
NEW ASIA
Air-con
Ph-661807,667635,0943198364,0943173150
Ph-09 73249136,09 43171697,09 43198381

MASTER

မြန်မာ့အလင်း

၂၀၁၄ခုနှစ်၊ အောက်တိုဘာ ၂၄ ရက်၊ သောကြာနေ့။

ONE TEA

လူမှုစီးပွား

**အကျိုးထူးသည့် မူးမြစ်ဝှမ်းက သဖန်းဆိပ်တမံ**

စာ - ၃



ခရီးသွား

**ဖိတ်ခေါ်ပါသည် ရောဝတီနွဲကြပျော်မည် ပုသိမ်တန်ဆောင်တိုင်ပွဲတော်ဆီ**

စာ - ၄



ပြည်တွင်းရေးရာ

**ပညာရေးလက်တွေ့ ဖွံ့ဖြိုးမှုလုပ်ငန်းများဆိုင်ရာ ညှိနှိုင်းဆွေးနွေး**

စာ - ၅




# ပြင်းထန်နေတဲ့ EL Clasico ရဲ့ ဆွဲဆောင်အား

စာ - ၇

## စောင့်ကြည့်မှုများကြားက ချယ်လ်ဆီးပုံပြင်

စာ - ၂



**စစ်ကိုင်းတိုင်းဒေသကြီး**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၏ ပထဝီအချက်အလက်များ၊ မြေမျက်နှာသွင်ပြင်နှင့် ရာသီဥတု၊ လူတို့နေထိုင်မှု စသည့် အချက်အလက်ပေါင်းများစွာတို့ကြောင့် ရှေးမြန်မာမင်းများလက်ထက်မှ စတင်၍ ဆည်မြောင်းများကို အုပ်စုဖွဲ့ကာ တည်ဆောက်ထားခြင်းများကို တွေ့ရှိရသည်။ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ရှိ ဧရာဝတီမြစ်အတွင်းသို့စီးဝင်သော မူးမြစ်ကို အခြေပြု၍ အုပ်စုဖွဲ့ကာ ထူထောင်ခဲ့သည့် ဆည်ရေသောက်စနစ်များသည် ထင်ရှားသည့် သာဓကများပင်ဖြစ်သည်။

လက်ဝဲဘက်တွင် ရွှေဘိုမြောင်းမတော်တို့ကို ၁၉၀၁ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၀၅ ခုနှစ်တွင် ပြီးစီးသဖြင့် ၁၉၀၆ ခုနှစ်တွင် စတင်ရေပေးဝေနိုင်ခဲ့သည်။ ရေဦးမြောင်းမတော်ကို ၁၉၁၁ ခုနှစ်တွင် စတင်ဖောက်လုပ်ခဲ့ရာ ၁၉၁၈ ခုနှစ်တွင်ပြီးစီး၍ ဆည်ရေစတင်ပေးဝေနိုင်ခဲ့သည်။ ဆည်ရေကို အမှီပြု၍ အဓိကစိုက်ပျိုးသည့်သီးနှံမှာ စပါးဖြစ်ပြီး ဝါ၊ နှမ်း၊ မြေပဲ၊ ဂျုံ၊ ကုလားပဲနှင့် ဟင်းသီးဟင်းရွက်တို့ကိုလည်း စိုက်ပျိုးကြသည်။ ရေလွှဲဆည်၏ အလျားမှာ ၇၁၇ ပေ၊ ရေတံခါးရွက် (shutter) များ၏အလျားမှာ အရာတော်မြို့နယ် ၉၀၄၂ ဧက အသီးသီးရှိရာ စုစုပေါင်း ၁၁၆၂၂၄ ဧက ရှိသည်။ ဆည်ရေသောက်စနစ် နှစ်ခုပေါင်း၏ ရေသောက်ဧရိယာမှာ ၃၃၂၃၂၆ ဧက ဖြစ်သည်။

**မူးမြစ်ဝှမ်းစီမံကိန်းဖြစ်ပေါ်လာပုံ**

မူးမြစ်သည် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဗန်းမောက်မြို့နယ် ရွှေကျောင်းကျေးရွာအနီးတွင် မြစ်ဖျားခံ၍ ဧရာဝတီမြစ်နှင့် အပြိုင် မြောက်မှတောင်သို့ စီးဆင်းပြီး မြင်းမူမြို့နယ်အနီးတွင် ဧရာဝတီမြစ်အတွင်းသို့ လက်ယာဘက်မှ စီးဝင်သော ဧရာဝတီမြစ်၏

**မူးမြစ်ပေါ်တွင် ရေလှောင်တမံတစ်ခုတည်ဆောက်ပြီး ရေကို လိုအပ်သလိုထိန်းချုပ်ထုတ်လွှတ်နိုင်ခြင်းဖြင့် ရေသောက်ဧရိယာပိုမိုးတိုးချဲ့နိုင်မည့်အပြင် နွေရာသီတွင်သီးထပ်ရေသွင်းစိုက်ပျိုးနိုင်ဖွယ်ရှိကြောင်း တွေ့ရှိရသဖြင့် မူးမြစ်ဝှမ်းစီမံကိန်းတစ်ရပ် ရေးဆွဲလေ့လာအကောင်အထည်ဖော်ရန် ဖြစ်ပေါ်လာခဲ့**

# အကျိုးထူးသည့် မူးမြစ်ဝှမ်းက သဖန်းဆိပ်တမံ



**မဟာနန္ဒာကန်**

မြန်မာသက္ကရာဇ် ၁၁၁၅ ခု၊ ခရစ်သက္ကရာဇ် ၁၇၅၃ ခုနှစ်တွင် တတိယမြန်မာနိုင်ငံတော်ကို တည်ထောင်ခဲ့သော အလောင်းမင်းတရားကြီး ဦးအောင်ဇေယျသည် ရတနာသိင်္ဃမြို့(ရွှေဘိုမြို့)ကို တည်ထောင်စဉ် မြို့နေလူထုသောက်သုံးရေဖူလုံစေရေး၊ စိုက်ပျိုးရေပေးဝေနိုင်ရေးနှင့် မြို့ပတ်လည်ရှိ ကျုံးများ ရေမပြတ်စေရေးတို့အတွက် မဟာနန္ဒာကန်တော်ကြီးကို တူးဖော်ခဲ့သည်။ မဟာနန္ဒာကန်တော်သို့ ရေမပြတ်စီးဝင်စေရန်အတွက် မူးမြစ်ကို မြေတူးမြို့နယ် မြင်းခွာတောင်အနီးတွင် ဆည်ဖို့ပြီး မူးတူးမြောင်းကို ဖောက်လုပ်ခဲ့သည်။ မြန်မာသက္ကရာဇ် ၁၁၂၀ ပြည့်နှစ်တွင် မူးတူးမြောင်းတစ်လျှောက်နှင့် ကန်တော်ရေကို အသုံးပြုကာ ရေသွင်းစိုက်ပျိုးခဲ့ကြသည်။ ကန်တော်ပေါင်အလျားမှာ ၂ ဒသမ ၂၃ မိုင်၊ ကန်ရေပြည့်အနက် ခြောက်ပေ၊ ကန်ရေ ပြည့်သိုလှောင်နိုင်သည့်ပမာဏမှာ ၁၀၉၅ ဧကပေ၊ ကန်ရေပြည့်ရေဝပ်ဧရိယာမှာ ဧက ၂၀၀ နှင့် ရွှေဘိုမြို့ ရေပေးဝေမှုမှာ တစ်နေ့လျှင် ဂါလန် သိန်း ၂၀ ဖြစ်သည်။

**ကာဘိုးရေလွှဲဆည်**

ကာဘိုးဆည်သည် မူးမြစ်ကိုဖြတ်၍ တည်ဆောက်ထားသော ရေလွှဲဆည်ဖြစ်သည်။ ကန့်ဘလူမြို့နယ် ကာဘိုးကျေးရွာအနီးတွင် တည်ရှိသည်။ ကာဘိုးဆည်ကို ဗဟိုပြု၍ ၄၅၅ ပေရှိပြီး ၅ ပေ၊ ၄ ပေ အရွယ်အစားရှိ ရေတံခါးရွက် ၉၁ ချပ်ရှိသည်။ (၄၀×၁၁) ပေ အရွယ်အစားရှိ ရွှေဘိုဘက်ခြမ်း မြစ်တွင်း ရေထိန်းတံခါး လေးချပ်၊ (၃၀×၁၂) ပေ အရွယ်အစားရှိ ရေဦးဘက်ခြမ်း ရေထိန်းတံခါး နှစ်ချပ်၊ (၁၉×၇ ဒသမ ၅)ပေ အရွယ်အစားရှိ ရွှေဘိုမြောင်းမတော်စိုက်ပျိုးရေပေးတံခါးငါးချပ်၊ လေးပေသုံးပေ အရွယ်အစားရှိ ရွှေဘိုမြောင်းမတော်သောက်သုံးရေပေးတံခါး နှစ်ချပ်နှင့် (၁၈ ဒသမ ၃၃ × ၅ ဒသမ ၈) ပေ အရွယ်အစားရှိ ရေဦးမြောင်းမတော်ရေပေးတံခါး သုံးချပ်အသီးသီးတို့ ရှိကြသည်။ ရွှေဘိုမြောင်းမတော်နှင့် ရေဦးမြောင်းမတော်တို့မှာ အလျား ၂၈ ဒသမ ၆ မိုင်နှင့် ၄၄ ဒသမ ၆ မိုင်၊ အောက်ခြေအကျယ်ပေ ၁၀၀ နှင့် ပေ ၉၀၊ ရေပြည့်အနက် ၈ ဒသမ ၇နှင့် ၇ ဒသမ ၂၊ လက်တံမြောင်း ၂၁ ခုနှင့် ၂၄ ခု၊ လက်တံခွဲမြောင်း ၇၆ ခုနှင့် အခု ၄၀၊ ရေပေးမြောင်းများ စုစုပေါင်းအရှည် ၄၀၉ မိုင် နှင့် ၂၆၀ ဒသမ ၂၂ မိုင် အသီးသီးတို့ရှိ ကြသည်။ ဆည်ရေသောက်ဧရိယာအနေဖြင့် ရွှေဘိုမြောင်းမတော်စနစ်တွင် ကန့်ဘလူမြို့နယ် ဧက ၇၀၀၊ ခင်ဦးမြို့နယ် ၂၉၄၈၉ ဧက၊ ရွှေဘိုမြို့နယ် ၇၇၅၉၂ ဧက၊ ဝက်လက်မြို့နယ် ၁၀၁၂၇၉ ဧကနှင့် စစ်ကိုင်းမြို့နယ် ၇၀၄၂ ဧက အသီးသီးရှိပြီး စုစုပေါင်း ၂၁၆၁၀၂ ဧကရှိသည်။ ရေဦးမြောင်းမတော်စနစ်တွင် ရေဦးမြို့နယ်၂၆၅၂၁ ဧက၊ ဒီပဲယင်းမြို့နယ် ၈၀၆၆၁ ဧကနှင့် ကြီးမားသော မြစ်လက်တက်တစ်စင်းဖြစ်သည်။ မြစ်အရှည်မှာ ၂၈၅ မိုင်ရှိသည်။ လက်ရှိကာဘိုးရေလွှဲဆည်စနစ်ဖြင့် ရေသွင်းစိုက်ပျိုးရာတွင် ပျမ်းမျှစီးဝင်ရေပမာဏ၏ ၃၀ ရာခိုင်နှုန်းခန့်ကိုသာ အသုံးပြုနိုင်လျက်ရှိပြီး မိုးရာသီ စပါးတစ်သီးကိုသာ ရေသွင်းစိုက်ပျိုးနိုင်သည်။ မူးမြစ်ပေါ်တွင် ရေလှောင်တမံတစ်ခုတည်ဆောက်ပြီး ရေကို လိုအပ်သလိုထိန်းချုပ်ထုတ်လွှတ်နိုင်ခြင်းဖြင့် ရေသောက်ဧရိယာ ပိုမိုးတိုးချဲ့နိုင်မည့်အပြင် နွေရာသီတွင် သီးထပ်ရေသွင်းစိုက်ပျိုးနိုင်ဖွယ်ရှိကြောင်းတွေ့ရှိရသဖြင့် မူးမြစ်ဝှမ်းစီမံကိန်းတစ်ရပ် ရေးဆွဲလေ့လာအကောင်အထည်ဖော်ရန် ဖြစ်ပေါ်လာခဲ့သည်။

၁၉၄၈ ခုနှစ် လွတ်လပ်ရေးရပြီးနောက် နိုင်ငံတော်အစိုးရသည် အမျိုးသားစီမံကိန်းဝန်ကြီးဌာနအား အမေရိကန်နိုင်ငံ နယူးယောက်မြို့ရှိ K.T.A အင်ဂျင်နီယာကုမ္ပဏီနှင့် ဆက်သွယ်ငှားရမ်းစေပြီး နိုင်ငံတော်၏ သယံဇာတများအပေါ် ဖြစ်မြောက်နိုင်သည့်လုပ်ကွက်များ ဖော်ထုတ်နိုင်ရန်အတွက် စူးစမ်းလေ့လာခြင်းအစီရင်ခံစာကို တင်ပြစေခဲ့ပါသည်။ K.T.A အင်ဂျင်နီယာကုမ္ပဏီသည် ၁၉၅၃ ခုနှစ် မေလမှစတင်၍ ကွင်းဆင်းလေ့လာမှုများဆောင်ရွက်ခဲ့ပြီး ၁၉၅၈ ခုနှစ်တွင် အစီရင်ခံစာကို တင်သွားခဲ့သည်။ အစီရင်ခံစာတွင် ရေသွင်း၍ သီးနှံစိုက်ပျိုးရန်၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်နှင့် ရေလွှမ်းမိုးမှုမှကာကွယ်ရန် စသည့်ရည်ရွယ်ချက်များကို အခြေခံ၍ မူးမြစ်ဝှမ်းစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အဆိုပြုခဲ့သည်။ ထို့အတူ ၁၉၅၈ခုနှစ်တွင် အမေရိကန်နိုင်ငံ နယူးယောက်မြို့မှ T.A.M.S အင်ဂျင်နီယာအဖွဲ့ရောက်ရှိလာပြီး အဆိုပြုနေရာကို လေ့လာခဲ့ကြသည်။ လယ်ယာစိုက်ပျိုးရေး အများဆုံးအကျိုးပြုနိုင်မှုနှင့် လျှပ်စစ်ဓာတ်အားအများဆုံး ထုတ်လုပ်နိုင်မှုတို့ကို အခြေခံ၍ ရွေးချယ်ခဲ့သည်။

မြန်မာနိုင်ငံတော်အစိုးရသည် ၁၉၆၁ ခုနှစ်တွင် ကုလသမဂ္ဂအထူးရန်ပုံငွေအဖွဲ့ သို့ မူးမြစ်ဝှမ်းစီမံကိန်းဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာကို ရေးဆွဲပေးရန် မေတ္တာရပ်ခံခဲ့ရာ ၁၉၆၂ ခုနှစ်တွင် သဘောတူညီချက်ရရှိခဲ့သည်။ ၁၉၆၅ ခုနှစ်တွင် အစီရင်ခံစာပြုစုနိုင်ရေးအတွက် အပြည်ပြည်ဆိုင်ရာတင်ဒါကို ခေါ်ယူခဲ့သည်။ အီတလီနိုင်ငံမှ အတိုင်ပင်ခံ အင်ဂျင်နီယာအဖွဲ့ဖြစ်သည့် အီတာကွန်ဆပ် (Ital Consult) ကို ရွေးချယ်ခဲ့သည်။ ၁၉၆၆ ခုနှစ် ဇွန် ၁၇ ရက်တွင် အီတာကွန်ဆပ်နှင့် စာချုပ်ချုပ်ဆိုခဲ့ပြီး ၁၉၆၆ ခုနှစ် အောက်တိုဘာလမှစတင်၍ သုံးနှစ်တာကာလအတွင်း မူးမြစ်ဝှမ်းစီမံကိန်းဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာပြုစုခြင်း၊ ရေလှောင်တမံနှင့် သက်ဆိုင်ရာ အဆောက်အအုံများ၏ အပြီးသတ်ဒီဇိုင်းပုံစံများရေးဆွဲခြင်းနှင့် စီမံကိန်းဒေသအတွင်း စိုက်ပျိုးရေးစမ်းသပ်ဥယျာဉ်တစ်ခု တည်ဆောက်ခြင်းတို့ကိုဆောင်ရွက်ရန် သဘောတူခဲ့ပါသည်။ အီတာကွန်ဆပ်အဖွဲ့သည် ၁၉၆၉ ခုနှစ် စက်တင်ဘာလအထိ ကွင်းဆင်းလေ့လာတိုင်းတာမှုများဆောင်ရွက်ခဲ့ပြီး ၁၉၇၀ပြည့်နှစ် မေလတွင်စီမံကိန်းဖြစ်မြောက်နိုင်စွမ်း အစီရင်ခံစာကိုတင်သွင်းခဲ့သည်။ အစီရင်ခံစာတွင် အဆိုပြုနေရာများအနက်မှ သဖန်းဆိပ်ရေလှောင်တမံ တည်ဆောက်မည့်နေရာကို အကောင်းဆုံးနေရာအဖြစ် ရွေးချယ်သတ်မှတ်ခဲ့သည်။

မြန်မာနိုင်ငံတော်အစိုးရနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့တို့က အစီရင်ခံစာကိုစိစစ်ပြီး သဘောတူမှတ်ချက်ပြုမှုအရ အီတာကွန်ဆပ်အဖွဲ့သည် ၁၉၇၃ ခု နှစ်ဦးတွင် ဖြစ်မြောက်နိုင်စွမ်းအစီရင်ခံစာကို ပြန်လည်ပြုပြင်ရေးဆွဲတင်ပြခဲ့သည်။ နိုင်ငံတော်ကမူးမြစ်ဝှမ်းစီမံကိန်းသည် လုပ်ငန်းပမာဏအရလည်းကောင်း၊ တည်ဆောက်မှုအချိန်ကာလနှင့် ကုန်ကျစရိတ်အရလည်းကောင်းများပြားခြင်းစသည့် အချက်များကြောင့် စီမံကိန်းတစ်ခုလုံးကို တစ်ပြိုင်တည်း အကောင်အထည်ဖော်မည့်အစား အဆင့်ဆင့်ခွဲ၍တည်ဆောက်ရန် စဉ်းစားခဲ့ပါသည်။ ၁၉၇၄ ခုနှစ်တွင် ကမ္ဘာ့ဘဏ်အဖွဲ့သည် စီမံကိန်းဒေသသို့ လာရောက် စစ်ဆေးဆွေးနွေးပြီး ခေတ္တရပ်ဆိုင်းရန် အကြံပြုခဲ့သည်။

*(ဆက်လက်ဖော်ပြပါမည်)*

ဘုန်းတင်လှိုင်

GOLDEN CITY
NATIONAL LANDMARK
EXCLUSIVELY YOURS

# AN UNPRECEDENTED MILESTONE *For Myanmar*

GOLDEN CITY, joins forces with REEBONZ
to be pioneers in the retail sector
The ***first in Myanmar*** to bring in luxury items, taking Yangon to new heights



**Hotline:**+95(0)1-8605111 +95(0)1-8605222
**Project Address:** Yankin Road, CMA Old Building, Yankin Township, Yangon Myanmar
**Website:** www.glredcl.com
**Developer:** Golden Land Real Estate Development Co., Ltd.

မြန်မာ့အလင်း
၂၄-၁၀-၂၀၁၄ (သောကြာနေ့)

# စိန်ခေါ်သူ ရူဘိုင်အိုအား ဒုတိယအချီ၌ပင် အနိုင်ယူကာ ချန်ပီယံခါးပတ်များကို ဂိုလော့ဗ်ကင် ကာကွယ်

အောင်က

WBA နှင့် IBO မစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်ပိုင်ရှင် ကာဇက်စတန်နိုင်ငံသား ဂန်နာဒီဂိုလော့ဗ်ကင်နှင့် စိန်ခေါ်သူ မက္ကဆီကိုနိုင်ငံသား မာကို အန်တိုနီယိုရူဘိုင်အိုတို့ ပြီးခဲ့သည့် အောက်တိုဘာ ၁၈ ရက်က အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် ထိုးသတ်ခဲ့ရာ ဂိုလော့ဗ်ကင်က အလဲထိုး အနိုင်ရရှိပြီး သူ၏ ချန်ပီယံခါးပတ်များကို ကာကွယ်နိုင်ခဲ့သည်။

အသက် ၃၂ နှစ်အရွယ်ရှိ ဂိုလော့ဗ်ကင်သည် ပြိုင်ဘက် ရူဘိုင်အို (၃၄နှစ်)ကို ဒုတိယအချီ၏ ၁မိနစ် ၁၉စက္ကန့်၌ပင် အလဲထိုးနိုင်ခဲ့ခြင်း ဖြစ်သည်။ ဂိုလော့ဗ်ကင်၏ ဘယ်လက်သီးချက်သည် ရူဘိုင်အို၏ နဖူးကို ထိမှန်ခဲ့ကာ ရူဘိုင်အိုလဲကျသွားခဲ့ရပြီး ဒိုင်လူကြီးက အမှတ်စဉ်ရေတွက်ကာ ဂိုလော့ဗ်ကင်ကို အနိုင်ပေးခဲ့ခြင်းဖြစ်သည်။

ဂိုလော့ဗ်ကင်သည် ပြီးခဲ့သည့် ၂၀၁၀ ပြည့်နှစ် ဩဂုတ် ၁၄ ရက်တွင် ကိုလံဘီယာနိုင်ငံသား မီလ်တန်နူနက်ဇ်ကို အလဲထိုးအနိုင်ယူကာ WBA မစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်ပိုင်ရှင်ဖြစ်လာခဲ့ပြီး ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် အမေရိကန်နိုင်ငံသား လာဂျူအန်ဆီမွန်အား အနိုင်ယူကာ IBO မစ်ဒယ်ဝိတ်တန်းခါးပတ်ရရှိခဲ့သူဖြစ်သည်။ ဂိုလော့ဗ်ကင်သည် ချန်ပီယံခါးပတ်ကာကွယ်ပွဲ အဖြစ် ၁၂ ပွဲ ထိုးသတ်ခဲ့သူဖြစ်သည်။

ဂိုလော့ဗ်ကင်သည် ပရော်ဖက်ရှင်နယ်လက်ဝှေ့သမား သက်တမ်းအတွင်း စုစုပေါင်း ၃၁ ပွဲ ထိုးသတ်ခဲ့ရာတွင် ပွဲတိုင်းအနိုင်ရခဲ့ကာ ၂၈ ပွဲ၌ အလဲထိုးနိုင်ခဲ့သူဖြစ်သည်။ ထို့အပြင် ဂိုလော့ဗ်ကင်သည် နောက်ဆုံးထိုးသတ်ခဲ့သည့် ၁၈ ပွဲဆက်တိုက် အလဲထိုးအနိုင်ရရှိခဲ့သူဖြစ်ကာ အလဲထိုးအနိုင်ရသည့်ပွဲ ရာခိုင်နှုန်း ၉၀ ရာခိုင်နှုန်းရှိပြီး မစ်ဒယ်ဝိတ်တန်းလက်ဝှေ့သမိုင်းကြောင်းတစ်လျှောက် အလဲထိုးအနိုင်ရရှိမှု ရာခိုင်နှုန်းအများဆုံး လက်ဝှေ့သမားအဖြစ်






စံချိန်တင်ထားသူဖြစ်သည်။ "ရူဘိုင်အိုက လက်ဝှေ့သမားကောင်း တစ်ဦးပါ။ သူ့ကို ကျွန်တော်လေးစားပါတယ်။ ရူဘိုင်အိုကို လဲကျသွားစေတဲ့ လက်သီးချက်ကို ခက်ခက်ခဲခဲ ထိုးခဲ့ရတာပါ"ဟု ဂိုလော့ဗ်ကင်က ပြောသွားသည်။

လာမည့် အောက်တိုဘာ ၂၅ ရက်တွင် မိုနာကို၌ ထိုးသတ်မည့် အီတလီနိုင်ငံသား ဒိုမီနီကိုစပါဒါ နှင့် အင်္ဂလန်နိုင်ငံသား မာတင်မာရေးတို့ပွဲမှ အနိုင်ရရှိသူသည် လာမည့် ၂၀၁၅ခုနှစ် ဖေဖော်ဝါရီလအတွင်း ဂိုလော့ဗ်ကင်နှင့် ထိုးသတ်ခွင့်ရရှိမည်ဖြစ်သည်။

> ဩဂုတ် ၁၄ ရက်တွင် ကိုလံဘီယာနိုင်ငံသား မီလ်တန်နူနက်ဇ်ကို အလဲထိုးအနိုင်ယူကာ WBA မစ်ဒယ်ဝိတ်တန်း ချန်ပီယံခါးပတ်ပိုင်ရှင်ဖြစ်လာခဲ့ပြီး ၂၀၁၁ ခုနှစ် ဒီဇင်ဘာ ၉ ရက်တွင် အမေရိကန်နိုင်ငံသား လာဂျူအန်ဆီမွန်အား အနိုင်ယူကာ IBO မစ်ဒယ်ဝိတ်တန်း ခါးပတ်ရရှိခဲ့သူဖြစ်။

## Kremlin Cup တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ချန်ပီယံဆုကို ဆီလစ်ဆွတ်ခူး

● ထက်အောင်

ပြီးခဲ့သည့် အောက်တိုဘာ ၁၃ ရက်မှ ၁၉ ရက်အထိ ရုရှားနိုင်ငံ မော်စကိုမြို့၌ ကျင်းပခဲ့သော ၂၀၁၄ ခုနှစ် Kremlin Cup တင်းနစ်ပြိုင်ပွဲ၏ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲတွင် ကမ္ဘာ့အဆင့် ၈ ခရိုအေးရှားနိုင်ငံသား မာရင်ဆီလစ်သည် စပိန်နိုင်ငံသား ရောဘတ်တို ဘက်စတူဘာဩဂုတ်ကို ၆-၄၊ ၆-၄ ဖြင့် အနိုင်ရ ဗိုလ်စွဲသွားခဲ့သည်။ အဆိုပါ ချန်ပီယံဆုသည် ၂၀၁၄ခုနှစ် တင်းနစ်ရာသီအတွင်း ဆီလစ်ရရှိသည့် စတုတ္ထမြောက် ချန်ပီယံဆုဖြစ်ပြီး သူ၏ ပရော်ဖက်ရှင်နယ် တင်းနစ်သက်တမ်းအတွင်း (၁၃)ကြိမ်မြောက် ရရှိသည့် ချန်ပီယံဆုဖြစ်သည်။

အသက် ၂၆ နှစ်အရွယ်ရှိ ဆီလစ်သည် Kremlin Cup တင်းနစ်ပြိုင်ပွဲ၏ အမျိုးသား တစ်ဦးချင်းပြိုင်ပွဲ၌ ၁၉၉၆ ခုနှစ်တွင် ခရိုအေးရှားနိုင်ငံသား ဂိုရန်အိုင်ဗာနီဆီဗစ် အနိုင်ရ ဗိုလ်စွဲခဲ့ပြီးနောက်ပိုင်း အဆိုပါပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ပြန်လည်ဗိုလ်စွဲနိုင်ခဲ့သည့် ခရိုအေးရှားတင်းနစ်သမား ဖြစ်လာခဲ့သည်။

Kremlin Cup တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ၌ နိုင်ခြေအဆင့် ၂ အဖြစ် သတ်မှတ်ခံခဲ့ရသူ ဆီလစ်သည် ၂၀၁၄ခုနှစ် အမေရိကန် အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲတွင်လည်း ဗိုလ်စွဲခဲ့သူဖြစ်ကာလာမည့် နိုဝင်ဘာ ၉ ရက်မှ ၁၆ ရက်အထိ လန်ဒန်တွင် ကျင်းပမည့် ၂၀၁၄ ခုနှစ် ATP World Tour Finals တင်းနစ်ပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ခွင့် ရရှိထားသူဖြစ်သည်။

၂၀၁၄ ခုနှစ် Kremlin Cup တင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်း တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲ၌ ရုရှားနိုင်ငံသူ ပက်လူချန်ကိုဗာက ရိုမေးနီးယားနိုင်ငံသူ အိုင်ရီနာကာမီလိုင်းဘီဂူအား ၆-၄၊ ၅-၇၊ ၆-၁ ဖြင့် အနိုင်ရ ဗိုလ်စွဲခဲ့သည်။

■ ခရိုအေးရှားနိုင်ငံသား ဂိုရန်အိုင်ဗာနီဆီဗစ် အနိုင်ရ ဗိုလ်စွဲခဲ့ပြီးနောက်ပိုင်း အဆိုပါပြိုင်ပွဲတွင် ပထမဆုံးအကြိမ် ပြန်လည်ဗိုလ်စွဲနိုင်ခဲ့သည့် ခရိုအေးရှား တင်းနစ်သမားဖြစ်လာ။

